# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျရောက်လေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက် | ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၀)၊ အမှတ် (၁၄၀)


# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ (၈) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မြို့နယ် (၈)မြို့နယ်၏ ဆန္ဒမဲပေးမှုများကို စစ်ဆေးခဲ့ပါသည်။ စစ်ဆေးတွေ့ရှိချက်များအရ ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၉၀၆၂၆ ဦး ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် (၁၈)နှစ် ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၇၀၃၅၄၆ ဦး ဖြစ်ပါသည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၁၀၈၃၃၃ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် (၃)ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၆၉၀၀ ဦး၊ (၂)ကြိမ် ပါဝင်သူများမှာ ၇၆၂၂ ဦး ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မြို့နယ်အလိုက် စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်သည်-


စာမျက်နှာ ၄ ကော်လံ ၁ ❑




တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

## ကော်မတီ ၅ ရပ် ဖွဲ့စည်းထားပြီး ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်သွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာနရုံးအမှတ် (၂၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။


စာမျက်နှာ ၃ ကော်လံ ၁ ❍


**တိမ်ညိုကင်းလို့ လမင်းသာချိန်**


ဆောင်းပါး စာ ၈


**ပြန်လာခဲ့ပါ လုပ်ငန်းခွင်ဆီ...**


ဆောင်းပါး စာ ၁၀


**၂၀၂၅ ခုနှစ်တွင် ဂျာဂွါကားများ အားလုံးကို လျှပ်စစ်ကားများအဖြစ် ရောင်းချသွားမည်**


နိုင်ငံတကာသတင်း စာ ၁၃





# တည်ငြိမ်အေးချမ်းရေး ဦးစားပေး

ရွေးကောက်ပွဲ မဲစာရင်းများ မှားယွင်းမှုကို အကြောင်းပြု၍ ဖြစ်ပေါ်လာခဲ့သည့် အရေးပေါ်ကာလတစ်ရပ်ကို ဖြတ်သန်းနေရချိန်သည် တစ်ဖက်တွင်လည်း ကိုဗစ်- ၁၉ ကပ်ရောဂါကူးစက်ပြန့်ပွားမှု တားဆီးထိန်းချုပ်နိုင်ရေးအတွက် ကာကွယ်ဆေး ထိုးနှံရေးလုပ်ငန်းများ ဆောင်ရွက်နေရချိန်၊ ကိုဗစ် - ၁၉ ကြောင့် နောက်ဆက်တွဲ ခံစားလာရသည့် စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့်ကဏ္ဍအသီးသီးတို့တွင် ထိခိုက်နစ်နာဆုံးရှုံးမှုများကို ကုစားမှု၊ ပြန်လည်တည်ဆောက်မှုတို့ ပြုလုပ် ကြိုးပမ်းနေရချိန်လည်း ဖြစ်သည်။

ပြည်တွင်း၌ ဖြစ်ပေါ်နေသည့် ဝန်ထမ်းများ၏ CDM လှုပ်ရှားမှုများ၊ လမ်းမများပေါ်မှ ဆူပူဆန္ဒပြမှုများ၊ တည်ငြိမ်အေးချမ်းစွာ ဆန္ဒပြသူများနှင့် ရောနှောပါဝင်နေသည့် အဖျက်အမှောင့် ပြုလုပ်လိုသူ အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုနှင့် ဥပဒေမဲ့လုပ်ရပ်များကြောင့် အဓိကထိခိုက်ခံစားကြရသူများမှာ ဝင်ငွေမမှန်၊ ဝင်ငွေနည်း အောက်ခြေပြည်သူများက အများစုဖြစ်သည်။ ဆင်းရဲသားပြည်သူအများစု အားကိုးအားထားပြုကြရသည့် ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးစောင့်ရှောက်မှုများ မရရှိတော့ခြင်းကြောင့် အရေးကြီး လူနာများ၊ အရေးပေါ်လူနာများ၊ မီးဖွားရမည့် ကိုယ်ဝန်ဆောင် မိခင်လောင်းများမှာ ဒုက္ခနှင့် ကြီးစွာရင်ဆိုင်ကြရသည်။ ငွေကြေးအဆင်ပြေသူများအဖို့ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် သွားရောက်ကုသနိုင်ကြသော်လည်း ငွေကြေးမတတ်နိုင်သူများမှာမူ ကံကိုသာ ယိုးမယ်ဖွဲ့ကြရတော့မည့်အခြေအနေ ဖြစ်သည်။

ကိုဗစ်-၁၉ ကြောင့် စီးပွားရေးယန္တရားကြီး တစ်ခုလုံး နှေးကွေးလေးလံကာ အောက်ခြေလူတန်းစားတို့ တစ်နေ့စာ တစ်နေ့ ရုန်းကန်နေကြရချိန်တွင် ဆူပူဆန္ဒပြမှုများနှင့် CDM လှုပ်ရှားမှုများကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်များက နွမ်းပါးသူတို့အပေါ် နူရာဝဲစွဲ လဲရာသူခိုးထောင်းသကဲ့သို့ ထပ်မံနှိပ်စက်အခက်ကြုံစေသည်။ လက်ရှိအခြေအနေများအရ ပြည်သူလူထု၏ စားဝတ်နေရေးနှင့် နေ့စဉ်ဘဝများ ပုံမှန်ပြန်လည်ရရှိရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းတည်ငြိမ်ရေးတို့သည် လတ်တလောလိုအပ်ချက်များပင် ဖြစ်သည်။ ယင်းအချက်များသည် ဆက်စပ်လျက်ရှိရာ တရားဥပဒေစိုးမိုးပြီး အေးချမ်းတည်ငြိမ်မှသာ ပြည်သူတို့၏ စားဝတ်နေရေးနှင့် နေစဉ်ဘဝများ ပုံမှန်ပြန်လည်ရရှိရေးတို့ကို ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံရေးတို့ကို ညင်သာစွာ ဆောင်ရွက်လျက်ရှိရာ ပြည်သူလူထုက ပူးပေါင်းဆောင်ရွက်သည်နှင့်အမျှ အရေးပေါ်ကာလပြီးဆုံးချိန်တွင် စည်းကမ်းပြည့်ဝပြီး အနှစ်သာရရှိသည့် ရွေးကောက်ပွဲကြီး ပြန်လည်ကျင်းပနိုင်မည်ဖြစ်သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံ့တာဝန်ကို ယူထားစဉ်ကာလအတွင်း ပါတီစုံဒီမိုကရေစီလမ်းကြောင်းမှာ ဆက်လက်တည်ရှိနေပြီး နိုင်ငံတော်၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံတကာဆက်ဆံရေးတို့နှင့် စပ်လျဉ်း၍ မူဝါဒများမှာလည်း မပြောင်းလဲဘဲ ရှိနေသည်။ နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုများ တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ဆောက်မှုများကို ပိုမိုလုပ်ကိုင်နိုင်ပြီး ပြည်သူတို့၏ အကျိုးစီးပွားကို ပိုမိုဆောင်ကြဉ်းနိုင်မည်ဖြစ်ပါကြောင်း။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူသို့အသိပေးချက်

နိုင်ငံတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့တာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင်မဝင်နိုင်အောင် နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုနေသူအချို့က နည်းအမျိုးမျိုးဖြင့် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်နေကြောင်းကို ကြားသိနေရပါသည်။ ဖိအားပေးခြိမ်းခြောက်သူများအနေဖြင့် ယင်းလုပ်ရပ်များသည် ဥပဒေနှင့် ဆန့်ကျင်သကဲ့သို့ မိမိ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးခြင်းဆိုင်ရာ မူသဘောတရားများနှင့်လည်း ဆန့်ကျင်နေပါသည်။ ဝန်ထမ်းမဟုတ်သူ ပြည်သူလူထုအချင်းချင်းကြားတွင်လည်း အလားတူပြုလုပ်မှုများ ရှိနေကြောင်းကိုလည်း ကြားသိရပါသည်။ မည်သူမဆို မိမိ၏အခွင့်အရေးများနှင့်လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြုရန်လိုအပ်ပါသည်။ ထို့အပြင် အများပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန်အတွက် ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်း လိုက်နာကျင့်သုံးရန်လိုအပ်ပါသည်။ သို့ပါ၍ ဖိအားပေးခြိမ်းခြောက်ခံရသူများ၏ အခွင့်အရေး ထိပါးနှောင့်ယှက်ခံရမှုများကို ဥပဒေကြောင်းအရ ကုစားပေးနိုင်ရေးနှင့် ထိပါးနှောင့်ယှက်သူများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေးအတွက် အောက်ပါ ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့်e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

# ပြည်သူသို့ မေတ္တာရပ်ခံချက်

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆ မတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီလူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုးအကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

# COVID–19 ကာကွယ်ဆေးကို အမြန်ဆုံးထိုးနှံနိုင်ဖို့ အစီအစဉ်သစ်များ ချမှတ်ဆောင်ရွက်လျက်ရှိ

ရဟန်းသံဃာတော်များပါမကျန် မြန်မာနိုင်ငံသားအားလုံး COVID–19 ကာကွယ်ဆေးကို အမြန်ဆုံးထိုးနှံနိုင်ပြီး ကျန်းမာကြံ့ခိုင်ကြစေဖို့ ကျွန်တော်တို့အနေနဲ့ အစီအစဉ်သစ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီအစီအစဉ်သစ်မှာ (တစ်) FDA က အသိအမှတ်ပြုပြီး အာမခံချက်နှင့် ထိရောက်မှုရှိတဲ့ ကာကွယ်ဆေးအမျိုးအစားသစ်များ ခွင့်ပြုခြင်းနဲ့ (နှစ်) ပုဂ္ဂလိကထိုးနှံလိုသူများ၊ တင်သွင်းလိုသူများကို ခွင့်ပြုခြင်းတို့ပဲဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ရုရှားနိုင်ငံထုတ် Sputnik V vaccine ဆေး၊ တရုတ်နိုင်ငံထုတ် SARS COVI Vaccine ဆေးနဲ့ အိန္ဒိယနိုင်ငံထုတ် COVAXIN Vaccine ဆေးတို့ကို ခွင့်ပြုသွားမှာ ဖြစ်ပါတယ်။ အဲဒီ ဆေးတွေဟာ ကမ္ဘာ့နိုင်ငံတွေမှာ လက်ရှိ လက်တွေ့အသုံးပြုနေတဲ့ ဆေးတွေ ဖြစ်ပါတယ်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က ၁၁–၂–၂၀၂၁ ရက်နေ့ နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

❍ ရှေ့ဖုံးမှ

**တက်ရောက်**

အစည်းအဝေးသို့ တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ အဖွဲ့ဝင်များဖြစ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကော်မတီ ၅ ရပ် ဖွဲ့စည်း**

အစည်းအဝေးတွင် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ ဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကော်မတီ ၅ ရပ် ဖွဲ့စည်းပေးထားပါကြောင်း၊ ယင်းတို့အနက် မိမိတို့ကော်မတီအနေဖြင့် ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းတာဝန်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၊ ကော်မတီ၏ မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် ရည်ရွယ်ချက်များကို ပြောင်းလဲမည် မဟုတ်ပါကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် လုပ်ငန်းတာဝန်များကို ဝိုင်းဝန်းပူးပေါင်းဆွေးနွေး၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ကော်မတီ၏ တွဲဖက်အတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖုန်းမြတ်က ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတာဝန်များဖြစ်သည့် ကျွမ်းကျင်သူများ ခန့်ထားခြင်း၊ ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များ ခန့်ထားခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများအကြား အုပ်ချုပ်မှု အဆင်ပြေချောမွေ့စေရန် ပေါင်းစပ်ညှိနှိုင်းပေးခြင်းကိစ္စများ အပါအဝင် အစည်းအဝေးများကျင်းပခြင်း ကိစ္စတို့နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ဆောင်ရွက်ပေးရသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

**ပြန်လည်ဆွေးနွေး**

ယင်းနောက် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကော်မတီ၏ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းဆွေးနွေးပြီး တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လတ်တလောဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများ၊ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လတ်တလောဆောင်ရွက်နေသည့် ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ကာကွယ်ဆေးထိုး လုပ်ငန်းများ၊ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။

**ညှိနှိုင်းဆောင်ရွက်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက လက်ရှိတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာလုပ်ငန်းခွင်အသီးသီးသို့ ပြန်လည်ဝင်ရောက်လာသည့် ဝန်ထမ်းများ အဆင်ပြေစေရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးစေလိုကြောင်း၊ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းတွင် ကာကွယ်ဆေး ထိုးနှံခြင်းသည် အဓိကအရေးပါသည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် ကာကွယ်ဆေးများထိုးနှံနိုင်ရေးကို မူလက စီစဉ်ထားသည့်အတိုင်း ဆောင်ရွက်နိုင်ရေး၊ ကာကွယ်ဆေးများကို စနစ်တကျ သိုလှောင်ထားရှိနိုင်ရေး၊ စနစ်တကျ ဖြန့်ဖြူးသွားနိုင်ရေး စသည်တို့ ကြပ်မတ်ဆောင်ရွက်သွားစေလိုကြောင်း၊ လက်ရှိတွင် ကိုဗစ်–၁၉ ရောဂါပိုး စစ်ဆေးမှုပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် အားနည်းလျက်ရှိရာ ပုံမှန်အတိုင်း စစ်ဆေးပေးနိုင်မှုများ ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေး/ကုသရေး ဦးစီးဌာနမှူးများနှင့် ညှိနှိုင်းဆောင်ရွက်သွားစေလိုပါကြောင်း။

**အမြန်ဆုံးဆောင်ရွက်**

ကိုဗစ်ရောဂါ ခေတ်ခွဲအတည်ပြုလူနာများကို အချိန်နှင့်တစ်ပြေးညီ ကုသမှုများပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်စေလိုပါကြောင်း၊ ကိုဗစ်ကာကွယ်ဆေးကို ပုဂ္ဂလိက ကဏ္ဍမှ ဝယ်ယူတင်သွင်းနိုင်ရေးအတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တင်သွင်းခွင့်အား လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ခွင့်ပြုနိုင်ရေး အမြန်ဆုံး ဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများက ဆွေးနွေးတင်ပြကြရာ



ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လတ်တလောဆောင်ရွက်နေသည့် ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများ၊ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးသည်။

**တက်ရောက်**

အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ထားဝယ်-ကမြောကင်း-မောင်းမကန်လမ်းပေါ်ရှိ ကမြောကင်းတံတား တည်ဆောက်ရေးစီမံကိန်း ပန္နက်တင်အခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်သူများသွားလာရေး လွယ်ကူအဆင်ပြေစေရန်နှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၄) က တာဝန်ယူတည်ဆောက်မည့် ကမြောကင်းတံတားသစ် ပန္နက်တင်အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့ ထားဝယ်ဘက်ကမ်း တံတားတည်ဆောက်ရေးစီမံကိန်း ဧရိယာအတွင်း၌ ကိုဗစ်-၁၉ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**လှူဖွယ်ပစ္စည်းများ ဆက်ကပ်**

ရှေးဦးစွာ ဆရာတော် သံဃာတော်များထံမှ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူပြီး ဆရာတော် သံဃာတော်များအား ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကမြောကင်းတံတားသစ် ပန္နက်တင်ရန် မင်္ဂလာအချိန်တွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်သည့် ဗိုလ်မှူးကြီးကျော်ဇေယျ၊ ရဲမှူးကြီး ခင်ကျော်၊ ဦးယဉ်ထွေး၊ အတွင်းရေးမှူး ဦးခင်မောင်ကျော်နှင့် မြို့မိမြို့ဖ ဦးအောင်ဝင်းတို့က သတ်မှတ်နေရာများတွင် ပန္နက်တင်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

**စက်ခလုတ်နှိပ် ရိုက်သွင်း**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးနှင့် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်တို့က ကမြောကင်း တံတားသစ်ပန္နက်ကို မင်္ဂလာအချိန်တွင် Vibro Hammer ဖြင့် စက်ခလုတ်နှိပ် ရိုက်သွင်းကာ (ဝဲပုံ)အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။






**တံတားအရှည် ပေ ၁၀၅၀**

ယနေ့ပန္နက်တင်သည့် ကမြောကင်းတံတားသည် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ် – ကမြောကင်း – မောင်းမကန်လမ်းပေါ်တွင် တည်ရှိပြီး အရှေ့ဘက်ကမ်းမှာ ထားဝယ်မြို့ဖြစ်ပြီး အနောက်ဘက်ကမ်းမှာ လောင်းလုံမြို့နယ်ဖြစ်သည်။ တံတားအမျိုးအစားမှာ အပေါ်ထည် R.C Girder, P.C Girder , Steel Arch Truss နှင့် R.C Decking Slab ဖြစ်ပြီး၊ တံတားတိုင်ကိုယ်ထည် R.C Concrete နှင့် အုတ်မြစ်ကို 1.2m Ø နှင့် 1.5 m Ø Bored Pile တို့ဖြင့် တည်ဆောက်ထားကာ စုစုပေါင်းတံတားအရှည် ပေ ၁၀၅၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ပေ ၊ လူသွားလမ်းတစ်ဖက်လျှင် ငါးပေစီပါရှိကာ တံတားအောက် ရေလမ်းကင်းလွတ် အကျယ် ၁၆၄ ပေ၊ အမြင့် ၁၆ ပေနှင့် တံတားခံနိုင်ဝန်မှာ AASHTOHS 25 ဖြစ်သည်။

ထားဝယ်မြစ်ကို ဖြတ်သန်းတည်ဆောက်ထားသော ယခင်တံတားဟောင်းသည် ၁၉၇၅ ခုနှစ်မှစ၍ အသုံးပြုခဲ့ကာ သက်တမ်းကြာမြင့်လာသည်နှင့်အမျှ ကြံ့ခိုင်မှုအားနည်းပြီး ယာဉ်ကြောပိတ်ဆို့မှုများလာသည့်အတွက် ယခုတံတားသစ်တစ်စင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၄) မှ တာဝန်ယူတည်ဆောက်ခြင်းဖြစ်ပြီး တံတားကြီး ပြီးစီးသွားပါက ဒေသခံပြည်သူများအပြင် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများသွားလာရေး လွယ်ကူအဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

## မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ဇမ္ဗူသီရိမြို့နယ် မဲရုံပေါင်း ၄၅ ရုံ | ၉၅၀၄၇ | ၆၇၄၀၉ | ၃၀၇၀ | ၆၀ | ၃၇၀၂ |
| ၂ | ဒက္ခိဏသီရိမြို့နယ် မဲရုံပေါင်း ၂၀ ရုံ | ၃၁၆၅၇ | ၁၉၁၄၇ | ၂၉၇၁ | ၉ | ၁၂၈၆ |
| ၃ | ဇေယျာသီရိမြို့နယ် မဲရုံပေါင်း ၇၄ ရုံ | ၈၂၂၁၄ | ၅၇၁၆၈ | ၄၇၂၅ | ၈၈ | ၂၃၃၈ |
| ၄ | ပုဗ္ဗသီရိမြို့နယ် မဲရုံပေါင်း ၇၉ ရုံ | ၉၈၀၇၇ | ၆၀၇၅၀ | ၇၇၂၇ | ၁၀၆ | ၄၁၆၈ |
| ၅ | ဥတ္တရသီရိမြို့နယ် မဲရုံပေါင်း ၄၉ ရုံ | ၅၈၆၄၉ | ၅၁၉၂၁ | ၇၅၃၉ | ၆၉ | ၂၁၃၆ |
| ၆ | တပ်ကုန်းမြို့နယ် မဲရုံပေါင်း ၁၃၄ ရုံ | ၁၈၀၈၃၈ | ၁၄၉၈၈၂ | ၂၁၂၃၆ | ၃၄၆၂ | ၂၆၄၁၄ |
| ၇ | လယ်ဝေးမြို့နယ် မဲရုံပေါင်း ၁၄၄ ရုံ | ၂၂၁၃၈၈ | ၁၇၇၅၁၀ | ၄၂၈၆၃ | ၁၉၈၈ | ၂၂၂၃၄ |
| ၈ | ပျဉ်းမနားမြို့နယ် မဲရုံပေါင်း ၁၀၁ ရုံ | ၁၃၈၃၅၆ | ၁၁၉၇၅၉ | ၁၈၂၀၂ | ၁၁၁၈ | ၁၃၉၄၄ |
| စုစုပေါင်း | | ၉၀၆၂၂၆ | ၇၀၃၅၄၆ | ၁၀၈၃၃၃ | ၆၉၀၀ | ၇၆၂၂၂ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ပင်လောင်းမြို့၊ လွိုင်လင်မြို့နှင့် မိုင်းယန်းမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် တီးတိန်မြို့၊ ရမ်ကလောင်းနှင့် ပြင်ဦးလွင်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

## ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ကွင်းဆင်းကြည့်ရှု

**ဘားအံ ဖေဖော်ဝါရီ ၁၆**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲပိုင်းက ဘားအံမြို့နယ် အိန္ဒုကျေးရွာအုပ်စု ကမော့ကပို မျိုးသန့်ခြံသို့ သွားရောက်၍ တောင်သူနည်းပညာပေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် အစ္စရေးစိုက်နည်းပညာဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ထားသော စိုက်ခင်းများကို သွားရောက်ကြည့်ရှုသည်။ **(အောက်ပုံ)**

ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် ကမော့ကပို မျိုးသန့်ခြံရှိ ပျိုးဥယျာဉ်တွင် ပျိုးပင်များ ပျိုးထောင်ထားရှိမှု အခြေအနေ၊ တောင်သူပညာပေး စင်တာနှင့် အစ္စရေးနည်းပညာအကူအညီဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ထားသော Green House ဖြင့် စိုက်ပျိုးထားသည့် သခွားမွေး၊ လီလီပန်းနှင့် Cherry tomato ခရမ်းချဉ်စိုက်ခင်းများကိုလည်းကောင်း၊ Demon-stration Farm ဟင်းသီးဟင်းရွက်စိုက်ခင်း လေးဧကအနေဖြင့် စိုက်ပျိုးထားသော ပြောင်းချိုစိုက်ခင်း၊ မာလကာနှင့် သံပရာစိုက်ခင်း၊ မျိုးစေ့ထုတ်အနေဖြင့် စိုက်ပျိုးမည့် ခရမ်းနှင့်ငရုတ်စိုက်ခင်း၊ ပိုးစာသုတေသနစိုက်ခင်းတို့ကို ကြည့်ရှုအားပေးရာ ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူး ဦးသန်းထိုက်နှင့် တာဝန်ရှိသူများက ကမော့ကပို မျိုးသန့်ခြံတွင် စိုက်ပျိုးထားသည့် သရုပ်ပြစိုက်ခင်းများနှင့် စိုက်နည်းပညာများ၊ တောင်သူပညာပေး လုပ်ငန်းဆောင်ရွက်နိုင်ရေး ပြင်ဆင်ထားမှုများကို ရှင်းလင်းပြောကြားရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်ပြောကြားသည်။

ကမော့ကပိုမျိုးသန့်ခြံတွင် အစ္စရေးနည်းပညာ Drip System ဖြင့် အပင်လိုအပ်သည့် ပမာဏကိုသာ ရေပေးသည့် စိုက်နည်းစနစ်ကို တောင်သူနည်းပညာပေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သရုပ်ပြစိုက်ပျိုးထားခြင်းဖြစ်ပြီး တောင်သူများ လက်တွေ့လိုက်နာစိုက်ပျိုးနိုင်ရန် နည်းပညာများ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဘားအံမြို့နယ် ကော့မူးတာကျေးရွာအုပ်စုရှိ ဆဒ္ဒန်ဂူဘုန်းကြီးကျောင်းသို့ သွားရောက်ပြီး ဆရာတော်ဘဒ္ဒန္တဓမ္မပီယအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဂေါပကအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ စိုက်ပျိုးမွေးမြူရေး၊ ဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာများ ကိစ္စရပ်များ ဆွေးနွေးခဲ့ရာ ဖြတ်လှိုင်းကျေးရွာလမ်းခွဲမှ ဒုံသို့ကျေးရွာအထိ ကျေးလက်ကွန်ကရစ် လမ်းခင်းပေးနိုင်ရေး ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၆၆ /၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

**ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာ ညွန့်ဖေ အား ပညာရေးဝန်ကြီးဌာနတွင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၆၇ / ၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

**ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(က) ဦးဝင်းရှိန်
( ခ) ဦးမြေးလှိုင်

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၆၈ / ၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

**ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(က) ဦးငွန်ဆန်းအောင် ဥက္ကဋ္ဌ
( ခ) ဦးဟန်ကျင့်ဇမ်း အဖွဲ့ဝင်

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများ၊ ပုဂ္ဂလိကဘဏ်မန်နေဂျာများ တွေ့ဆုံ

**လွိုင်ကော် ဖေဖော်ဝါရီ ၁၆**

ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများ၊ ပုဂ္ဂလိကဘဏ်မန်နေဂျာများတွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းက ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဦး (ခ) ဘူးရယ်က ပြည်နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများနှင့် ပုဂ္ဂလိကဘဏ်များအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများ၊ လိုအပ်ချက်များရှိပါက ဆွေးနွေးတင်ပြကြရန်ဖြစ်ကြောင်း၊ ဆွေးနွေးချက်များပေါ်မူတည်၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြဆောင်ရွက်ရမည့် ကိစ္စရပ်များရှိပါကလည်း အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျန်းမာရေးဝန်ထမ်းများ၊ ပုဂ္ဂလိကဘဏ်မန်နေဂျာတို့က လက်ရှိဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးလုပ်ငန်းများနှင့် ဘဏ်လုပ်ငန်းအခြေအနေများကို တင်ပြကြရာ ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကယားပြည်နယ် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်၊ လွိုင်ကော် ဒေသကွပ်ကဲရေးမှူးနှင့် တာဝန်ရှိသူတို့က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး လုံခြုံရေးအခက်အခဲများရှိပါက ကြိုတင်တင်ပြဆောင်ရွက်ပေးကြရန် ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ ကယားပြည်နယ် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် လွိုင်ကော် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပုဂ္ဂလိကဘဏ် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# ရန်ကုန်မြို့တော်ဝန် မြို့တော်စည်ပင် ဌာနဆိုင်ရာလုပ်ငန်းများ ပုံမှန်လည်ပတ်ရန်အတွက် ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန် ဦးညီညီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူး ဒေါက်တာတိုးအောင်တို့နှင့်အတူ ယနေ့နံနက်ပိုင်းက ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန (ပင်မဝင်း) သို့ သွားရောက်စစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် စက်ရုံနှင့် မော်တော်ယာဉ်ဌာန၊ ဌာနမှူး ဦးစံရွှေထွန်းက (ပင်မဝင်း) အတွင်းရှိ စက်ယန္တရားများ စနစ်တကျထားရှိမှု၊ ယာဉ်စုအလိုက် ကားများ စနစ်တကျထားရှိမှု၊ ပင်မဝင်းအတွင်း လုပ်ကိုင်နေသည့် ဌာနနှင့် ပတ်သက်သော လုပ်ငန်းများကို အသေးစိတ်ရှင်းလင်းတင်ပြပြီး ရန်ကုန်မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့က မော်တော်ယာဉ်မောင်းများကို အားပေးစကားပြောကြားကာ လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ယင်းဝင်းအတွင်းရှိ မီးဘေးကာကွယ်ရေး ရေလှောင်ကန်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ဒေါပုံမြို့နယ်ရှိ အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား) လုပ်ငန်းခွင်ကို သွားရောက်၍ (ယာပုံ) လမ်းတံတားဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် ကတ္တရာကွန်ကရစ်၊ ဘိလပ်မြေကွန်ကရစ်၊ စကြိုဘလောက်တုံးများ ထုတ်လုပ်ပေးနိုင်ရေးအတွက် ကတ္တရာကွန်ကရစ် ဖျော်စက်၊ ဘိလပ်မြေကွန်ကရစ်ဖျော်စက်၊ စကြိုဘလောက်တုံး ထုတ်လုပ်သည့် စက်များ ကြံ့ခိုင်ကောင်းမွန်ရေးအတွက် ကြပ်မတ်ညွှန်ကြား၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒဂုံမြို့နယ်၊ ဦးဥတ္တမ (ကန်တော်မင်) ပန်းခြံရှိ ပန်းဥယျာဉ်နှင့် အားကစားကွင်းများ ဌာနရုံးချုပ်တွင် ဌာနမှူး ဦးကိုကိုလင်းက ဌာန၏ လက်ရှိလုပ်ဆောင်နေသော ပန်းဥယျာဉ်ဆိုင်ရာ လုပ်ငန်းများနှင့် ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းများကို အသေးစိတ် ရှင်းလင်းတင်ပြရာ မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့က မြို့တော်စိမ်းလန်းစိုပြည်ရေးအတွက် မြေယာရှုခင်းလုပ်ငန်းများကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်စေရန်နှင့် သတ်မှတ်ထားသည့် စည်းကမ်းများအတိုင်း ဆက်လက်လုပ်ဆောင်စေရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# သူငယ်ချင်းသို့ . . .

**မောင်နိုင်**

> **“မင်းတို့နေတဲ့ရပ်ကွက်ကို မီးလင်းအောင် မီးခလုတ်ဖွင့်ပေးမယ့်ဝန်ထမ်းက ရုံးမတက်ရင် မီးမှောင်နေမှာက ဘယ်သူတွေလဲ။ မီးအလင်းရောင်မရှိရင် နေ့စဉ်လူမှုဘဝမှာ ဘယ်လောက်ထိ အဆင်မပြေ ဖြစ်မလဲ။ အဲဒီဝန်ထမ်းက အစိုးရတာဝန်ကို ထမ်းဆောင်တာလား၊ မင်းတို့ရပ်ကွက်ရဲ့ မီးလင်းရေးတာဝန်ကို ထမ်းဆောင်တာလား။ ကျောင်းဆရာ ဆရာမဟာ ဘယ်သူ့ကို စာသင်တာလဲ။ အစိုးရကိုလား။ မင်းတို့ ညီငယ် ညီမငယ်တွေကိုလား။ ဆေးရုံက ဆရာဝန်က အစိုးရကို ဆေးကုတာလား။ ရပ်ရွာပြည်သူကို ဆေးကုတာလား။ ဒီလိုလေးတွေ မင်းတို့ စဉ်းစားကြည့်စမ်းပါ။ ဒီလိုပဲ နိုင်ငံ့ဝန်ထမ်းဆိုတာ ပြည်သူတွေအတွက် ဝန်ဆောင်မှုကို ကျရာနေရာကနေ ထမ်းရွက်နေကြရတာ။ မင်းတို့ တွေးသလို၊ လူမှုကွန်ရက်မှာ စည်းလွတ်ဝါးလွတ် ပြောဆိုစည်းရုံးနေကြသလို CDM လုပ်တာ ဘယ်သူတွေကို အရင်ဆုံး ထိခိုက်စေမလဲ” လို့ ငါ့စကားအပြီးမှာ စကားဝိုင်းက ခဏငြိမ်သက်သွားတယ်ကွာ**

**သူငယ်ချင်း အောင်အောင် . . .**

ဒီအချိန်မှာ မင်းလည်း အလုပ်တာဝန်တွေများနေမယ်ဆိုတာ ငါသိနေတယ်။ မင်းတို့အလုပ်မှာ Civil Disobedience Movement – CDM လုပ်ကြတယ်ဆိုတဲ့ သတင်းကို လူမှုကွန်ရက်မှာ ဖတ်လိုက်ရတယ်။ ဖတ်မိလိုက်တဲ့နေ့မှာ အဲဒီသတင်းကို မယုံခဲ့ဘူး။ ဒီသတင်းက မင်းတို့အလုပ်ကို သက်သက် အများအထင်အမြင်သေးအောင်လုပ်တာပါပဲဆိုပြီး ပေါ့ပေါ့ပဲ ထားမိလိုက်တယ်။

နောက်ရက်ကျတော့ ပုဂ္ဂလိကမီဒီယာမှာ သတင်းပါလာတာ တွေ့ရတယ်။ မရှေးမနှောင်းမှာပဲ မင်းတို့ရဲ့ ရန်ကုန်ရုံးခွဲအဖွဲ့တွေကပါ CDM မှာ ပါဝင်နေကြသလို လမ်းလျှောက်ဆန္ဒပြကြတာတွေလည်း လူမှုကွန်ရက်စာမျက်နှာ အတော်များများမှာ တွေ့လိုက်ရတယ်။ ပြင်ပမီဒီယာတွေနဲ့မင်းတို့ ရန်ကုန်ရုံးအဖွဲ့က ကြိုတင်ပြီး ချိတ်ဆက်ထားသလားတောင် ထင်ရတယ်။ ဘာကြောင့်လဲဆိုတော့ အစအဆုံးကို ပုံတွေကြည့်လိုက်ရလို့ပဲ။

CDM လုပ်တာက မင်းတို့ရုံးချည်းပဲတော့ မဟုတ်ပါဘူး။ ငါ့နယ်ရုံးမှာလည်း တစ်ယောက်စ၊ နှစ်ယောက်စတော့ ရှိတယ်ကွ။ ခု CDM လုပ်ကြတဲ့ ဝန်ထမ်းတွေကို ကြည့်လိုက်ရင် မင်းလည်း သတိထားမိမှာပါ။ အများစုက လူငယ်တွေ။ အသက်အားဖြင့် ၂၅ ဝန်းကျင်ပေါ့ကွာ။ အသက်ကြီးတာတွေလည်း မပါဘဲ ဘယ်နေလိမ့်မလဲ။

ငါတို့နိုင်ငံရဲ့ ဒီမိုကရေစီစနစ်လမ်းကြောင်း ၁၀ နှစ်လောက်မှာ ငါလည်းပါတယ်၊ မင်းလည်းပါတယ် လူတိုင်းလိုလိုပေါ့ကွာ။ လူ့အခွင့်အရေးတို့၊ လွတ်လပ်စွာ ပြောဆိုခွင့်တို့ ရသမျှအခွင့်အရေးကို ဒီမိုကရေစီစံနှုန်းနဲ့ အပြည့်ကို လိုချင်ခဲ့ကြတာ။ ဒါပေမယ့် ငါတို့က ကိုယ်တိုင်လိုက်နာရမယ့် လူ့ကျင့်ဝတ်တွေကျ မသိချင်ယောင်ဆောင်ကြတာက ခပ်များများ မဟုတ်လား။

မနေ့ကတော့ ငါ့ရုံးက CDM လုပ်ကြတဲ့ ကလေးတွေနဲ့ လက်ဖက်ရည်ဆိုင်ထိုင်ရင်း သူတို့နဲ့ CDM ထဲ ပါရတဲ့အကြောင်း ဆွေးနွေးဖြစ်ခဲ့တယ်။ မင်းလည်း သိရအောင် ငါပြောပြဦးမယ်။

ငါ့ရုံးက ကလေးတွေနဲ့က တရင်းတနှီးဆက်ဆံရေးရှိတော့ စကားပြောရာမှာ ပေါ့ပေါ့ပါးပါးရှိပြီး အဆင်ပြေတယ်။ စကားဝိုင်းထဲမှာ နှစ်ယောက်ပါတယ်။ ငါနဲ့ဆို သုံးယောက်ပေါ့ကွာ။

**CDM မှာ ပါသွားတဲ့ ပထမတစ်ယောက်ဆိုရင် ဒီကလေးက သူများတွေ CDM လုပ်ပြီး လေးရက်လောက်မှ ပါသွားတာ။ သူ့ရဲ့ CDM မှာ ပါဝင်ပုံကတော့ အများစကားနားယောင်တာတို့၊ ဘေးလူတွေက တိုက်တွန်းတာမျိုး မဟုတ်ဘဲ သူ့ချစ်သူကောင်မလေးက ရုံးမသွားနဲ့ သူဖေ့စ်ဘွတ်တင်တဲ့ ပို့စ်အတိုင်း လိုက်တင်ဆိုတာနဲ့ ရုံးလည်းမသွား၊ သူ့ရဲ့ ဖေ့စ်ဘွတ်စာမျက်နှာမှာလည်း Copy၊ Paste တွေချည်းပဲလုပ်နေတော့တာ။ ကိုယ့်ကိုယ်နဲ့ သူများ စိတ်ပေါ့ကွာ။**

ဒုတိယတစ်ယောက်ကတော့ သူ့သူငယ်ချင်းတွေကလည်း ရုံးမသွားဘူး။ သူလည်း ဒါကြောင့် ရုံးမတက်ဘူး။ **“ကျွန်တော်တို့ကို အလုပ်မလာလို့ ဖြုတ်လို့မရဘူး။ အလုပ်မလာတဲ့သူက အများကြီး။ ဘယ်လိုဖြုတ်မှာလဲ”** ဆိုပြီး လူမှုကွန်ရက်က မတိမကျမရေမရာတဲ့ သတင်းအချက်အလက်တွေနဲ့ ကိုယ့်လုပ်ရပ်အမှားကို အမှန်ထင်ပြီး ရှေ့တိုးရင်းတိုးရင်း အတော်လေးကို စည်းကျွံနေတဲ့သူ။

ငါလည်း သူတို့နှစ်ယောက်ကို စည်းရုံးသိမ်းသွင်းဖို့ထက် အတွေးအမြင်လေးတစ်ခု ရစေချင်ရုံနဲ့ ခုလို ဆိုင်ထိုင်ရင်း စကားပြောဖြစ်တာပါ။ ခေတ် လူငယ်ဆိုတာကလည်း သူတို့မှန်တယ်ထင်တာကို ဇွတ်လုပ်တတ်ပြီး စိတ်သဘောထားချင်း မတူရင် ဘာစကားပြောပြော နားထဲမဝင်ကြတာက အများသား မဟုတ်လား။

ဒါပေမယ့်လည်း ငါ့ဌာနက လူငယ်ခြေတက်တွေ၊ နောင်တစ်ချိန် ငါ့ဌာနကို ဦးစီးဦးဆောင်ကြရမယ့် ညီငယ်တွေဖြစ်နေတော့လည်း သောက်လက်စလက်ဖက်ရည်ကို အကုန်မေ့ပြီး သူတို့နှစ်ယောက်ကို လွယ်လွယ်နားလည်အောင် ဥပမာနဲ့ နှိုင်းပြ ပြောပြခဲ့တယ်။

**“မင်းတို့နေတဲ့ရပ်ကွက်ကို မီးလင်းအောင် မီးခလုတ်ဖွင့်ပေးမယ့် ဝန်ထမ်းက ရုံးမတက်ရင် မီးမှောင်နေမှာက ဘယ်သူတွေလဲ။ မီးအလင်းရောင်မရှိရင် နေ့စဉ်လူမှုဘဝမှာ ဘယ်လောက်ထိ အဆင်မပြေဖြစ်မလဲ။ အဲဒီဝန်ထမ်းက အစိုးရတာဝန်ကို ထမ်းဆောင်တာလား၊ မင်းတို့ရပ်ကွက်ရဲ့ မီးလင်းရေးတာဝန်ကို ထမ်းဆောင်တာလား။ ကျောင်းဆရာ ဆရာမဟာ ဘယ်သူ့ကို စာသင်တာလဲ။ အစိုးရကိုလား။ မင်းတို့ ညီငယ် ညီမငယ်တွေကိုလား။ ဆေးရုံက ဆရာဝန်က အစိုးရကို ဆေးကုတာလား။ ရပ်ရွာပြည်သူကို ဆေးကုတာလား။ ဒီလိုလေးတွေ မင်းတို့စဉ်းစားကြည့်စမ်းပါ။ ဒီလိုပဲ နိုင်ငံ့ဝန်ထမ်းဆိုတာ ပြည်သူတွေအတွက် ဝန်ဆောင်မှုကို ကျရာနေရာကနေ ထမ်းရွက်နေကြရတာ။ မင်းတို့ တွေးသလို၊ လူမှုကွန်ရက်မှာ စည်းလွတ်ဝါးလွတ် ပြောဆိုစည်းရုံးနေကြသလို CDM လုပ်တာ ဘယ်သူတွေကို အရင်ဆုံး ထိခိုက်စေမလဲ”** လို့ ငါ့စကားအပြီးမှာ စကားဝိုင်းက ခဏငြိမ်သက်သွားတယ်ကွာ။

ငါလည်း ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်ပြီး **“မင်းတို့ စိတ်ကြိုက်ဆုံးဖြတ်ပါကွာ။ ရုံးပြန်တက်ကြမှာမဟုတ်လား”**ဆိုတဲ့ ငါ့စကားတောင် မဆုံးလိုက်သေးဘူး။ ပထမတစ်ယောက်က ကျွန်တော့်ကောင်မလေးနဲ့ ဒီရက်ထဲ ညှိကြည့်ဦးမယ်လို့ ငါ့ကိုပြန်ပြောရင်း စကားဝိုင်းထဲက ထထွက်သွားတယ်။

ဒုတိယတစ်ယောက်ကတော့ **“ကျွန်တော်တို့က နိုင်ငံအတွက် လုပ်နေတာနော်။ ပါတီနိုင်ငံရေးလုပ်နေတာ မဟုတ်ဘူး။ လွယ်လွယ်နဲ့ အလုပ်ဖြုတ်လို့ရမလား။ ခုဆို ကျွန်တော်တို့ CDM သမားတွေအတွက် ထောက်ပံ့ဖို့ လုပ်နေတာပဲ။ ဘာမှ ကြောက်နေစရာမလိုပါဘူး”** ဆိုပြီး ငါ့ကို ပြန်ပြောလိုက်ဖုန်းငုံ့သုံးလိုက်နဲ့ပေါ့ကွာ။

ငါလည်း **“ဒီမယ် ညီလေး၊ ပါတီနိုင်ငံရေးပဲလုပ်လုပ်၊ အမျိုးသားနိုင်ငံရေးပဲလုပ်လုပ် နိုင်ငံ့အရေးဟာ နိုင်ငံရေးပါပဲ။ ဒါပေမယ့် နိုင်ငံရေးလုပ်ချင်ရင် ခုလို CDM လုပ်မှ၊ လမ်းထွက် ဆန္ဒပြမှ မဟုတ်ပါဘူးကွာ။ နိုင်ငံ့အတွက် အလုပ်ကြိုးစားတယ်၊ ပြည်သူတွေအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားရင် နိုင်ငံရေးပါပဲ။ ဒါကြောင့် ကိုယ့်ဘဝနစ်မွန်းထိပါးခံရမယ့် CDM မှာ ဆက်ပါဝင်မလား။ တာဝန်ကျေလို့ရတဲ့ လစာထက် လူအများရဲ့ ပေးစာကမ်းစာနဲ့ ဘဝကို မျောမလား။ စဉ်းစားပေါ့ကွာ”** ဆိုပြီး ပြောလိုက်တယ်။

လာမယ့် ရုံးဖွင့်ရက်တွေမှာ ငါ့ဌာနက ကလေးတွေ ရုံးပြန်တက်ကြလိမ့်မယ်ဆိုတာ ယုံကြည်နေတယ်။ သူတို့ကိုလည်း ဝန်ထမ်းစည်းကမ်းတွေနဲ့ အရေးယူရတာတွေ မလုပ်ချင်လို့ လက်ဖက်ရည်သောက်ရင်း နည်းနည်းပါးပါး ပြောပြရတာပေါ့ကွာ။ ခေတ်ပညာတတ်လူငယ်တွေဆိုတော့ ဘဝရှေ့ရေး တွေးမိကြမှာပါ။ လူဆိုတာ မှားတတ်ကြတဲ့သူတွေပဲလေ ။ မှားတာကို မှားမှန်းသိပြီး အမှန်ပြင်လာမယ့် လူငယ်တွေကို ငါတို့ကလည်း နွေးထွေးစွာ ကြိုဆိုဖို့ လက်ကမ်းထားရမှာပဲ မဟုတ်လား။

ပြောရင်းနဲ့ စာလည်းအတော်ရှည်သွားပြီ။ အားလုံးတည်ငြိမ်အေးဆေးသွားရင် မင်းရှိနေတဲ့ နေပြည်တော်ကို ငါ လာလည်ဦးမယ်။ ငါ့ရဲ့ နယ်မြို့လေးကိုလည်း လာလည်ဖို့ မင်းကို ဖိတ်တယ်ကွာ။ ။

သတိရခြင်းများနဲ့ . . .

မင်းရဲ့သူငယ်ချင်း မောင်နိုင်

> **“လာမယ့် ရုံးဖွင့်ရက်တွေမှာ ငါ့ဌာနက ကလေးတွေ ရုံးပြန်တက်ကြလိမ့်မယ်ဆိုတာ ယုံကြည်နေတယ်။ သူတို့ကိုလည်း ဝန်ထမ်းစည်းကမ်းတွေနဲ့ အရေးယူရတာတွေ မလုပ်ချင်လို့ လက်ဖက်ရည်သောက်ရင်း နည်းနည်းပါးပါး ပြောပြရတာပေါ့ကွာ။ ခေတ်ပညာတတ် လူငယ်တွေဆိုတော့ ဘဝရှေ့ရေး တွေးမိကြမှာပါ။ လူဆိုတာ မှားတတ်ကြတဲ့သူတွေပဲလေ။ မှားတာကို မှားမှန်းသိပြီး အမှန်ပြင်လာမယ့် လူငယ်တွေကို ငါတို့ကလည်း နွေးထွေးစွာ ကြိုဆိုဖို့ လက်ကမ်းထားရမှာပဲ မဟုတ်လား”**

---

## ပွင့်ဖြူမြို့ သမ္မာဆန္ဒ ကရုဏာရှင်များ နာမှုကူညီရေးအသင်းရုံးက အခမဲ့ဆေးခန်းဖွင့်လှစ်၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

ပွင့်ဖြူ ဖေဖော်ဝါရီ ၁၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့ သမ္မာဆန္ဒ ကရုဏာရှင်များ နာမှုကူညီရေးအသင်းရုံးမှ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် နာမကျန်း သက်ကြီးဘိုးဘွားများ အဆင်ပြေစွာ ဆေးဝါးကုသနိုင်ရေးအတွက် စေတနာ့ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ၏ ပံ့ပိုးကူညီမှုဖြင့် အခမဲ့ ဆေးခန်းဖွင့်လှစ်၍ ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

**ဆေးကုသပေး**

ထိုသို့ ဒေသခံပြည်သူများနှင့် သက်ကြီးဘိုးဘွားများ ကျန်းမာရေး ဆေးကုသမှုများ အခက်အခဲ မဖြစ်စေရန်နှင့် အဆင်ပြေစွာ ဆေးဝါးကုသနိုင်ရေးအတွက် အခမဲ့ဆေးခန်းအား နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်၍ လိုအပ်သော ကျန်းမာရေး ဆေးကုသမှုများ ဆောင်ရွက်ပေးနေကြောင်းသိရကာ စေတနာ့ဆရာဝန်ရှစ်ဦးနှင့် ကျန်းမာရေးဝန်ထမ်း ၁၆ ဦး တို့က ဆေးခန်းသို့ လာရောက်ပြသသော လူနာများအား မြို့နယ်သမ္မာဆန္ဒ ကရုဏာရှင်များ နာမှုကူညီရေး အသင်းရုံး၏ ဦးဆောင်မှုဖြင့် အခမဲ့ ဆေးဝါးကုသမှုများ ပြုလုပ်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ဆက်သွယ်လှူဒါန်းနိုင်**

မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် သက်ကြီးဘိုးဘွားများ ကျန်းမာရေး ဆေးကုသခြင်းများ အခက်အခဲ မဖြစ်စေရန်နှင့် အဆင်ပြေစွာ ဆေးဝါးကုသပေးနိုင်ရေးအတွက် ရပ်ဝေးရပ်နီးမှ စေတနာရှင်ပြည်သူများ အနေဖြင့် လိုအပ်သော ကျန်းမာရေး သုံးပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလိုပါက ပွင့်ဖြူမြို့ သမ္မာဆန္ဒကရုဏာရှင်များ နာမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးတင်ဝမ်း၊ ဖုန်း – ၀၉၇၅၂၂၆၄၆၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ပြန်/ဆက်)**

ခရမ်းလွန်ရောင်ခြည် အန္တရာယ် ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

# မြစ်ကြီးနားမြို့ရှိ ကျောင်းတိုက်များမှ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း၊ အောင်ဇေရန်အောင်တပ်ဦးကျောင်းနှင့် တောင်တန်းသာသနာပြုကျောင်းတိုက်များသို့ ဖေဖော်ဝါရီ ၁၅ ရက်နှင့် ယနေ့တို့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်၍ကျောင်းထိုင်ဆရာတော်များအား ဖူးမြော်သည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များက အဆိုပါ ကျောင်းတိုက်များရှိ ဆရာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ (ယာပုံ)



ထို့နောက် ကျောင်းတိုက်များရှိ သံဃာတော်များအား တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သာစည်မြို့နယ် ဟံဇာတိုက်နယ်ဆေးရုံသို့ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများ သွားရောက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ဟံဇာတိုက်နယ်ဆေးရုံ၌ ဆရာဝန်များနှင့် သူနာပြုများက ၎င်းတို့၏လုပ်ငန်းများ ပျက်ကွက်လျက်ရှိပြီး ဒေသခံပြည်သူများအနေဖြင့် ဆေးကုသမှုခံယူရန်အခက်အခဲများဖြစ်ပေါ်လျက်ရှိသဖြင့် ဆေးရုံတွင်အလုပ်ဆင်းပြီး တာဝန်ကျေပွန်စွာထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံလာခဲ့သည်။

အဆိုပါအကူအညီတောင်းခံလာမှုကြောင့် မိတ္ထီလာမြို့ တပ်မတော်ဆေးရုံမှ၊ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့်သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အား ချက်ချင်းစေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများအား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် သွားရောက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း စသည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် အမျိုးသား ၁၅ ဦးနှင့် အမျိုးသမီး ၂၀၊ စုစုပေါင်း ၃၅ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများ၊ လူနာစောင့်များနှင့် ကျန်းမာရေးဝန်ထမ်းများ အာဟာရပြည့်ဝရန်နှင့် ကျန်းမာကြံ့ခိုင်စေရန် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ဆက်လက်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာနများ၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများ၊ လူနာစောင့်များနှင့် ကျန်းမာရေးဝန်ထမ်းများ အာဟာရပြည့်ဝစေရန်နှင့် ကျန်းမာကြံ့ခိုင်စေရန်အတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် အာဟာရဖြည့်စွက်စာများကို တိုင်းစစ်ဌာနချုပ်များအလိုက် တပ်မတော်သားများက သွားရောက်ပေးအပ်လှူဒါန်းလျက်ရှိသည်။



ဘူးသီးတောင်မြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေသည့် ဒေသခံတစ်ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ လှူဒါန်းစဉ်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ ပြည်သူ့ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့များသို့ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အလှူငွေများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ညအပူချိန်များ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ညအပူချိန်များမှာ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်နှင့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၂ ဒီဂရီ စင်တီဂရိတ်လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

မိုး/ဇလ

# ကောင်းကျိုးပွားစည် ရုံးတက်မည်

❒ ပြည့်ဝန်တာ ရွက်ဆောင်ထမ်းသမို့
ပြည့်ဝန်ထမ်း ခေါ်တွင်သည်၊
သင်-သူ-ငါ ပေါင်းစုထား
စွမ်းအားဖြစ်တည်၊
ပြည့်အကျိုး ရှေးရှုရည်
ရုံးတက်သည် ဘယ်မပျက်၊
ကိုယ့်ဝန်တာ ကျေအောင်ထမ်း
ခြေလှမ်းတွေဆက်။

❒ စနစ်တွေ ခေတ်တွေနှောင်း
မပြောင်းခဲ့ တို့တစ်တွေ၊
ပြည်သူ့ဝန် ကိုယ်စားရွက်
နှစ်သက်ခဲ့ပေ၊
ဟောင်းသစ်နဲ့ ကြီးငယ်ထွေ
မိတ်ဆွေနှယ် ချစ်ခင်ကြ၊
မိသားစုအသွင်
သံယောဇဉ် ချည်နှောင်တင်း
ရင်းနှီးပိုလှ။

❒ ကိုယ့်အမြင် အယူအဆ
အမှန်ပဲ့ ထင်ကြသည်၊
ကြောင်းကျိုးယှဉ် ရှေ့နောက်နှိုင်း
ပိုင်းဆစ်စေရည်၊
အသိနဲ့ သတိကိုတည်
မြင်နိုင်မည် အမှန်တရား၊
ပညာကို ချွန်းနှယ်သုံးလို့
ပြုံးနိုင်စေသား။

❒ အလုပ်မှာ စေတနာထား
ကောင်းကျိုးများ ပွားစည်၊
ကုသိုလ်ယူ ဝမ်းလည်းဝ
မြတ်လှပေသည်၊
အနာဂတ် ကိုယ့်တိုင်းပြည်
ပါဝင်မည် အုတ်တစ်ချပ်၊
ပြုံးလှစ်အစဉ်
ရုံးချစ်ခင် မူမပြောင်းသမို့
ရုံးတက်သူ ဆွေအပေါင်းတို့မှာ
ကောင်းခြင်းတွေထပ်။

ရန်ငြိမ်းအောင်(ပုဗ္ဗသီရိ)

# နမ္မတူမြို့နယ်ရှိ ယာယီတိုက်ပွဲရှောင်ပြည်သူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

နမ္မတူ ဖေဖော်ဝါရီ ၁၆

အရှေ့မြောက်တိုင်း စစ်ဌာနချုပ်မှ နမ္မတူမြို့နယ်အတွင်း လာရောက်ခိုလှုံလျက်ရှိသော ယာယီတိုက်ပွဲရှောင်ပြည်သူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးခြင်းကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၁ နာရီခန့်က ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် နမ္မတူမြို့နယ်ရှိ ပုဗ္ဗာရုံဘုန်းတော် ကြီးကျောင်း၌ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် နမ္မတူမြို့နယ် နယ်မြေခံတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် တာဝန်ရှိသူများက နမ္မတူမြို့နယ် ပုဗ္ဗာရုံဘုန်းတော်ကြီးကျောင်းရှိ ယာယီတိုက်ပွဲရှောင်ပြည်သူ အိမ်ထောင်စု ၁၉ စု၊ လူဦးရေ ၅၅ ဦး၊ မန်စံ ကျေးရွာဘုန်းတော်ကြီးကျောင်းရှိ ယာယီတိုက်ပွဲရှောင်ပြည်သူအိမ်ထောင်စု ၆၄ စု၊ လူဦးရေ ၂၀၇ ဦး၊ စုစုပေါင်းတိုက်ပွဲရှောင်ပြည်သူ အိမ်ထောင်စု ၈၃ စု၊ လူဦးရေ ၂၆၂ ဦးတို့အတွက် အခြေခံစားသောက်ကုန် ဆန် ၁၀ အိတ်၊ ဆီပိဿာ ၃၀နှင့် ကြက်ဥ အလုံး ၅၀၀ ကို ထောက်ပံ့ပေးအပ်သည်။

လူမော် (ပြန်/ဆက်)

# တိမ်ညိုကင်းလို့ လမင်းသာချိန်

**မိုးမိုးမြင့်**

**"အပြောင်းအလဲတို့မည်သည် အချိန်ကာလကိုလိုက်၍ လှုပ်ရှားလည်ပတ်တတ်သည်မှာ ဓမ္မတာဖြစ်သည်။ အသွင်သဏ္ဍာန်အားဖြင့် ပြောင်းလဲမှုရှိတတ်သလို ချိန်ကိုက်နှုန်းဖြင့်လည်း ပြောင်းလဲတတ်ကြ၏။ အချို့သောအပြောင်းအလဲများက ပုံမှန်သဘာဝကျစွာ လိုက်နာပြောင်းလဲမှုရှိသလို အချို့ပြောင်းလဲမှုများမှာ မည်သည့်စည်းမျဉ်းဥပဒေနှင့်မျှ ထိန်းကွပ်၍ မရနိုင်တော့သည့် ကြမ်းတမ်းသည့် အသွင်သဏ္ဍာန်များဖြင့် ပြောင်းလဲမှုများ ဖြစ်ပေါ်နေတတ်သည်"**

**"တိမ်ညိုကင်းလို့
လမင်းသာပြီ
ကြယ်တွေလှတာ ကြည့်ရအောင်"**

သည်ကဗျာလေးဖတ်မိတော့ ကျွန်မရင်ထဲ လမင်းကြီးတစ်စင်း ထွန်းလင်းလာသလို ခံစားရသည်။ အမှန်ပင် မြူတိမ်တွေကင်းစင်ပြီး ကောင်းကင်တစ်ခုလုံး ကြည်လဲ့ဝင်းပကာ ကြယ်နက္ခတ် တာရာတွေ စုံလင်နေသလို ထင်မိ၏။ သည်လို ညခင်းမျိုး ကျွန်မ စောင့်မျှော်နေရတာ ကြာခဲ့ပါပြီ။

**အရွယ်ကစကားပြောလာခြင်း**

အသက်အရွယ်လေးရလာတော့ လူအချို့နှင့် စကားပြောဆိုရသည်မှာ အဆီအငေါ်သိပ်မတည့် လှပေ။ အထူးသဖြင့် ဖြောင့်မတ်တည်ကြည်မှုကင်းမဲ့ပြီး အမှန်တရားနှင့် ကင်းဝေးနေသူအချို့နှင့် ပြောဆိုဆက်ဆံရသည့်အခါတိုင်း စိတ်နှလုံး မသာမယာဖြစ်ရ၏။ သမိုင်းကို လိမ်ညာဖုံးကွယ်ကာ မိမိ ထင်ရာမြင်ရာ သိထားသည့်အရာများကိုသာ တရားသေစွဲကိုင်ပြီး မျက်စိမှိတ် ပြောဆိုနေကြသူများ ကျွန်မပတ်ဝန်းကျင် အသိုင်းအဝိုင်းတွင် များစွာ ရှိနေကြသည့်အတွက်လည်း စိတ်မကောင်း ဖြစ်ရသည်။

အယူအဆသဘောထား မတူညီသည်ကို နားလည်လက်ခံနိုင်သော်လည်း ထိုးဇာတ်ဆန်ဆန် သမိုင်းအမှားများကို ပြောဆိုလာသည့်အခါတိုင်း ကျွန်မနှင့်အဆင်မပြေ ဖြစ်ရသည်။ ယင်းသဘောထား မမှန်မှုများကြောင့်ပင် အချို့မိတ်ဆွေများကို ကျွန်မ လမ်းခွဲခဲ့ရ၏။ နောက်ပိုင်းတွင် အငြင်းပွားစရာ အကြောင်းအရာများကို ဥပေက္ခာပြုကာ ရှောင်ဖယ်တတ်လာသည်။ ရသမျှ အချိန်လေးများကို ကျွန်မသမီးလေး ရှေ့ရေးအတွက်သာ ဖြည့်ဆည်းရင်း အချိန်ကုန်စေတော့သည်။ တကယ်တော့ ကျွန်မသမီးလေး အနာဂတ်သည် ကျွန်မအနာဂတ်၊ ကျွန်မတို့နိုင်ငံ၏ အနာဂတ်ဖြစ်သည်။ အတိတ်က ဖြစ်စဉ်ဖြစ်ရပ်တွေအပေါ် အငြင်းပွားနေရုံဖြင့် ဘာမှအလုပ်မဖြစ်တော့ဟု နားလည်မိသည်။ အနာဂတ်ဘဝများ ဝေဝါးခဲ့ရသည့် ကျွန်မတို့ငယ်ဘဝများလို ကျွန်မ သမီးလေး အနာဂတ်ကို အဖြစ်ခံလို့မရပေ။

**"သေဆုံးပြီးသား မျိုးဆက်များ၏ အစဉ်အလာနှင့် စိတ်ဒဏ်ရာများမှာ သက်ရှိထင်ရှားရှိနေကြသူများ၏ ဦးနှောက်ပေါ်တွင် အိပ်မက်ဆိုးတစ်ခုပမာ ဖိစီးလျက်ရှိနေတတ်သည်"** ဆိုသည့် ကား(လ)မက္ခ(စ်)၏ အဆိုအမိန့်ထဲကလို ကျွန်မတို့ကို အိပ်မက်ဆိုးများ ဖိစီးနေခဲ့လေပြီ။

**အိပ်မက်ဆိုးများ**

ကျွန်မငယ်စဉ်က ဖေဖေ ကြုံတွေ့ခဲ့ရသည့် အရေးအခင်းကြီးများကို ပုံပြင်နားထောင်သလို နားထောင်ခဲ့ရသည်။ အစိုးရဝန်ထမ်းတစ်ဦးဖြစ်သည့် ဖေဖေက တစ်ခါတစ်ရံ လုပ်ငန်းခွင်က အဖြစ်အပျက်လေးများကို ရင်ဖွင့်တတ်သလို တစ်ခါတစ်ရံ သမိုင်းအဖြစ်အပျက်များနှင့် ယင်းဖြစ်ရပ်များမှာ ပါဝင်ခဲ့ကြသည့် ဇာတ်ကောင်ကြီးများကို စီကာပတ်ကုံး ပြောပြတတ်သည်။ မှတ်မှတ်ရရ ဆိုရလျှင် ၁၉၆၂ ခုနှစ် တပ်မတော်အာဏာရယူခဲ့မှုများနှင့် ဦးသန့်အရေးအခင်းများသည် ဖေဖေ့နှုတ်ဖျားတွင် ရေပန်းစားဆုံးဖြစ်သည်။

သမိုင်းဇာတ်စုံကို ထပ်ခါထပ်ခါ ပြောဖန်များလာတော့ ကျွန်မတို့လည်း နားရည်ဝကာ အလွတ်နီးပါး ရနေတော့၏။ တစ်ခါတလေ "ဖေဖေရယ်… ဒီအကြောင်းတွေက ထပ်နေပြီလေ"လို့ ပြောသည့်အခါ "ငါ့သမီး သိစေချင်လို့ပါ"ဟုသာ ပြောပြီး စကားကို အဆုံးသတ်ပေးသည်။

ဖေဖေတို့ မျိုးဆက်တွင် ဤအရေးအခင်းကြီးများကြောင့် စိတ်ဒဏ်ရာမည်မျှရရှိခဲ့သည်ကို မသိနိုင်ပေမယ့် သက်ရှိထင်ရှားရှိနေသည့် ကျွန်မအတွက်တော့ အမှန်ပင် အိမ်မက်ဆိုးအဖြစ် ကျန်ရှိနေခဲ့သည်။

အပြောင်းအလဲတို့မည်သည် အချိန်ကာလကိုလိုက်၍ လှုပ်ရှားလည်ပတ်တတ်သည်မှာ ဓမ္မတာဖြစ်သည်။ အသွင်သဏ္ဍာန်အားဖြင့် ပြောင်းလဲမှု ရှိတတ်သလို ချိန်ကိုက်နှုန်းဖြင့်လည်း ပြောင်းလဲတတ်ကြ၏။ အချို့သော အပြောင်းအလဲများက ပုံမှန်သဘာဝကျစွာ လိုက်နာပြောင်းလဲမှုရှိသလို အချို့ပြောင်းလဲမှုများမှာ မည်သည့်စည်းမျဉ်းဥပဒေနှင့်မျှ ထိန်းကွပ်၍ မရနိုင်တော့သည့် ကြမ်းတမ်းသည့် အသွင်သဏ္ဍာန်များဖြင့် ပြောင်းလဲမှုများ ဖြစ်ပေါ်နေတတ်သည်။

ဖေဖေကြုံတွေ့ခဲ့ရသည့် အရေးအခင်းကြီးမျိုး ကျွန်မကိုယ်တိုင် နဖူးတွေ့ဒူးတွေ့ ကြုံရလိမ့်မည်ဟု လုံးဝထင်မထားခဲ့ပေ။ ဖေဖေပြောပြခဲ့သည့် ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့ တပ်မတော် အာဏာယူခဲ့ချိန်မှ ၁၉၇၄ ခုနှစ် မတ်လ ၂ ရက်နေ့ (ပထမအကြိမ် ပြည်သူ့လွှတ်တော် စတင်ကျင်းပသောနေ့)အထိ အချိန် (အတိအကျဆိုရလျှင် ၁၂ နှစ်)ကာလမျိုး သံသရာတစ်ပတ်လည်လိမ့်မည်ဟု ကျွန်မ ဘယ်တုန်းကမှ မမျှော်လင့်ထားခဲ့ပါ။

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် ၁၉၇၄ ခုနှစ်မှစတင်၍ ၁၄နှစ် ၆ လကြာ တည်မြဲခဲ့သည့် ဒုတိယဖွဲ့စည်းပုံအခြေခံဥပဒေကြီး ချုပ်ငြိမ်းပြီး တပ်မတော်က နိုင်ငံ့တာဝန်ကို တစ်ပတ်ပြန်လည်တာဝန်ယူခဲ့ရသည့် ဖြစ်စဉ်ကြီးကိုတော့ ဖေဖေပြောပြစရာ မလိုတော့ဘဲ ကိုယ်တိုင် တွေ့မြင်ခံစားခဲ့ရသည်။

ကျွန်မတို့ မျိုးဆက်ဖြတ်သန်းခဲ့ရသည့် သမိုင်းအတွေ့အကြုံနှင့် ဖေဖေတို့မျိုးဆက် ကြုံတွေ့ခဲ့ရသည့်သမိုင်းဖြစ်ရပ်များကို နှိုင်းယှဉ်လေ့လာရင်း အိပ်မက်ဆိုးများပမာ ဖိစီးခဲ့ဖူးသည်။ ယင်း အိပ်မက်ဆိုးများကို ကျွန်မသမီးလေးတို့ မျိုးဆက်လက်ထက်တွင် လွတ်ကင်းစေချင်သည်။ သူတို့အနာဂတ်လှပသာယာစွာ ရှိနေစေချင်သည်။ နှစ်ပေါင်းများစွာ ဖြစ်ပေါ်နေသည့် နိုင်ငံရေးမိုးသက်မုန်တိုင်းများမှ ကင်းဝေးစေချင်သည်။ လက်ဝဲ၊ လက်ယာ၊ ဆိုရှယ်လစ်၊ ကွန်မြူနစ်၊ အရင်းရှင်စသည့် ဝါဒလေ့အထုံများမှ ကင်းလွတ်ပြီး တိုင်းပြည်ပကတိအခြေအနေကို နားလည်သိမြင်စေချင်သည်။ ၁၉၈၈ ခုနှစ်ကဲ့သို့ လှိုင်းလေပြင်းထန်သော မုန်တိုင်းတစ်ခု ကျရောက်ခဲ့သည့် ဖြစ်စဉ်မျိုး လုံးဝ မလိုလားပေ။ ဤမုန်တိုင်းကြောင့် ဘယ်မျှရိုက်ခတ်ခံရသည်ကို ကျွန်မတို့မျိုးဆက် အသိဆုံးပင်ဖြစ်သည်။

**ဖုံးကွယ်ထားသော အမှန်တရား**

ဝန်ထမ်းဘဝက အနားယူပြီးနောက်ပိုင်း သမီးလေးအတွက် အချိန်ပိုပေးနိုင်လာသည်။ သမီး၏ ပညာရေးခရီး ဆုံးခန်းတိုင်အောင် ပါရမီဖြည့်ဆည်းရင်း ကျွန်မ၏ ဘဝဆည်းဆာချိန်များကို ကုန်ဆုံးနေရသည်။ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်သည် ပညာရေးပင်ဖြစ်သည်။ ပညာကို အခြေခံသည့် လူ့အဖွဲ့အစည်းများ တည်ဆောက်နိုင်မှသာ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။ လူနေမှုအဆင့်အတန်းမြင့်မားမည်ဟု ယုံကြည်သည်။ ယနေ့လူငယ်များ၏ တိမ်းညွတ်မှုမှာ ပညာသင်ယူမှုဘက်တွင် ရှိနေသည့်အတွက် လွန်စွာအားရမိသည်။

အမှန်အတိုင်းပြောရလျှင် ၂၀၂၀ ပြည့်နှစ်သည် ကျွန်မတို့ လူသားအားလုံးအတွက် ကံမကောင်း အကြောင်းမလှသည့်နှစ်ဟု ဆိုရမည်။ စီးပွားရေး၊ လူမှုရေး၊ ပညာရေး ကဏ္ဍစုံထိခိုက်ရသည်။ ကိုဗစ်-၁၉ ကပ်ဆိုးကြီးကို ရင်ဆိုင်အန်တုရင်း အိမ်တွင်းအောင်းနေရသည့်အဖြစ်ကို ရောက်ခဲ့သည်။

တကယ့်တကယ်တော့ ၂၀၂၀ ပြည့်နှစ်သည် မြန်မာနိုင်ငံအတွက် အရေးပါသည့် နှစ်တစ်နှစ် ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါရင်ဆိုင်ရင်း ၂၀၂၀ ရွေးကောက်ပွဲကို ဆင်နွှဲကြရမည်။ ရွေးကောက်ပွဲဟု အသံကြားသည်နှင့် နိုင်ငံရေးနယ်ပယ်တွင် လှုပ်လှုပ်ရွရွဖြစ်နေသည်ကိုလည်း တွေ့ရ၏။ နိုင်ငံရေးပါတီအသစ် ပလေယာအသစ်များဖြင့် စုံစုံညီညီဆင်နွှဲခဲ့ကြသည်။ ဤရွေးကောက်ပွဲတွင် ကျွန်မတို့အတွက် ထူးခြားချက်ကတော့ သမီးလေး ၁၈ နှစ်ပြည့်လို့ မဲပေးခွင့်ရခြင်းပင်ဖြစ်သည်။

တစ်ခါမှ မဲမပေးဖူးသည့် သမီးလေးက နိုင်ငံရေးအကြောင်းတွေ စိတ်ဝင်စားလာသည်။ စပ်စုလာသည်။ ကျွန်မ ဖေဖေက နိုင်ငံရေးသဘောတရားတွေ၊ ဖြစ်စဉ်ဖြစ်ရပ်တွေကို နားရည်ဝအောင် ပြောခဲ့ပေမယ့် ကျွန်မကတော့သမီးလေးကို ပညာရေးကလွဲလို့ ဘာမှမပြောခဲ့ပေ။

လူငယ်တစ်ဦးဖြစ်သဖြင့် မိမိကိုယ်တိုင် လေ့လာသင်ယူလိမ့်မည်ဟု မျှော်လင့်ထားသည်။ ယနေ့အချိန်တွင် နည်းပညာတိုးတက်မှုကြောင့် လေ့လာရန်လွယ်ကူသည်။ မိမိစိတ်ဝင်စားရာ အကြောင်းအရာကို အင်တာနက်ရှိရုံဖြင့် လေ့လာဖတ်ရှုနိုင်သည်။ မှန်ကန်စွာ တွေးခေါ်မြော်မြင်မှုကတော့ မိမိ၏ ဆင်ခြင်တုံတရားနှင့်သာ ဆိုင်သည်။

၂၀၂၀ ရွေးကောက်ပွဲအကြိုကာလတွင် နိုင်ငံရေးပါတီများ အပြိုင်အဆိုင် မဲဆွယ်စည်းရုံးကြသည်။ ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများကဲ့သို့ လွတ်လပ်စွာ မဲဆွယ်ဟောပြောနိုင်ခြင်းမရှိသော်လည်း လူမှုမီဒီယာပေါ်တွင် စည်းရုံးဟောပြောနေကြသည်။

"မေမေ… သူတို့ပြောတာ တကယ်ပဲလား၊ ၈၈ တုန်းက စစ်တပ်က ဘာလို့ အာဏာသိမ်းခဲ့တာလဲ။ ဘာလို့ ဒီမိုကရေစီကို မပေးခဲ့တာလဲ"ဟု အွန်လိုင်းမှ မဲဆွယ်ဟောပြောမှုများ၊ အင်တာဗျူးများကို နားထောင်ရင်း သမီးလေးက ကျွန်မကို မေးခဲ့သည်။

ကျွန်မ မပြောချင်သည်များ ပြောရပေတော့သည်။ အွန်လိုင်းပေါ်တွင် နိုင်ငံရေးသမားအချို့က ၈၈ ခုနှစ် အရေးအခင်းကြီးကို လိုသလို ပုံဖျက်ပြောဆို၍ သူတို့ကိုယ်သူတို့ နိုင်ငံရေးသူရဲကောင်းများသဖွယ် အမွှမ်းတင်နေကြသည်ကို ကျွန်မ မမြင်ချင်၊ မကြားချင်ယောင်ဆောင်နေခဲ့သည်။ တပ်မတော်ကို အာဏာရှင်သဖွယ်စွပ်စွဲပြောဆို၍ သူတို့၏ နိုင်ငံရေးဥပမိရုပ်ကို လှပအောင် ခြယ်သနေကြသည်။

သမီးက သိချင်မှတော့ ကျွန်မက ပြောရပေတော့သည်။ တကယ်တော့ ၈၈ အရေးအခင်းဆို သည်မှာ ဒီမိုကရေစီတောင်းဆိုမှုက စတင်ခဲ့တာမဟုတ်ဘဲ လက်ဖက်ရည်ဆိုင်တွင် ကျောင်းသားနှင့် အရပ်သား ကက်ဆက်ခွေဖွင့်ခိုင်းရာမှ စကားများရန်ဖြစ်ခြင်းက စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအပေါ် အထွေထွေမကျေနပ်ချက်များကို အသုံးချကာ နိုင်ငံရေးတောကြောင်များက ပွဲလန့်အောင်လုပ်ခဲ့မှုကြောင့် ထိန်းမနိုင်သိမ်းမရ အရေးအခင်းကြီးတစ်ခု ဖြစ်ခဲ့ရသည်။

လူအချင်းချင်း ခေါင်းဖြတ် လူသတ်မှု၊ ရဲစခန်းများ မီးရှို့ဖျက်ဆီးမှု၊ ဂိုဒေါင်များ၊ နိုင်ငံပိုင် အဆောက်အအုံများ ဝင်ရောက်ဖောက်ထွင်း ဖျက်ဆီးမှု၊ နိုင်ငံတော် အုပ်ချုပ်ရေး ယန္တရားတစ်ခုလုံး ပျက်စီးကာ မင်းမဲ့စရိုက်ဆန်ဆန် ပြုကျင့်နေမှု၊ ကမ္ဘာ့အလယ်တွင် ခေါင်းဖြတ်၊ လူသတ်ပြီး ကြမ်းချင်တိုင်းကြမ်း၊ ရမ်းချင်တိုင်းရမ်းပြီး နိုင်ငံနှင့်လူမျိုး အရှက်ရစေမှု၊ လက်ဝဲကွန်မြူနစ် အကြွင်းအကျန်များက မီးလောင်ရာလေပင့်ပြီး ကြိုးကိုင်ခြယ်လှယ်မှု၊ နောက်ဆုံး ကုန်သွယ်ရေးရုံးတွင် တာဝန်ကျနေသည့် တပ်မတော်သားများထံမှ လက်နက်များ သိမ်းယူသည်အထိ လက်ရဲဇက်ရဲ လုပ်ဆောင်မှုများကို သမီးလေးအား ဇာတ်လမ်းစုံ ခင်းပြရသည်။

တကယ်တော့ ယနေ့အသက် ၃၀ အရွယ် လူငယ်များသည် ၈၈ အရေးအခင်းကို ကောင်းစွာ မသိဘဲ အချို့က ထင်ရာမြင်ရာ ပြောဆိုနေသည်များကိုသာ နားထောင်ပြီး အမှန်ဟု ထင်မှတ်နေကြသည်။ အချို့သောပုဂ္ဂိုလ်များက တောမီးလောင်အောင် မီးရှို့ပြီး လက်ခမောင်းခတ်နေကြသည်။ သူတို့ကိုယ်သူတို့ ဒီမိုကရေစီသူရဲကောင်းများ၊ စွန့်လွှတ်ပေးဆပ်သူများအဖြစ် ထိုးဇာတ်များ ဖန်တီးကာ ပြောဆိုထုတ်လွှင့်နေကြသည်ကိုလည်း တွေ့ရ၏။

၈၈ အရေးအခင်းနှင့်ပတ်သက်၍ သမ္မတကြီး ဒေါက်တာမောင်မောင် ရေးခဲ့သည့် "မြန်မာနိုင်ငံ၏ ၁၉၈၈ ခုနှစ် အရေးအခင်း" ပထမတွဲ၊ ဒုတိယတွဲ စာအုပ်များကို သမီးလေးအား ဖတ်ရှုစေခဲ့သည်။ ကျွန်မပြောတာ နားထောင်သည်ထက် သူကိုယ်တိုင် အစွဲကင်းကင်းဖြင့် လေ့လာဖတ်ရှုသည်က ပို၍ ကောင်းသည်ဟု ထင်သည်။

"မေမေ… အဲဒီတုန်းက ဒီမိုကရေစီပြောင်းလဲဖို့အတွက် ပြည်သူ့ဆန္ဒခံယူပြီး ရွေးကောက်ပွဲ ကျင်းပပေးမယ်လို့ သမ္မတကြီး ဒေါက်တာမောင်မောင်က ပြောခဲ့တာကို ဘာလို့လက်မခံဘဲ ကြားဖြတ်အစိုးရဖွဲ့ပေးဖို့ ဇွတ်အတင်းတောင်းဆိုကြတာလဲဟင်"။

"အဲဒါပဲ သမီးရယ်… တည်ဆဲအခြေခံဥပဒေမှာ ကြားဖြတ်အစိုးရဖွဲ့စည်းဖို့ မပါဝင်တဲ့အတွက် ဖွဲ့ပေးလို့မရတာကို အတင်းအဓမ္မတောင်းဆိုတယ်။ အခြေခံဥပဒေကို ချိုးဖောက်အောင် တွန်းအားပေးကြတယ်… သမိုင်းမှာ ကြားဖြတ်အစိုးရဖွဲ့ပေးလိုက်ပြီး အခြေခံဥပဒေကို ချိုးဖောက်တဲ့ လူကြီးတွေအဖြစ် နောင်လာနောင်သားတွေ ပြောစမှတ်တွင်အောင် လုပ်ကြတာလေ…"။

"နောက်ပြီး… သမီးဖတ်မိမယ်ထင်တယ်… ၁၉၈၈ ခုနှစ် စက်တင်ဘာ ၁ ရက်နေ့က ပြောကြားခဲ့တဲ့ သမ္မတကြီး ဒေါက်တာမောင်မောင် မိန့်ခွန်းမှာ ၁၉၆၂ ခုနှစ်က

*စာမျက်နှာ ၁၀ သို့*

**"တကယ်တော့ ယနေ့အသက် ၃၀ အရွယ် လူငယ်များသည် ၈၈ အရေးအခင်းကို ကောင်းစွာ မသိဘဲ အချို့က ထင်ရာမြင်ရာ ပြောဆိုနေသည်များကိုသာ နားထောင်ပြီး အမှန်ဟု ထင်မှတ်နေကြသည်။ အချို့သောပုဂ္ဂိုလ်များက တောမီးလောင်အောင် မီးရှို့ပြီး လက်ခမောင်းခတ်နေကြသည်။ သူတို့ကိုယ်သူတို့ ဒီမိုကရေစီသူရဲကောင်းများ၊ စွန့်လွှတ်ပေးဆပ်သူများအဖြစ် ထိုးဇာတ်များ ဖန်တီးကာ ပြောဆိုထုတ်လွှင့်နေကြသည်ကိုလည်း တွေ့ရ"**

# ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

## ကော်မတီအနေဖြင့် စီးပွားရေးပြန်လည် ဦးမော့လာစေရေးအတွက် အဓိက ဦးတည်ဆောင်ရွက်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်း ကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁) ကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**လုပ်ငန်းများဆက်လက်ဆောင်ရွက်**

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက ကိုဗစ်-၁၉ စီးပွားရေး သက်ရောက်မှုပြန်လည်ကုစားမှုနှင့်ပတ်သက်၍ လက်ရှိ အစိုးရအနေဖြင့် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခင် လုပ်ငန်းကော်မတီအနေဖြင့် အကောင်အထည်ဖော်ဆဲ မပြီးပြတ်သေးသည့် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယခင် အစိုးရလက်ထက်တွင် ထိခိုက်မှုလျှော့ချရေး (Relief) ကို ဦးစားပေးဆောင်ရွက်ခဲ့ရပြီး လက်ရှိကော်မတီအနေဖြင့် စီးပွားရေးပြန်လည်ဦးမော့လာစေရေး (Recovery) အတွက် အဓိက ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် ယခင်ရေးဆွဲခဲ့သည့် COVID-19 Economic Relief Plan (CERP) နှင့် Myanmar Economic Recovery and Reform Plan (MERRP) တို့ကို ပြန်လည်သုံးသပ်ပြီး ဆောလျင်စွာ အကောင်အထည်ဖော်နိုင်သည့် လုပ်ငန်းစဉ်များကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

လုပ်ငန်းကော်မတီ အနေဖြင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲပြီး လိုအပ်သလို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေးအတွက် ကုစားရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းအဖွဲ့ (Task Force) ကို ပြန်လည်ဖွဲ့စည်း သွားမည်ဖြစ်ကြောင်း။

**ဝန်ထုပ်ဝန်ပိုးများလျှော့ချရေး**

ထိခိုက်နစ်နာမှုရှိနေသည့် လုပ်ငန်းများကို ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များနှင့် စည်းမျဉ်းစည်းကမ်းကြောင့် ပေါ်ပေါက်နေသည့် ဝန်ထုပ်ဝန်ပိုးများလျှော့ချရေးဆိုင်ရာ နည်းလမ်းများကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက COVID-19 Fund ချေးငွေထုတ်ပေးရေး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

# ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေး



ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများပိတ်သိမ်းရေးဆိုင်ရာ ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။ (ဝဲပုံ)

**ပုံမှန်လူနေမှုဘဝများ ဖန်တီးနိုင်ရန်**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအများအပြားရှိပြီး ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် တိုက်ပွဲရှောင်များအား ကူညီထောက်ပံ့မှုလုပ်ငန်းများလည်းပါဝင်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း ယင်းလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် အလေးထားလျက်ရှိပါကြောင်း၊ တိုက်ပွဲရှောင်ပြည်သူများ နေရပ်ပြန်လည်နေထိုင်နိုင်ရေးနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသူများအနေဖြင့် ဘေးကင်းလုံခြုံပြီး ဂုဏ်သိက္ခာရှိသော အမိုးအကာခိုင်ခံ့သည့်ဘဝများ ပြန်လည်တည်ဆောက်၍ ပုံမှန်လူနေမှုဘဝများသို့ ပြန်လည်ရောက်ရှိစေမည့်အခြေအနေများကို ဖန်တီးပေးနိုင်ရန် မိမိတို့ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ တိုင်ပင်ဆွေးနွေးမှုများမှ တစ်ဆင့် ဖြေရှင်းရန်အခက်အခဲများအား ကျော်လွှားရမည်ဖြစ်သောကြောင့် ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

**လုပ်ငန်းများအကောင်အထည်ဖော်နိုင်ရေး**

ထို့နောက် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာနှင့် စပ်လျဉ်းသည့် နောက်ခံအကြောင်းအရာများနှင့် ရေးဆွဲမှုလုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်ခဲ့မှု၊ အမျိုးသားအဆင့်ကော်မတီနှင့် ပြည်နယ်အလိုက်ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်ထားရှိမှုအဆင့်ဆင့်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မဟာဗျူဟာနှင့်အညီ လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်နေမှု၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံခဲ့ရသည့်အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကာ ဆက်လက်ဆောင်ရွက်ရန်လုပ်ငန်းများကို ညှိနှိုင်းဖော်ထုတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ၂၀၂၀ ပြည့်နှစ် မိုးစပါးရာသီ စိုက်ပျိုးထုတ်လုပ်မှုမှ ဆန်တန်ချိန် ၁၃ သန်းကျော် ထွက်ရှိနိုင်မည်ဟု သိရ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် တောင်သူလယ်သမားများ၏ ၂၀၂၀ ပြည့်နှစ် မိုးရာသီ၌ မိုးစပါးကေစုစုပေါင်း ၁၅ သန်းနီးပါးခန့် စိုက်ပျိုးခဲ့ရာတွင် ယခုအခါ ဒေသအသီးသီး၌ စပါးများ ရင့်မှည့်၍ ကောင်းစွာရိတ်သိမ်းမှုများ ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဇန်နဝါရီလကုန်အထိ အဆိုပါစိုက်ကေများမှ ကေ ၁၄ ဒသမ ၅ သန်းကျော် ရိတ်သိမ်းပြီးစီးခဲ့ကြောင်း သိရသည်။

ထို့အပြင် ကျန်စိုက်ကေများကိုလည်း ရင့်မှည့်ချိန်အလိုက် အချိန်မီ ရိတ်သိမ်းလျက်ရှိရာတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှထုတ်ပြန်သော ခန့်မှန်းကိန်းဂဏန်းများအရ စုစုပေါင်းဆန်တန်ချိန် ၁၃ ဒသမ ၄ သန်းကျော်ခန့် ထွက်ရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၂၁ ခုနှစ် နွေစပါးစိုက်ပျိုးမှုအနေဖြင့် ဖေဖော်ဝါရီ ၁၅ ရက်အထိ ကေ ၁ ဒသမ ၈ သန်းကျော် စိုက်ပျိုးပြီးဖြစ်သကဲ့သို့ ရေလှောင်တမံ၊ ရေလွှဲဆည်၊ ကန်၊ ရေတံခါး၊ ချောင်းပိတ်မြောင်းပိတ်၊ မြစ်ရေတင်နှင့် အခြားရေရရှိရေးနည်းလမ်းများမှ ယခုနှစ်နွေသီးနှံ စိုက်ကေ နှစ်သန်းခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဟု ခန့်မှန်းထားကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနအသီးသီးမှ အစဉ်တစိုက် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိရာတွင် တောင်သူလယ်သမားများလိုအပ်သော စိုက်ပျိုးရေးဆိုင်ရာနည်းပညာနှင့်အကူအညီများ၊ မွေးမြူရေးဆိုင်ရာကိစ္စရပ်များ၊ မြေယာအသုံးချမှုဆိုင်ရာကိစ္စရပ်များနှင့် သွင်းအားစုအပါအဝင် စိုက်ပျိုးရေးဆိုင်ရာ ကိရိယာတန်ဆာပလာများ ဝယ်ယူရေးအတွက် လိုအပ်သောစိုက်ပျိုးစရိတ် ချေးငွေရရှိရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း သက်ဆိုင်ရာ ဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်း ပံ့ပိုးဆောင်ရွက်ပေးလျက် ရှိကြောင်း ယင်းဝန်ကြီးဌာနမှ သိရသည်။



**ညီညီသန်း(နေပြည်တော်)**
**ဓာတ်ပုံ- အောင်မိုး(စိုက်ပျိုးရေး)**

# ပြန်လာခဲ့ပါ လုပ်ငန်းခွင်ဆီ...

ကနောင်

မီးဖွားရမယ့်အချိန် နီးကပ်နေပြီး ပုဂ္ဂလိက သားဖွားဆေးရုံတွေမှာ ငွေကုန်ကြေးကျခံ မမွေးနိုင်တဲ့ ကိုယ်ဝန်ဆောင်မိခင်လောင်းအချို့ မိမိတို့မြို့နယ်က ဆေးရုံတွေ Civil Disobedience Movement (CDM) လှုပ်ရှားမှုလုပ်နေတာကြောင့် တပ်မတော်ဆေးရုံတွေဆီကို သွားကြရတဲ့အကြောင်း သိရပါတယ်။ ဝန်ထမ်းတွေအတွက် ဘဏ်ကနေ လစာထုတ်ယူဖို့လည်း အခက်အခဲတွေ ဖြစ်နေကြပါတယ်။ လမ်းပန်းဆက်သွယ်ရေးတွေ ပြတ်တောက်သွားပြီး အရောင်းအဝယ်တွေ ရပ်ဆိုင်းကုန်တာကြောင့် စိုက်ပျိုးရေးတောင်သူတွေ စိုးရိမ်ပူပန်မှု ဖြစ်နေကြပါတယ်။ CDM ရက်ရှည်ကြာလာတာနဲ့အမျှ ဝန်ထမ်းမိသားစုတွေနဲ့ မိဘတွေက စိုးရိမ်ပူပန်မှုတွေနဲ့အတူ လုပ်ငန်းခွင်ကို ပြန်လည်ဝင်ရောက်ဖို့ တိုက်တွန်းနေတာတွေ၊ ဝန်ထမ်းတွေကိုယ်တိုင်လည်း မိမိရဲ့ လုပ်ငန်းခွင်နဲ့ လုပ်ဖော်ကိုင်ဖက်တွေကို သတိရလွမ်းဆွတ်ကြတာတွေ ဖြစ်လာနေတာကိုလည်း တွေ့မြင် ကြားသိ နေရပါတယ်။

အဖြစ်မှန်၊ သတင်းမှန်တွေနဲ့အတူ ရည်ရွယ်ချက်ရှိရှိ၊ ရောနှောထုတ်လွှင့်လိုက်တဲ့ သတင်းတု၊ သတင်းအမှားတွေ၊ ကောလာဟလတွေကြောင့် ပြည်သူတွေမှာလည်း အထိတ်တလန့် ဖြစ်ကြရသလို စိတ်မချမ်းမြေ့စရာလည်း ဖြစ်ကြရပါတယ်။ CDM လုပ်ကြတာဟာ နိုင်ငံတော်ရဲ့အုပ်ချုပ်မှုယန္တရားကို ရပ်တန့်စေဖို့ ရည်ရွယ်ကြတာဖြစ်ပေမယ့် တကယ်တမ်းမှာ CDM ရဲ့ အကျိုးဆက်ကို အဓိက ခံစားနေကြရတာကတော့ ပြည်သူတွေပဲ ဖြစ်ပါတယ်။

## သွေးထိုးလှုံ့ဆော်

ဒီကနေ့ အချိန်အခါဟာ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေတဲ့ အချိန်အခါ ဖြစ်ပါတယ်။ နိုင်ငံတော်အတွက် လိုအပ်ချက်ကြောင့် အရေးပေါ် အချိန်ကာလအဖြစ် သတ်မှတ်ထားရချိန်လည်း ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေကို အလုပ်မဆင်းအောင်၊ နိုင်ငံရဲ့ စီမံခန့်ခွဲမှုယန္တရား လည်ပတ်လို့ မရအောင် လုပ်ဆောင်ပေးဖို့ သွေးဆောင်ဖြားယောင်းတာဟာ နယ်ချဲ့လက်သစ်နိုင်ငံတွေက သူတို့အလိုကျ မဟုတ်တဲ့ နိုင်ငံတွေမှာ သွေးထိုးလှုံ့ဆော်တဲ့ နည်းလမ်းတစ်ခုလည်း ဖြစ်ပါတယ်။ ဒါပေမယ့် အလုံးစုံအောင်မြင်မှုရတဲ့ နည်းလမ်းမဟုတ်ပါဘူး။ ပြည်သူတွေရဲ့ စိတ်ပူပန် သောကတွေအပေါ် အခွင့်ကောင်းယူပြီး ပြည်တွင်းက အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေနဲ့ပူးပေါင်းပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် သွေးထိုးဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။

အဲဒီလိုဆောင်ရွက်ရာမှာ နိုင်ငံ့ဝန်ထမ်းတစ်ဦး လိုက်နာဆောင်ရွက်ရမယ့် တာဝန်ဝတ္တရားတွေကို ငြင်းဆန်ပျက်ကွက်ပြီး လမ်းပေါ်ထွက် ဆူပူလှုပ်ရှားဖို့ လှုံ့ဆော်ပေးတဲ့ သတင်းအချက်အလက်အမှားတွေ၊ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းတွေကို ခြိမ်းခြောက်နေတာတွေ၊ နည်းအမျိုးမျိုးနဲ့ နှောင့်ယှက်တားဆီးနေတာတွေ၊ လူထုရဲ့ စိုးရိမ်ပူပန်မှုတွေကို မြင့်သထက် မြင့်တက်လာအောင် ထုတ်လွှင့်နေတဲ့ ကောလာဟလတွေနဲ့ အခြေအမြစ်မရှိ၊ မဟုတ်မမှန်တဲ့ အကြောင်းအရာတွေက အတော်ကို များပြားလျက် ရှိပါတယ်။

**မိမိတို့ ထမ်းဆောင်ရမယ့် တာဝန်တွေကို ငြင်းဆန်ပြီး လုပ်ငန်းခွင်ကို စွန့်ခွာခဲ့ကြတဲ့ ဝန်ထမ်းတွေ၊ လုပ်ငန်းနယ်ပယ်အသီးသီးက ကျွမ်းကျင်ပညာရှင်တွေ၊ လမ်းမများပေါ်မှာ ဆန္ဒပြနေကြသူတွေကို ကြည့်ရင်း မြန်မာပြည်သူတွေ သူတို့ ဆင်ထားတဲ့လှည့်ကွက်ထဲကို အလွယ်တကူ သွေးဆူဆူနဲ့ရောက်နေကြတာကို မြင်ရတော့ နောက်ကွယ်ကနေ နိုင်ငံရဲ့ ပျက်စီးရာပျက်စီးကြောင်း ကြိုးစား ကြံစည်နေကြသူတွေ အားရနေလောက်ပါရဲ့။**

နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေဖို့ ရည်ရွယ်လှုံ့ဆော်သူတွေဟာ လက်ရှိနိုင်ငံနဲ့ ပြည်သူအတွက် တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းတွေကို အလုပ်မထွက် ရုံးမတက်ဘဲ CDM မှာ အင်တိုက်အားတိုက် ပါဝင်ကြဖို့ တိုက်တွန်းနေကြတာအပြင် CDM ပါဝင်တာကြောင့် ဝန်ထမ်းတွေ စားဝတ်နေရေး အခက်အခဲကြုံလာတဲ့အခါ ကူညီဖြေရှင်းပေးဖို့ အဖွဲ့အစည်း အသီးသီးနဲ့ ချိတ်ဆက်ကူညီဖြေရှင်းမယ်ဆိုပြီး ပြောဆိုသံတွေကိုလည်း ကြားနေရပါတယ်။

## ဝန်ထမ်းတွေရဲ့ စားဝတ်နေရေးကို ငဲ့ညှာ

ဒါတင်မက သေးပါဘူး။ နိုင်ငံ့ဝန်ထမ်းတွေကိုရော၊ ပုဂ္ဂလိကဝန်ထမ်းတွေကို အတင်းအကျပ် ရုံးမတက်ခိုင်းတာမျိုး၊ အလုပ်ထွက်ခိုင်းတာမျိုး လုပ်ဆောင်နေတာတွေကို လူမှုကွန်ရက်တွေမှာ နေ့စဉ်တွေ့ရှိနေရပါတယ်။ အချို့ အလုပ်ဌာနတွေဆိုရင် ဝန်ထမ်းတွေရဲ့ စားဝတ်နေရေးကို ငဲ့ညှာပြီး စဉ်းစားပေးနေကြရပါတယ်။ သူတို့ ဝန်ထမ်းတွေရဲ့ စားဝတ်နေရေးအတွက် လစာခံစားခွင့် အပြည့်နဲ့ ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးလိုက်ရတာကို မြင်တွေ့နေရပါတယ်။

> **“လှုံ့ဆော်နေမှုတွေကို ကြည့်ခြင်းအားဖြင့် ပြည်ပအဖွဲ့အစည်းများရဲ့ ကြိုးကိုင် ခြယ်လှယ်မှုတွေ၊ ပြည်တွင်းတရားမဝင် အဖွဲ့အစည်းတွေရဲ့ ချိတ်ဆက်ပေးမှုတွေကနေ CDM လှုပ်ရှားမှုတွေ ဖြစ်ပေါ်နေရတယ်လို့ သုံးသပ်မိပါတယ်။ ရိုးသားတဲ့ ပြည်သူတွေ၊ အနာဂတ်တိုင်းပြည်အတွက် အဖိုးမဖြတ်နိုင်တဲ့ လူငယ်တို့အဖို့ သူတို့ရဲ့ ထောင်ချောက်အတွင်း သက်ဆင်းမိပြီး မှားယွင်းတဲ့ လမ်းကြောင်းတွေဆီကို ရောက်မှန်းမသိ ဦးတည်နေကြတာပဲ ဖြစ်ပါတယ်။ CDM ထောင်ချောက်ဟာ နိုင်ငံကောင်းစေဖို့ ပေါ်ထွက်လာတာ မဟုတ်ပါဘူး။ နိုင်ငံတော်ပျက်စီး ပြိုကွဲဖို့၊ အလုံးစုံ ပျက်သုဉ်းဖို့နဲ့ ဥပဒေမှန်သမျှ ချိုးဖောက်ကြ၊ အမိန့်မှန်သမျှ ဖီဆန်ကြဆိုတဲ့ပုံစံ၊ တိုင်းပြည်ပျက်စီးရေး လမ်းကြောင်းကို ဖော်ဆောင်နေခြင်း ဖြစ်တယ်ဆိုတာကို ညီငယ်၊ ညီမငယ်တို့ သိစေလိုပါတယ်”**

**လှုံ့ဆော်နေမှုတွေကို ကြည့်ခြင်းအားဖြင့် ပြည်ပအဖွဲ့အစည်းများရဲ့ ကြိုးကိုင် ခြယ်လှယ်မှုတွေ၊ ပြည်တွင်းတရားမဝင် အဖွဲ့အစည်းတွေရဲ့ ချိတ်ဆက်ပေးမှုတွေကနေ CDM လှုပ်ရှားမှုတွေ ဖြစ်ပေါ်နေရတယ်လို့ သုံးသပ်မိပါတယ်။ ရိုးသားတဲ့ ပြည်သူတွေ၊ အနာဂတ်တိုင်းပြည်အတွက် အဖိုးမဖြတ်နိုင်တဲ့ လူငယ်တို့အဖို့ သူတို့ရဲ့ ထောင်ချောက်အတွင်း သက်ဆင်းမိပြီး မှားယွင်းတဲ့ လမ်းကြောင်းတွေဆီကို ရောက်မှန်းမသိ ဦးတည်နေကြတာပဲ ဖြစ်ပါတယ်။ CDM ထောင်ချောက်ဟာ နိုင်ငံကောင်းစေဖို့ ပေါ်ထွက်လာတာ မဟုတ်ပါဘူး။ နိုင်ငံတော်ပျက်စီး ပြိုကွဲဖို့၊ အလုံးစုံ ပျက်သုဉ်းဖို့နဲ့ ဥပဒေမှန်သမျှ ချိုးဖောက်ကြ၊ အမိန့်မှန်သမျှ ဖီဆန်ကြဆိုတဲ့ ပုံစံ၊ တိုင်းပြည်ပျက်စီးရေး လမ်းကြောင်းကို ဖော်ဆောင်နေခြင်း ဖြစ်တယ်ဆိုတာကို ညီငယ်၊ ညီမငယ်တို့ သိစေလိုပါတယ်။**

ညီငယ်၊ ညီမငယ်တို့ကို လေးလေးနက်နက် တိုက်တွန်းလိုတာက နိုင်ငံရေးဆိုတာ စိတ်ကူးယဉ်လို့မရသလို ခံစားချက်ကို ရှေ့တန်းတင်လို့ မရပါဘူး။ ပကတိအခြေအနေကို မှန်မှန်ကန်ကန် သုံးသပ်ပြီးမှ အနာဂတ်ကို အမှန်တရား၊ အရှိတရားနဲ့အနီးစပ်ဆုံးဖြစ်အောင် ခန့်မှန်းမြော်မြင်ကြည့်ကြဖို့ လိုအပ်ပါတယ်။ မိမိတို့နိုင်ငံရဲ့အရေးကို မိမိပြည်သူတွေကလွဲလို့ အခြားပြင်ပ ဘယ်သူကမှ ပိုပြီး မသိနိုင်ပါဘူး။ ကိုယ့်နိုင်ငံရဲ့ လိုအပ်ချက်၊ အရှိတရားတွေ အပေါ်မှာ မူတည်ပြီး ပြည်သူများ ထိခိုက်မှုအနည်းဆုံးနဲ့ တည်ငြိမ်မှု အရှိဆုံး၊ နိုင်ငံရေးယဉ်ကျေးမှု အမြင့်မားဆုံး အရွေ့တစ်ခုဖြစ်စေဖို့ အားလုံးဝိုင်းဝန်းပေးကြစေလိုပါတယ်။

မြန်မာနိုင်ငံဟာ လက်ရှိမှာ Least Development Countries (LDC) အဆင့်နိုင်ငံတွေထဲမှာ ပါဝင်နေတာကြောင့် အခြေအနေဆိုးတွေက လွန်မြောက်အောင် အားလုံးက ကြိုးပမ်းကြရမယ့်အစား ပိုပြီးဆိုးရွားတဲ့ Failed State (ပြိုကွဲသော နိုင်ငံ) အဆင့်အထိဖြစ်အောင် မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေရဲ့ ကောင်းကျိုးကို မလိုလားသူတွေက ရည်ရွယ်ချက်ရှိရှိ၊ အကွက်ကျကျတွန်းပို့နေခြင်းဖြစ်တယ်လို့ ခံစားရပါတယ်။

အနာဂတ် မြန်မာနိုင်ငံတော်ကို ပုံဖော်ထုဆစ်ကြရမယ့် သူတွေဟာ လက်ရှိ လူငယ် မျိုးဆက်သစ်တွေပဲ ဖြစ်ပါတယ်။ လူငယ်တွေရဲ့အားမာန်၊ နိုင်ငံချစ်စိတ်နဲ့ စည်းလုံးညီညွတ်မှုတို့ဟာ နိုင်ငံနဲ့ပြည်သူတွေအတွက် “အား” ပဲ ဖြစ်စေလိုပြီး ကိုယ့်ခန္ဓာ၊ အသွေးအသားကို အနာတရဖြစ်အောင်ထိုးမယ့် အဖျက်အမှောင့် “ဓား” တွေတော့ မဖြစ်စေလိုပါဘူး။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ဖို့ ပျက်ကွက်နေကြတဲ့ ဝန်ထမ်းတွေကို လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်ဖို့အတွက် နှိုးဆော်ပေးလျက်ရှိနေတာကို မြင်တွေ့ရပါတယ်။ နှိုးဆော်နေတဲ့ ကာလအတွင်းမှာပဲ မိသားစုတွေရဲ့ စိတ် ပူပန်မှုတွေ၊ လုပ်ဖော်ကိုင်ဖက်တွေရဲ့ စိုးရိမ်မှုတွေကို ငဲ့ညှာ၊ ပြည်သူတစ်ရပ်လုံးရဲ့ မျှော်လင့်ချက်တွေကို စာနာမှုအပြည့်နဲ့ နားလည်လက်ခံပြီး နိုင်ငံတော်အကျိုးပျက်စီးစေမယ့် အခြေအနေတွေကို ရှောင်ရှားကြဖို့၊ အချိန်မနှောင်းခင် အမြန်ဆုံးလုပ်ငန်းခွင် ပြန်လည်ဝင်ရောက်ကြဖို့အတွက် နိုင်ငံနဲ့ပြည်သူ့အတွက် အမြဲ ရပ်တည်ပေးနေခဲ့ကြသူများဖြစ်တဲ့ ညီငယ်၊ ညီမငယ် ပြည်ထောင်စုဖွား မောင်နှမအားလုံးကို ဖိတ်ခေါ်လိုက်ပါတယ်။ ။

*စာမျက်နှာ ၈ မှ*

ဖြိုခွင်းခံရတဲ့ ကျောင်းသားသမဂ္ဂအဆောက်အအုံကို အေးချမ်းတည်ငြိမ်စိုးရိမ် ဒေါသကင်းတဲ့ မကြာသောတစ်နေ့မှာ ကျွန်တော်တို့ ပျော်ပျော်ပါးပါး အုတ်မြစ်ချပွဲ ကျင်းပကြရအောင်လို့ ပြောခဲ့တာကိုကြည့်ရင် အစိုးရအနေနဲ့ ဘယ်လောက် လိုက်လျောပေးခဲ့တယ်ဆိုတာ သမီး သိရောပေ့ါ။

“အဲဒါပဲ သမီး… ကမ္ဘာပေါ်မှာ ဒီမိုကရေစီကူးပြောင်းကြတဲ့ ပုံစံ(၂)မျိုး ရှိတယ်… တစ်မျိုးက တည်ဆဲအစိုးရနဲ့ ဒီမိုကရေစီအင်အားစုများအကြား ပဋိညာဉ်ပြုပြီး ပြောင်းလဲရတဲ့အပြောင်းအလဲ (Pacted Transition) ဖြစ်ပြီး နောက်တစ်မျိုးက ဦးဆောင်သူများက အခြေအနေတစ်ခုကို သတ်မှတ်ပြီး ပြောင်းလဲပေးရတဲ့ (Imposed Transition) ပုံစံပေ့ါ ”

“မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရက အခြေခံဥပဒေနဲ့အညီ ပဋိညာဉ်ပြုပြီး ပြောင်းလဲဖို့ ကမ်းလှမ်းခဲ့တာကို လက်မခံဘဲ ဖွတ်အတင်းကြားဖြတ်အစိုးရ တောင်းခဲ့ကြတယ်… တိုင်းပြည်အနှံ့ ဆန္ဒပြပွဲတွေ၊ သပိတ်စခန်းတွေဖွင့်ပြီး ထင်တိုင်းကြဲခဲ့ကြတယ်… အဲဒါကြောင့် ၁၉၇၄ အခြေခံဥပဒေလည်း ချုပ်ငြိမ်းပြီး… တပ်မတော်က တာဝန်ယူ ထိန်းသိမ်းခဲ့ရတာပေ့ါ သမီးရယ်…”။

“ဒါဆို… တပ်မတော်က ဒီမိုကရေစီကူးပြောင်းရေးမှာ အဓိက ပလေယာပေ့ါနော်…”

“ဟုတ်တယ် သမီး… နိုင်ငံတစ်နိုင်ငံ ဒီမိုကရေစီပြောင်းလဲဖို့ဆိုတာ ဈေးဆိုင်မှာ ဈေးဝယ်သလို ချက်ချင်းလက်ငင်း ဆောင်ရွက်လို့ရတာ မဟုတ်ဘူး… ဒီမိုကရေစီပြောင်းလဲဖို့အတွက် ရှေ့ပြေးအခြေအနေ(Precondition) (၃) ရပ်ရှိဖို့ လိုတယ်… နံပါတ်(၁)က စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ နံပါတ်(၂)က တရားဥပဒေစိုးမိုးရေး(Rule of Law) ၊ နံပါတ်(၃)ကတော့ ထိရောက်စွမ်းဆောင်နိုင်သည့် အုပ်ချုပ်ရေးစနစ်တို့ပေ့ါ သမီးရယ်…”

ကျွန်မ စကားမဆုံးခင် သမီးကဖြတ်၍ မေးခွန်းတစ်ခုမေးလိုက်သည်။

“အဲဒီအချိန်က မေမေပြောတဲ့ အခြေအနေတွေ မရှိဘူးလား”

“ရှင်းရှင်းပြောရရင် အဲဒီ(၃)ချက်လုံး မရှိဘူးသမီး။” စီးပွားရေးအခြေအနေ ချွတ်ခြုံကျနေတယ်၊ တရားဥပဒေစိုးမိုးမှုမရှိဘူး၊ အုပ်ချုပ်ရေးယန္တရားတစ်ခုလုံး ပျက်ပြားနေတယ်… ဒါတွေကို ပြန်လည်တည်ဆောက်ပေးဖို့ တပ်မတော်က နိုင်ငံတော်တာဝန်ကို ယူလိုက်ရတာပဲ သမီး… ”

သမီး စိတ်ဝင်စားနေတုန်း ကျွန်မစကားတွေ မနားတမ်းပြောလိုက်သည်။

“တပ်မတော်က ဦးဆောင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးခဲ့တယ်… တပ်မတော်ကပဲ ဒီမိုကရေစီ အခြေခံအုတ်မြစ်တွေချပေးခဲ့တယ်… တပ်မတော်ကပဲ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ရွေးကောက်ပွဲမှာ အနိုင်ရတဲ့ပါတီကို အာဏာလွှဲပြောင်းပေးခဲ့တယ်လေ”

“အဲဒီအကြောင်းတွေကို ဘာကြောင့် ထိမ်ချန်ပြီး တပ်မတော်ကို မမှန်မကန် စွပ်စွဲပုတ်ခတ် စော်ကားနေတာလဲ မေမေ…”

“သမီးရယ်… ဖဆပလဝန်ကြီးဟောင်း ဦးထွန်းဖေရေးတဲ့ အဘယ်ကြောင့် ပါလီမန်ဒီမိုကရေစီ ကျဆုံးရတာလဲ စာအုပ်ကို ဖတ်ရင် ပိုပြီးရှင်းသွားလိမ့်မယ်… အဓိကကတော့ တပ်မတော်ကို အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍကနေ ဖယ်ထုတ်ဖို့ ကြိုးစားကြတယ်… သမိုင်းအမှားတွေနဲ့ ပုံဖျက်ပြောဆိုနေကြတယ် ”

သမီးကို စကားတွေ အရှည်ကြီး ပြောဖြစ်ခဲ့သည်။ သူတို့လို လူငယ်တွေက သမိုင်းအမှန်ကို မသိလို့ မဖြစ်။ သူတို့၏ ဦးနှောက်ထဲတွင် အမှန်တရားများ ရှိနေရမည်။ တပ်မတော်ကို ပုတ်ခတ် စော်ကားပြောဆိုမှုများ ကြီးထွားလာပြီး လူငယ်ထုအတွင်း အာဃာတ ကြီးမားလာမည်ကို ကျွန်မ အလွန်စိုးရိမ်မိသည်။

ကျွန်မ စကားအဆုံးမှာ သမီးကလေးမျက်နှာတွင် ကျေနပ်နေသည့် အပြုံးရိပ်ကို တွေ့ရသည်။ သူ့ရင်ထဲတွင် အစိုင်အခဲတစ်ခုပမာ ဖြစ်နေသည့် တပ်မတော်အပေါ် အထင်လွဲမှားစိတ်ကို ကျွန်မ ဖြေဖျောက်ပေးနိုင်ခဲ့၏။ တကယ်တော့ ကျွန်မသမီးလေးသည် ကျွန်မဘဝ၏ လမင်းတစ်စင်းသာ ဖြစ်သည်။ လမင်းကြီးသာနေသည့် ညခင်းတစ်ခုတွင် တိမ်ညိုတိမ်မည်းတို့ ပိတ်ဖုံးကာဆီးနေပါက လမင်းကြီးအလှကို မမြင်ရ၊ မတွေ့ရသကဲ့သို့ လူတစ်ယောက်၏ စိတ်သန္တာန်တွင်လည်း အယူအဆ အမှားများ၊ ယုံမှားသံသယစိတ်များ၊ ဒေါသ မောဟတရားများ လောင်မြိုက်ပိတ်ဖုံးနေပါက ပူလောင် နွမ်းလျနေမည်သာ ဖြစ်သည်။ လူသားအားလုံး ဒေါသ၊ မောဟကင်းကွာ၍ အမှန်တရားကို ရှုမြင် နိုင်ကြပါစေ။ ။

# စစ်မှုထမ်းဟောင်းများ၊ ရဲမှုထမ်းများနှင့် မိသားစုဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များအား ဆန်၊ဆီ၊ ဆား၊ ပဲ စားသောက်ဖွယ်ရာများပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**
နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း သွားလာမှုများ ကန့်သတ်ချက်များကြောင့် စားရေးအခက် အခဲမရှိစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များ၊ စစ်မှုထမ်းဟောင်းရုံး၊ အိမ်ရာများ၊ တပ်နယ်ခန်းမများ၊ ရဲတပ်ဖွဲ့မှူးရုံးများနှင့် သက်ဆိုင်ရာရဲစခန်းများ၌ ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်၊ တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦးနှင့် တာဝန်ရှိသူများက ကချင်ပြည်နယ် အစိုးရ အဖွဲ့ရုံးရှိ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ရှေးဦးစွာ ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်တို့က အဖွင့် အမှာစကားများ ပြောကြားပြီး ပြည်နယ်ရဲတပ်ဖွဲ့ဝင်များအား ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။ **(ယာပုံ)**

အလားတူ ယနေ့တွင် ရှမ်းပြည်နယ် မြောက်ပိုင်း မိုးမိတ်မြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့နှင့် လင်းခေးမြို့နှင့် ခိုလမ်မြို့၊ ကရင်ပြည်နယ် ဖာပွန်မြို့၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် အလှူရှင်များက




အလှူငွေများ၊ နှာခေါင်းစည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့်အဖွဲ့ ခုတင်(၁၀၀)ဆံ့ အမှတ်(၂)တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများထောက်ပံ့



ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့်အဖွဲ့ ခုတင်(၁၀၀)ဆံ့ အမှတ်(၂) တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူတစ်ဦးအား အားပေးစကားပြောကြားစဉ်။

**ဘားအံ ဖေဖော်ဝါရီ ၁၆**
ကရင်ပြည်နယ်အတွင်း တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာအခက်အခဲများကို တစ်ထောင့် တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် ဘားအံမြို့နယ် ခုတင်(၁၀၀)ဆံ့ အမှတ်(၂)တပ်မတော်ဆေးရုံ၌ ယာယီကုသရေး ဆေးရုံအဖြစ်ဖွင့်လှစ်၍ ကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့် ကောင်စီဝင်များသည် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၀ နာရီခန့်က ဆေးရုံတွင် တက်ရောက်ကုသမှုခံယူသူများအား သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့်အဖွဲ့ဝင်များသည် ခုတင်(၁၀၀)ဆံ့ အမှတ်(၂) တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသော တပ်မတော်တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ မိသားစုဝင်များ၊ ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တက်ရောက်ဆေးကုသမှု ခံယူနေသူများ စုစုပေါင်းလူနာ ၁၃၀ ခန့်ကို အာဟာရ ဖြည့်စွက်အစားအစာများ ထောက်ပံ့ပေးအပ်ပြီး ခုတင် (၁၀၀)ဆံ့ အမှတ်(၂)တပ်မတော်ဆေးရုံအတွက် အလှူငွေများ ထောက်ပံ့ပေးအပ်သည်။

ပြည်နယ်အတွင်းမှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာအခက်အခဲများ ဖြစ်ပေါ်လာပါက အမှတ်(၂)တပ်မတော်ဆေးရုံတွင် အချိန်မရွေး ဆက်သွယ်ဆေးကုသမှုခံယူနိုင်ကြောင်းနှင့် သက်ဆိုင်ရာ ဆေးရုံများမှလည်း လွှဲပြောင်းကုသမှုခံယူနိုင်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဘားအံမြို့နယ် တောင်ကလေးတိုးချဲ့ မြို့ပြအိမ်ရာအဖြစ် ဆောင်ရွက်လျက်ရှိသော မြေနေရာသို့ သွားရောက်ကြည့်ရှုရာ ဘားအံခရိုင် အုပ်ချုပ်ရေးမှူး ဦးဆန်းမော်က မြေအကွက်ချထားမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **ခရိုင်(ပြန်/ဆက်)**

❐ *ကျောဖုံးမှ*

(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၇ အရ နိုင်ငံတော်အား အရေးပေါ် အခြေအနေကြေညာကာ ပုဒ်မ ၄၁၈၊ ပုဒ်မခွဲ(က)အရ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာ အရပ်ရပ်ကို တပ်မတော်က လွှဲပြောင်းတာဝန်ယူ ထမ်းဆောင်ခဲ့ရသည့်အခြေအနေများ၊ ထိုသို့တာဝန်ယူထမ်းဆောင်ခဲ့ရခြင်းသည် စစ်မှန်ပြီး တရားမျှတသည့်ပါတီစုံ ဒီမိုကရေစီစနစ်ဖော်ဆောင်ပေးရာတွင် လမ်းကြောင်းလွဲမှားမှုမရှိစေရေး ထိန်းသိမ်းပေးခြင်းသာဖြစ်သည့် အခြေအနေများ။

### ညှိနှိုင်းဆွေးနွေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းပြီး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်၏အခြေအနေ အရပ်ရပ်ကို ပြည်သူလူထုသို့ ရှင်းလင်းတင်ပြခဲ့မှု အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ရှေ့လုပ်ငန်းစဉ် ၅ ရပ်ချမှတ်ပြီး ရည်မှန်းချက်ထားဆောင်ရွက်သွားမည့် အခြေအနေများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းများမှ လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံဘဏ်များ အသင်းနာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပုဂ္ဂလိကဘဏ်များမှဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အုပ်ချုပ်ရေးကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် သီးခြားစီတွေ့ဆုံ၍ နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အား အဘက်ဘက်မှ ပြန်လည်တိုးတက်ကောင်းမွန်စေရေး ညှိနှိုင်းဆွေးနွေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်များ ထုတ်ပြန်၍ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပြုပေးခဲ့သည့် အခြေအနေများ၊ COVID-19 ရောဂါ ကာကွယ်ဆေးရောက်ရှိမှုနှင့် ကာကွယ်ဆေးထိုးနှံဆောင်ရွက်ပေးနေမှုအခြေအနေများ နှင့် ဆေးဝါးတင်သွင်းခွင့်များကိုလည်း သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုပေးထားသည့်အခြေအနေများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လွှဲပြောင်းပေးအပ်သည့် တိုင်းရင်းသားပြည်သူများအား တပ်မတော်ဆေးရုံများတွင် ဆေးဝါးကုသပေးထားမှုအခြေအနေများ၊ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေများကြောင့် ဖူးမြော်ခွင့်ယာယီရပ်ဆိုင်းထားသည့် နိုင်ငံတစ်ဝန်းမှ ဘုရားစေတီပုထိုးများအား ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရေး တပ်မတော်သားများက ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် အခြေအနေများနှင့် မိဘပြည်သူများအနေဖြင့် မိမိတို့ကိုးကွယ်ယုံကြည်ရာ ဘာသာတရားအလိုက် ဘုရားဝတ်ပြုခြင်း၊ ကောင်းမှုကုသိုလ်ပြုလုပ်ခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် ဖေဖော်ဝါရီ ၈ ရက်မှစ၍ COVID-19 စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်လည်ဖူးမြော်ခွင့်ပြုပေးခဲ့သည့် အခြေအနေများ၊ COVID-19 ရောဂါဖြစ်ပေါ်နေသည့်ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူလူထု၏ စားရေးအခက်အခဲဖြစ်ပေါ်မှုမရှိစေရန် တပ်မတော်မှ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးဝေလှူဒါန်းလျက်ရှိသည့် အခြေအနေများ။

### ရှင်းလင်းပြောကြား

လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ အချို့မြို့ကြီးများ၌ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်ပျက်ပြားစေသည့်အပြင် ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားလာနိုင်သဖြင့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ - ၁၄၄ ကို ထုတ်ပြန်၍ လူ ၅ ဦး သို့မဟုတ် ၅ ဦးထက်ပို၍ လူစုဝေးခြင်းမပြုရန် တားမြစ်ချက်များအား ထုတ်ပြန်ထားရှိသော်လည်း နေပြည်တော်၊ မန္တလေး၊ ရန်ကုန်၊ မော်လမြိုင်၊ မြစ်ကြီးနားမြို့နှင့် ပုသိမ်မြို့တို့တွင် ဆူပူဆန္ဒပြသူများက ဆူပူမှုမဖြစ်ပေါ်စေရန် ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ပရဟိတလူမှုရေးအသင်းများမှ မော်တော်ယာဉ်များ၊ ယာဉ်မောင်းများကို အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လာခဲ့သည့်အခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့၊ ညမပြတ် လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ သတင်းထုတ်ပြန်ချက်များ ထုတ်ပြန်ခဲ့သည့်အခြေအနေများ၊ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြသည့် နိုင်ငံ့ဝန်ထမ်းများသို့ အသိပေးကြေညာချက်များ ထုတ်ပြန်ဆောင်ရွက်ခဲ့သည့်အခြေအနေများကို Powerpoint Presentation များ၊ Video Clip များဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

### မေးမြန်းမှုများပြန်လည်ရှင်းလင်း

ထို့နောက် တက်ရောက်လာကြသည့် သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းခဲ့သည်။

### ဆက်လက်ဖော်ပြသွားမည်

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ် သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြားသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနမှ သတင်းထောက်များ လာရောက်သတင်း ရယူခဲ့ကြကြောင်းနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်မှု၊ မေးမြန်းဖြေကြားမှု အပြည့်အစုံကို ဆက်လက် ဖော်ပြသွားမည်ဖြစ်သည်။

**သတင်းစဉ်**

# ကျိုက်ထို၊ နောင်ချိုနှင့် မိုင်းပျဉ်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

အကောက်ခွန်ဦးစီးဌာနနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက ကျိုက်ထိုမြို့နယ် မရမ်းချောင်ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ဇော်သိန်းမြင့် မောင်းနှင်ပြီး စောနေမျိုးစေး လိုက်ပါလာသည့် မော်တော်ယာဉ်အား ရပ်တန့်ရှာဖွေရာ အမိုနီယမ်နိုက်ထရိတ် ၁၅၀၀ ကီလိုကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၄ နာရီ ၄၅ မိနစ်က မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် သီပေါ-နောင်ချိုကားလမ်း မိုင်တိုင် (၈၀/၄)အနီးတွင် ဇင်ကိုဦး(ခ)ကိုဦး မောင်းနှင်ပြီး တင်လင်းထွန်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၀၀ ကိုလည်းကောင်း ဖမ်းဆီးရမိသည်။

အလားတူ ဖေဖော်ဝါရီ ၁၃ ရက် ညပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မိုင်းပျဉ်းမြို့နယ် မိုင်းလျန်းကျေးရွာအုပ်စု တာကမာကျေးရွာအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ လူခြောက်ဦးကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ဝါးခြင်းတောင်းများကိုချ၍ ထွက်ပြေးလွတ်မြောက်သွားကာ ဘိန်းစိမ်း ၈၀ ဒသမ ၀၁ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



ဇော်သိန်းမြင့်၊ စောနေမျိုးစေးတို့အား သိမ်းဆည်းရမိသည့် အမိုနီယမ်နိုက်ထရိတ်များနှင့်အတူ တွေ့ရစဉ်။

# တောင်ပေါ်ဒေသဆောက်လုပ်ရေးကုမ္ပဏီ တိုးဂိတ်ကောင်တာနှင့် မှန်တံခါးများကို ဆိုင်ကယ်မောင်းနှင်သူတစ်ဦးက သံတုတ်များ၊ ခဲများဖြင့် ရိုက်နှက်ဖျက်ဆီးထွက်ပြေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

မိတ္ထီလာ - တောင်ကြီး လမ်းပိုင်း၊ တောင်ပေါ်ဒေသ ဆောက်လုပ်ရေးကုမ္ပဏီ တိုးဂိတ်ကောင်တာကို ဆိုင်ကယ်မောင်းနှင်သူ တစ်ဦးက ခဲဖြင့်ပေါက်၊ သံတုတ်ဖြင့် ရိုက်နှက်ဖျက်ဆီးပြီး ထွက်ပြေးသွားခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

**မှန်သုံးချပ်ကွဲအက်ပျက်စီး**

ဖြစ်စဉ်မှာ သာစည်မြို့ဘက်မှ မိတ္ထီလာမြို့ဘက်သို့ မောင်းနှင်းလာသော 7J/--- TownAce အမျိုးအစားနက်ပြာရောက်ယာဉ်သည် ယနေ့ မွန်းလွဲပိုင်းတွင် မိတ္ထီလာ - တောင်ကြီး လမ်းအတိုင်း မောင်းနှင်လာစဉ် တောင်ပေါ်ဒေသ ဆောက်လုပ်ရေး ကုမ္ပဏီတိုးဂိတ်အရောက်၌ ယင်းယာဉ်နှင့်အတူ မောင်းနှင်လာသည့် ဆိုင်ကယ်သမားက လမ်းအသုံးပြုခငွေပေးချေရာတွင် တရုတ်ယွမ်ငွေ ၂၀၀ တန်ကို တိုးဂိတ်ဝန်ထမ်းထံသို့ ပေးအပ်ရာ ဝန်ထမ်းဖြစ်သူက တရုတ်ငွေပေး၍ မရကြောင်း၊ မြန်မာငွေပေးရန် ပြန်လည်ပြောကြားခဲ့ရာ ဆိုင်ကယ်သမားက မြန်မာငွေနှင့်ရှင်း၍ ထွက်ခွာသွားခဲ့ပြီး ၅ မိနစ်ခန့်အကြာတွင် ဆိုင်ကယ်သမား ပြန်လည်လှည့်လာပြီး ခဲများဖြင့်ပေါက်ခြင်း၊ သံတုတ်နှင့် ရိုက်နှက်ခဲ့ခြင်းတို့ကြောင့် တိုးဂိတ်ကောင်တာရှိ မှန်သုံးချပ် ကွဲအက်ပျက်စီးသွားခဲ့ကြောင်း သိရသည်။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

အဆိုပါ ဆိုင်ကယ်သမားအား ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်အတွင်း ဝိုင်းဝန်းရိုက်နှက်မှုခံခဲ့ရသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦး ရရှိဒဏ်ရာများဖြင့် သေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် နှင်းဆီအိမ်ရာတွင် လုံခြုံရေးဆောင်ရွက်လျက်ရှိသော ရဲတပ်ဖွဲ့ဝင် တစ်ဦးသည် ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းက စံပယ်အိမ်ရာ ကွပ်ကဲမှုရုံးသို့ လုံခြုံရေးအရ သွားရောက်ပူးပေါင်းရန် ကမ်းနားလမ်းအတိုင်းထွက်ခွာလာစဉ် မင်းတဲအီကင်းရပ်ကွက် မဂ်လာရဲညွန့်ဓမ္မာရုံအနီးသို့အရောက်၌ တည်ငြိမ်အေးချမ်းရေးကို ပျက်စီးစေလိုသော အဖျက်အမှောင့်သမားများက ရပ်ကွက်လုံခြုံရေးဆောင်ရွက်နေသည်ဟု အကြောင်းပြပြီး ဓမ္မာရုံအတွင်း ဖမ်းဆီးခေါ်ဆောင်၍ ဥပဒေမဲ့လုပ်ရပ်များကို ကျူးလွန်ခဲ့ကြသဖြင့် ဖူးရောင် ပေါက်ပြဲဒဏ်ရာများဖြင့် သတိလစ်မေ့မျောလျက်ရှိကြောင်းနှင့် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ အရေးပေါ်ဆေးကုသမှုခံယူလျက်ရှိကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်သည်။

အဆိုပါ အရေးပေါ်ဆေးကုသမှုခံယူလျက်ရှိသည့် ရဲတပ်ဖွဲ့ဝင်အား တပ်မတော်သား ဆရာဝန်များက အထူးကြပ်မတ်ကုသပေးခဲ့သော်လည်း ရရှိဒဏ်ရာများမှာ ပြင်းထန်သောကြောင့် ယနေ့နံနက် ၄ နာရီခန့်တွင် ဦးနှောက်အတွင်း သွေးယိုစီးခြင်းရောဂါဖြင့် အသက်ဆုံးရှုံးသွားခဲ့ရသည်။ ရဲတပ်ဖွဲ့ဝင်၏ ဈာပနကို ယနေ့နေ့လယ်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ ပြုလုပ်ခဲ့ပြီး ထုံးတမ်းအစဉ်အလာများနှင့်အညီ သင်္ဂြိုဟ်ပေးခဲ့ကြောင်း သိရသည်။

ရပ်ရွာလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် ရဲတပ်ဖွဲ့ဝင်ကို ဥပဒေမဲ့လုပ်ရပ်များ ဝိုင်းဝန်းကျူးလွန်ခဲ့ကြသူများအား လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြောင်းမြမြို့၌ ရဲတပ်ဖွဲ့ဝင်များအား ဆူပူဆန္ဒပြသူများက ဝိုင်းဝန်းပိတ်ဆို့တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

မြောင်းမြမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေဖြင့် ဖမ်းဆီးထားသူအား မြောင်းမြထောင်သို့ သွားရောက်ပို့ဆောင်သည့် ရဲတပ်ဖွဲ့ဝင်များကို ဆူပူဆန္ဒပြသူများက ဝိုင်းဝန်းပိတ်ဆို့နှောင့်ယှက် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြောင်းမြမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေဖြင့် ဖမ်းဆီးထားသည့် ထက်ဝေယံကျော် မြရတနာရပ်ကွက် မြောင်းမြမြို့နေသူအား မြောင်းမြမြို့ အကျဉ်းထောင်သို့ သွားရောက်ပို့ဆောင်ပြီး ပြန်လည်ထွက်ခွာလာစဉ် ယနေ့ မွန်းတည့် ၁၂ နာရီခန့်တွင် ထောင်ကုန်းရပ်ကွက် ထောင်အဝင် လမ်းဆုံနေရာသို့အရောက် အင်အား ၁၀၀၀ ခန့်ဖြင့် ဝိုင်းဝန်းပိတ်ဆို့ တားဆီးပြီး ကျောက်ခဲများဖြင့် ပစ်ပေါက်နှောင့်ယှက်၍ ဥပဒေမဲ့ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ နှောင့်ယှက်ပစ်ခတ်မှုကြောင့် ရဲတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် ပါဝင်ပတ်သက်သူများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အောင်မြေသာစံမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁)ဖြစ်စဉ်တွင် ဖမ်းဆီးထိန်းသိမ်းထားသူများအား ဝန်ခံကတိဖြင့်ပြန်လည်စေလွှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ (၁)ရှေ့တွင် ဆူပူဆန္ဒပြသူများက နိုင်ငံ့တာဝန်ထမ်းဆောင်လျက်ရှိသည့် ဘဏ်ဝန်ထမ်းများအား ရုံးဆင်းချိန်တွင် တာဝန်ထမ်းဆောင်နေမှုနှင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်၍ ဆူပူနှောင့်ယှက်မှုများ ဆောင်ရွက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက် ဖမ်းဆီးထိန်းသိမ်းခဲ့သည့် သတင်းအား ဖေဖော်ဝါရီ ၁၅ ရက်တွင် သတင်းထုတ်ပြန်ပြီးဖြစ်သည်။

**ပြန်လည်စေလွှတ်ပေးခဲ့**

အဆိုပါဖြစ်စဉ်၌ ဖမ်းဆီးထိန်းသိမ်းထားခဲ့သည့် အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၁၀ ဦးတို့အား ကောင်းမွန်စွာ ထိန်းသိမ်းထားခဲ့ရာမှ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးကျော်ကျော်မင်းနှင့် အဖွဲ့ဝင်များက သွားရောက်တွေ့ဆုံ၍ အကြီးအကဲများက သဘောထားကြီးစွာဖြင့် ပြန်လည်စေလွှတ်ခဲ့သူများကို ရှင်းလင်းပြောကြားပြီး ဆူပူဆန္ဒပြမှု များတွင် ထပ်မံပါဝင်မှုမရှိစေရန် ဝန်ခံကတိ လက်မှတ်ရေးထိုးစေပြီး သက်ဆိုင်ရာနေရပ်များသို့ ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

○ *ကျော်ဖုံးမှ*

အထက်နားတွင် ရပ်တည်နေသည်။ ဖူလ်ဟမ်အသင်း၏ လက်ရှိခြေစွမ်းက နောက်ဆုံး ယှဉ်ပြိုင်ကစားခဲ့သည့် အဲဗာတန်အသင်းနှင့် ပွဲစဉ်တွင် မာဂျာ၏ သွင်းဂိုးနှစ်ဂိုးနှင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည် ဆိုသော်ငြား နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သောကြောင့် ခြေစွမ်းအကျဘက်ရောက်နေသည်ဟု ဆိုနိုင်ပေသည်။ အမှတ်ပေးဇယားရပ်တည်မှုမှာ ၂၃ ပွဲကစားပြီး ရမှတ် ၁၈ မှတ်ဖြင့် တန်းဆင်းဇုန်အတွင်း ကျရောက်နေသည်။

ဖူလ်ဟမ် အသင်းသည် တန်းဆင်းဇုန်အတွင်း ကျရောက်နေသော်လည်း ပြီးခဲ့သည့်ပွဲတွင် အမှတ်ပေးဇယား အထက်ပိုင်းမှ အဲဗာတန်အသင်းကို နှစ်ဂိုးပြတ်အနိုင်ရရှိထားသောကြောင့် ယခုဘန်လေအသင်းနှင့် ပွဲစဉ်တွင်လည်း နိုင်ပွဲရရှိရန် အားစိုက်ကစားလာဖွယ်ရှိနေသည်။ လတ်တလောခြေစွမ်းအရ ခြေရည်တူ နှစ်သင်းဖြစ်သောကြောင့် ပွဲကောင်းတစ်ပွဲ ဖြစ်လာမည်မှာ မလွဲပေ။

**အဲဗာတန်နှင့် မန်စီးတီး**

ပရီမီယာလိဂ်ပွဲစဉ် (၁၆) မှ ပွဲကျန်တစ်ပွဲဖြစ်သည့် အဲဗာတန်အသင်းနှင့် မန်စီးတီးအသင်းတို့ ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၂ နာရီ ၄၅ မိနစ်တွင် အဲဗာတန်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ မန်စီးတီးအသင်းသည် အမှတ်ပေးဇယားကို ဦးဆောင်ထားသည့်အသင်းဖြစ်ပြီး နောက်ဆုံးယှဉ်ပြိုင်ကစားထားသည့် ၁၆ ပွဲတွင်လည်း ၁၆ ပွဲစလုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည့် မန်စီးတီးအသင်း၏ခြေစွမ်းမှာ တည်ငြိမ်ပြီး အထူးကောင်းမွန်နေသည်။ အဲဗာတန်အသင်းက ပြီးခဲ့သည့်ပွဲစဉ်တွင် တန်းဆင်းဇုန်မှ ဖူလ်ဟမ်အသင်းကို နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့သောကြောင့် ခြေစွမ်း အဆိုးဘက်ဦးတည်နေသည်။ အမှတ်ပေးဇယားရပ်တည်မှုတွင် ၂၂ ပွဲကစားပြီး ၃၇ မှတ်ဖြင့် အဆင့် (၇) နေရာတွင် ရပ်တည်နေသည်။

မန်စီးတီးအသင်းသည် ပရီမီယာလိဂ် ၂၃ ပွဲတွင် ရဂိုးက ၄၆ ဂိုးအထိရှိပြီး အဲဗာတန်အသင်းက ၂၂ ပွဲတွင် ၃၄ ဂိုးသာ ရှိသောကြောင့် တိုက်စစ်ပိုင်းတွင် မန်စီးတီးအသင်းက အသာရနေသည်ကို တွေ့ရသည်။ ထို့အပြင် ခံစစ်ပိုင်းတွင်လည်း လက်ရှိအချိန်အထိ မန်စီးတီးအသင်းက ၁၄ ဂိုးသာခွင့်ပြုပေးထားခဲ့ရပြီး အဲဗာတန်အသင်းက ဂိုး ၃၀ အထိ ခွင့်ပြုပေးခဲ့ရသောကြောင့် ခံစစ်ပိုင်းတွင်လည်း မန်စီးတီးအသင်းက အသာရနေသည်ကို တွေ့ရသည်။

အဲဗာတန်အသင်း အနေဖြင့် မန်စီးတီးအသင်းကို တိုက်စစ်ပိုင်း၊ ခံစစ်ပိုင်းတွင် မယှဉ်သာသော်လည်း ယနေ့ပွဲစဉ်တွင် တိုက်စစ်ပိုင်းအားပြုကစားပြီး အဆုံးသတ်သေချာခဲ့လျှင် မန်စီးတီးအသင်းကို နိုင်ဖွယ်ရာရှိသည်။ မန်စီးတီးအသင်းကလည်း ဒုတိယနေရာမှ မန်ယူအသင်းကို ခုနစ်မှတ်အထိ ဖြတ်ထားနိုင်သောကြောင့် ယခုပွဲစဉ်ကို ဖိအားကင်းကင်းနှင့် ရင်ဆိုင်လာဖွယ်ရှိနေသည်။ ထို့ကြောင့် မည်သည့်အသင်းက အနိုင်ရရှိသွားမလဲ ဆိုသည်ကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၂ နာရီ ၄၅ မိနစ်တွင် အဆုံးအဖြတ်ပေးသွားတော့မည် ဖြစ်သည်။ **အောင်ဇော်**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# ကိုဗစ် - ၁၉ ကပ်ရောဂါ မပြီးဆုံးမီ အချိန်အထိ ဩစတြေးလျက ပြည်ပမှ နိုင်ငံအတွင်းသို့ ဝင်ရောက်မှုပိတ်ထားလို

**ကင်ဘာရာ ဖေဖော်ဝါရီ ၁၆**

ဩစတြေးလျနိုင်ငံသားအများစုမှာ ကိုဗစ် – ၁၉ မပြီးဆုံးမီ အချိန်အထိ ပြည်ပမှနိုင်ငံအတွင်းသို့ ဝင်ရောက်မှုကို ပိတ်ထားလိုသည်ဟု သိရသည်။ ဂါဒီယန်မှ စစ်တမ်းကောက်ယူမှုကို ဖေဖော်ဝါရီ ၁၆ ရက်တွင် ဖော်ထုတ်ခဲ့ရာ နိုင်ငံသား ၇၁ ရာခိုင်နှုန်းမှာ ပြည်သူ့ကျန်းမာရေးပြဿနာ အဆုံးတိုင် မဖြေရှင်းရသေးသရွေ့ အသွားအလာ ကန့်သတ်မှုခံယူခြင်းမရှိဘဲ ခရီးသွားလာခွင့်ပေးမည့် အစီအစဉ်ကို ဩစတြေးလျတွင် မစတင်သင့်ဟု ဖြေကြားခဲ့ကြသည်။ ဩစတြေးလျနိုင်ငံသည် နိုင်ငံအတွင်း အမြဲတမ်းနေထိုင်သူများနှင့် နိုင်ငံသားများမှလွဲ၍ ကိုဗစ်– ၁၉ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် ၂၀၂၀ မတ်လမှစတင်ကာ နယ်စပ်တံခါးများကို ပိတ်ထားခဲ့ခြင်း ဖြစ်သည်။ ဆေးဘက်ဆိုင်ရာအဖွဲ့ အကြီးအကဲဖြစ်သူ ဘန်ဒန်မာဖီက အပြည်ပြည်ဆိုင်ရာ လေကြောင်းခရီးစဉ်များ ၂၀၂၁ ခုတွင် ပြန်လည်စတင်နိုင်ရန် မဖြစ်နိုင်ဟု ပြောကြားခဲ့သည်။ အစိုးရက ၂၀၂၁ ခုနှစ် နှစ်လယ်ပိုင်းတွင် နယ်စပ်တံခါးများ ပြန်လည်ဖွင့်လှစ်ရန် ယခင်က ပြောကြားခဲ့ဖူးရာ ကန့်သတ်ချက်များဆက်လက်ထားရှိရဦးမည်ဟု မာဖီက ပြောသည်။

ဂါဒီယန်၏ စစ်တမ်းကောက်ယူမှုတွင် နိုင်ငံသား ၆၂ ရာခိုင်နှုန်းမှာ ဟိုတယ်တွင် အသွားအလာစောင့်ကြည့်မှု ခံယူရန် သဘောတူသည်ဟု သိရသည်။ စစ်တမ်းကောက်ယူမှုတွင် ဖြေဆိုသူ ထက်ဝက်နီးပါးမှာ ပြည်နယ်ခေါင်းဆောင်များသည် ဝန်ကြီးချုပ် စကော့မော်ရစ်ဆင်ထက် ပိုမိုကောင်းမွန်သည့် ခေါင်းဆောင်မှုကို ပြသခဲ့ကြသည်ဟု ဖြေကြားခဲ့ကြသည်။

**ဆင်ဟွာ**




ဆစ်ဒနီမြို့ရှိ ကိုဗစ် – ၁၉ ဆေးစစ်ရာနေရာတစ်ခုကို တွေ့ရစဉ်။

# နိုင်ဂျီးရီးယားနိုင်ငံမှ အိုကွန်ဂျိုအိုင်ဝီလာကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း၏ အကြီးအကဲအဖြစ် ရွေးချယ်

**လေဂို့စ် ဖေဖော်ဝါရီ ၁၆**

**နိုင်ဂျီးရီးယားနိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီးဟောင်းဖြစ်သူ နင်ဂိုဇီအိုကွန်ဂျိုအိုင်ဝီလာကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ အကြီးအကဲအဖြစ် ရွေးချယ်ခန့်အပ်ခဲ့ကြောင်း သိရသည်။**

ဖေဖော်ဝါရီ ၁၅ ရက်တွင် အဖွဲ့ဝင်နိုင်ငံများပြုလုပ်သည့် အစည်းအဝေးတွင် ယခုလို ခန့်အပ်မှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးအဖွဲ့ကြီးတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် ပထမဆုံးအမျိုးသမီးအဖြစ် တာဝန်ပေးအပ်ခံရခြင်းဖြစ်သည်။ အိုကွန်ဂျို- အိုင်ဝီလာသည် နိုင်ဂျီးရီးယား နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ကမ္ဘာ့ဘဏ်တွင် မန်နေဂျင်းဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့သူလည်းဖြစ်သည်။ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်အစိုးရအဖွဲ့က ယခင်သမ္မတဟောင်းထရမ့် အဆိုပြုချက်ကို ရပ်ဆိုင်းခဲ့ပြီးနောက် အိုကွန်ဂျို၏ ရာထူးခန့်အပ်မှု ပေါ်ပေါက်လာခြင်း ဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အစိုးရအဖွဲ့သည် တောင်ကိုရီးယား နိုင်ငံသားတစ်ဦးကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ အကြီးအကဲအဖြစ် ခန့်အပ်ရန် ထောက်ခံပေးခဲ့သည်။

သို့သော်လည်း ၎င်းမှာ ယခုလအစောပိုင်းတွင် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။ မတ်လ ၁ ရက်မှစတင်ကာ အိုကွန်ဂျို စတင်တာဝန်ထမ်းဆောင်ရန် ရည်ရွယ်ထားပြီး အဆိုပါရာထူးနေရာမှာ ပြီးခဲ့သည့်နှစ် ဩဂုတ်လကတည်းက နေရာလစ်လပ်နေခဲ့ခြင်း ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကိုဗစ်– ၁၉ကြောင့် ဖြစ်ပေါ်ခဲ့ရသည့် စီးပွားရေးကျဆင်းမှုမှ ရုန်းထွက်ကြရန် လိုအပ်ကြောင်း ၎င်းက အစည်းအဝေးတွင် ပြောကြားခဲ့သည်။

ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ကြီးအတွင်း ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် တောင်းဆိုမှုများ ရှိနေပြီး ယင်းသို့ပြုလုပ်ခြင်းဖြင့် ကုန်သွယ်ရေးပြဿနာများကို ကောင်းမွန်စွာ ဖြေရှင်းနိုင်မည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



နိုင်ဂျီးရီးယားနိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီးဟောင်းဖြစ်သူ နင်ဂိုဇီအိုကွန်ဂျိုအိုင်ဝီလာ။

# တောင်ကိုရီးယားပြည်သူ ၂၃ သန်းအတွက် နောက်ထပ် ကိုဗစ်- ၁၉ ကာကွယ်ဆေးများ ရယူထား

**ဆိုးလ် ဖေဖော်ဝါရီ ၁၆**

တောင်ကိုရီးယားနိုင်ငံသည် ပြည်သူ ၂၃ သန်းအတွက် နောက်ထပ် ကိုဗစ်– ၁၉ ကာကွယ်ဆေးများ ရယူထားကြောင်း ဖေဖော်ဝါရီ ၁၆ ရက်တွင် တောင်ကိုရီးယားဝန်ကြီးချုပ် ချုံဆေးကျုံက ပြောကြားခဲ့ရာ စုစုပေါင်း ၇၉ သန်းအတွက် ကာကွယ်ဆေး လုံလောက်တော့မည်ဖြစ်သည်။

ကာကွယ်ဆေးသန်း ၂၀ ကို အမေရိကန်ဆေးကုမ္ပဏီကြီးဖြစ်သည့် Novavax မှရရှိမည်ဖြစ်ပြီး ကျန်သုံးသန်းကိုမူ အမေရိကန် ဆေးကုမ္ပဏီကြီးဖြစ်သည့် ဖိုက်ဇာမှရရှိမည်ဖြစ်သည်ဟု တောင်ကိုရီယားဝန်ကြီးချုပ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် ပြည်သူ ၅၆ သန်းအတွက် ကိုဗစ်– ၁၉ ကာကွယ်ဆေးများ ရရှိထားပြီးသားဖြစ်ရာ ၎င်းတို့ထဲတွင် ဖိုက်ဇာနှင့် အက်စထရာဇနီကာ၊ မော်ဒါနာနှင့် ကိုဗက်အစီအစဉ်တို့မှ ပေးသည့် ကာကွယ်ဆေးများပါဝင်သည်ဟု သိရသည်။ တောင်ကိုရီးယားသည် လွန်ခဲ့သည့်နှစ်အတွင်းက အက်ထရာဇနီကာ ကုမ္ပဏီနှင့် နားလည်မှုစာချုပ်ချုပ်ဆိုခဲ့သည်။ တောင်ကိုရီးယားရှိ ပြည်သူ ၅၂ သန်းကို ကိုဗစ်– ၁၉ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးနိုင်ရေးအတွက် ပြုလုပ်သွားမည်ဟု တောင်ကိုရီးယားသမ္မတမွန်ဂျေအင်းက ကတိပြုပြောကြားခဲ့သည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်– ၁၉ ကူးစက်ခံရသူ ၄၅၇ ဦး ထပ်မံတွေ့ရှိခဲ့ပြီး စုစုပေါင်းကူးစက်ခံရသူမှာ ၈၄၃၂၅ ဦး ဖြစ်လာခဲ့သည်။ တောင်ကိုရီးယားတွင် နေ့စဉ်ကူးစက်မှုနှုန်း ၄၀၀ အထက်တွင် ရှိနေသည်မှာ လေးရက်ဆက်တိုက် ရှိနေပြီဖြစ်သည်။

**ဆင်ဟွာ**

# ၂၀၂၅ ခုနှစ်တွင် ဂျာဂွါကားများအားလုံးကို လျှပ်စစ်ကားများအဖြစ် ရောင်းချသွားမည်

**လန်ဒန် ဖေဖော်ဝါရီ ၁၆**

ဂျာဂွါတံဆိပ်အောက်ရှိ မော်တော်ကားများအားလုံးကို ၂၀၂၅ ခုနှစ်တွင် လျှပ်စစ်ကားများအဖြစ် ရောင်းချသွားမည်ဟု ဂျာဂွါလန်းရိုဗာက ပြောသည်။ လာမည့်ငါးနှစ်အတွင်း လျှပ်စစ်ကားမော်ဒယ်ငါးမျိုးကို လန်းရိုဗာမှ ထုတ်လုပ်သွားမည်ဟု ဗြိတိန်ဇိမ်ခံကားကုမ္ပဏီက ပြောသည်။

အဆိုပါကုမ္ပဏီသည် ၂၀၃၉ ခုနှစ်တွင် ၎င်း၏ စီးပွားရေးလုပ်ငန်းများတွင် ကာဗွန်လျော့ပါးစေရေးအတွက် ရည်ရွယ်ကာ ပြုလုပ်နေခြင်းဖြစ်သည်။ ယခုကဲ့သို့ မဟာဗျူဟာ ချမှတ်ဆောင်ရွက်ခြင်းကြောင့် ဂျာဂွါနှင့် လန်းရိုဗာကားများကို ပိုမိုပြိုင်ဘက်ကင်း တစ်မူထူးခြားသောကားများအဖြစ် ထွက်ပေါ်လာမည်မှာ သေချာသည်ဟု အမှုဆောင်အရာရှိချုပ် သီရယ်လီဗောလောက ပြောသည်။

ယင်းသို့ပြုလုပ်ခြင်းဖြင့် ရေရှည်တည်တံ့သည့် ကမ္ဘာကြီးဖြစ်လာစေရန် ကူညီပေးရာရောက်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ကုမ္ပဏီမှ ထုတ်လုပ်မည့်ကားများ နည်းပညာအသစ်အတွက် ၂ ဒသမ ၅ ဘီလီယံ သုံးစွဲသွားမည်ဟု ကုမ္ပဏီက စီစဉ်ထားသည်။ ယခုလှုပ်ရှားမှုမှာ ဂျာဂွါလန်းရိုဗာ ကားများအတွက် ကြီးမားသည့် အရွေ့တစ်ခုဖြစ်သော်လည်း လက်တွေ့တွင်မူ ရွေးချယ်စရာ အနည်းငယ်သာရှိသည်။

**အင်န်အိတ်ချ်ကေ**



# ဂျပန်နိုင်ငံက တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲကြီးကို လုံခြုံစိတ်ချစွာ ကျင်းပနိုင်ဖို့ ကတိပြုထားသော်လည်း ဆေးပညာရှင်များရဲ့ ရှုထောင့်အရ ဖြစ်လာနိုင်ပါ့မလား

ထွန်းကျော်

ဂျပန်နိုင်ငံ ကူးစက်ရောဂါဆိုင်ရာ အထူးကုဆရာဝန် အက်ဆုယိုဟာမာဒါက ဒီနှစ်နွေရာသီမှာ ဂျပန်နိုင်ငံ တိုကျိုမှာ ကျင်းပတဲ့ အိုလံပစ်အားကစားပြိုင်ပွဲကို တွေ့မြင်ချင်နေတဲ့သူတစ်ယောက် ဖြစ်ပါတယ်။ ဒါပေမယ့် စီစဉ်ထားတဲ့အတိုင်း ဖြစ်လာမှာလား၊ တခြားနေရာမှာ ကျင်းပမလားဆိုတာကိုတော့ မသိသေးပါဘူး။ သူကတော့ တိုကျိုအားကစားပွဲတော် ဖျက်သိမ်းဖို့ကိစ္စအပေါ် စိတ်အားထက်သန်ခြင်း သိပ်မရှိလှပါဘူး။




### ကပ်ရောဂါမဖြစ်ရင် စီစဉ်ထားတဲ့အတိုင်း ကျင်းပပြီးပြီ

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ မရှိဘူးဆိုရင်တော့ အိုလံပစ်အားကစားပွဲတော်ကြီးဟာ ကြီးကျယ်ခမ်းနားစွာနဲ့ စီစဉ်ထားတဲ့အတိုင်း ကျင်းပပြီးလောက်ပါပြီ။ ဒါပေမယ့် အခုတော့ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကြောင့် နှောင့်နှေးကြန့်ကြာမှုတွေ စီစဉ်ထားတဲ့အတိုင်း ဖြစ်လာမလား မသိဘူးဆိုတဲ့ စိုးရိမ်မှုတွေဟာ တဖြည်းဖြည်းနဲ့ အရှိန်မြင့်တက်လာပြီဖြစ်ပါတယ်။

ဒါပေမယ့် ဒီနှစ်ရဲ့ အချိန်ကာလအားဖြင့် ခြောက်လပိုင်းမတိုင်ခင်မှာ ရွှေ့ဆိုင်းထားတဲ့ အိုလံပစ်အားကစားပြိုင်ပွဲကြီးကို ပွဲစီစဉ်ကျင်းပသူတွေကတော့ အားကစားပြိုင်ပွဲကြီးကို လုံခြုံစိတ်ချစွာ ကျင်းပနိုင်လိမ့်မယ်ဆိုတဲ့အပေါ် ယုံကြည်ချက်အပြည့်ပါပဲ။

ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူတချို့ကတော့ ဒီပြိုင်ပွဲကြီးကို ကျင်းပဖို့ဆိုတာ သိပ်မဖြစ်နိုင်တော့ဘူးလို့ ဆိုကြပါတယ်။ သူတို့ကတော့ ဒီအိုလံပစ်အားကစားပြိုင်ပွဲကြီးကို ဖျက်သိမ်းလိုက်ခြင်းက ပိုပြီး အန္တရာယ်ကင်းတယ်လို့ ပြောကြပါတယ်။

### အားကစားသမားတွေကို ကောင်းကောင်းနားလည်

မိမိအနေနဲ့ အားကစားသမားတွေရဲ့ ခံယူချက်နဲ့ သဘောထားကို ကောင်းကောင်းနားလည်တယ်ဆိုပြီး ဗြိတိန်တက္ကသိုလ်တစ်ခုဖြစ်တဲ့ ဆောက်သမ်တန်တက္ကသိုလ်ရဲ့ ကမ္ဘာ့ကျန်းမာရေးအကြီးတန်းသုတေသီတစ်ဦးဖြစ်သူ မိုက်ကယ်ဟက်က ပြောကြားလိုက်ပါတယ်။

ကမ္ဘာ့အများပြည်သူ ကျန်းမာရေးရှုထောင့်က ကြည့်ရင် အိုလံပစ်အားကစားပွဲတော်ကြီးနဲ့ ပတ်သက်ပြီး အခုအခါမှာတော့ ဒီထက်ပိုပြီး ထူးခြားသွားတာ မရှိလောက်ပါဘူးလို့ သူက ပြောကြားလိုက်ပါတယ်။

အိုလံပစ်အာဏာပိုင်တွေဟာ ကိုရိုနာဗိုင်းရပ်စ်လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက်တွေကို စတင်ဖော်ပြနေပြီဖြစ်ပါတယ်။ ဂျပန်နိုင်ငံသို့ မရောက်ခင် ကြိုတင်လုပ်ဆောင်ရမယ့် ကျန်းမာရေးအခြေအနေမှသည် ရောက်ရှိပြီးနောက် ဆက်လက်လုပ်ဆောင်ရမယ့် ကျန်းမာရေးအခြေအနေတွေအထိ ဖော်ပြပေးထားပါတယ်။ ဒ့ါအပြင် အားကစားသမားတွေအနေနဲ့ အိုလံပစ်ကျေးရွာမှာ ဘယ်လောက်ကြာကြာ နေထိုင်ရမလဲဆိုတဲ့ ညွှန်ကြားချက်တွေလည်း ထုတ်ပြန်ထားပါတယ်။

### ဘေးအန္တရာယ်ကင်းပြီး စိတ်ချရမယ်

အားကစားပြိုင်ပွဲတွေဟာ ဘေးအန္တရာယ်ကင်းပြီး စိတ်ချရမယ်လို့ အိုလံပစ်အားကစားပြိုင်ပွဲ အမှုဆောင်ညွှန်ကြားရေးမှူး ခရစ္စတိုဖီဒူဘိုင်းက လွှန်ခဲ့တဲ့ သီတင်းပတ်က ပြောကြားလိုက်ပါတယ်။ ပွဲစီစဉ်တဲ့သူတွေဟာ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ဖြစ်ပွားနေတဲ့ အချိန်မှာ တခြားပွဲတွေ အောင်မြင်စွာ ကျင်းပနိုင်ခဲ့တာကို ထောက်ပြပြောဆိုခဲ့ကြပါတယ်။ ဒါပေမယ့် ကျွမ်းကျင်သူတွေက အိုလံပစ်အားကစားပွဲကြီးဟာ တခြားပွဲတွေနဲ့ မတူဘဲ လုံး၀ ကွဲပြားခြားနားမှုတွေရှိတယ်လို့ ဖော်ပြခဲ့ပါတယ်။

အားကစားပွဲတော်ကို လာရောက်မယ့် အားကစားသမားအရေအတွက်ဟာလည်း အထင်ကြီးစရာကောင်းလောက်ပါတယ်။ အိုလံပစ်ကျေးရွာတစ်ခုတည်းမှာကိုပဲ ကမ္ဘာ့နိုင်ငံပေါင်း ၂၀၀ လောက်က အားကစားသမားတွေအတွက် နေရာပေါင်း ၂၆၀၀၀ ရှိပါတယ်။ အလားတူပဲ မီဒီယာတွေကလည်း ၁၂၀၀၀ လောက်ရှိပါတယ်။

### ကာကွယ်ဆေးထိုးရင်တောင် ဗိုင်းရပ်စ်ကရှိနိုင်

သူတို့တွေကို အကုန် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးထိုးပေးလိုက်မယ်ဆိုရင်တောင် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးကို ကျိန်းသေခုခံနိုင်တဲ့ အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ်ကတော့ ရှိနေမှာပဲဖြစ်ပါတယ်။

မတူညီတဲ့ ကမ္ဘာ့နိုင်ငံတွေက လူတွေကို ရောနှောထားခြင်းဟာ အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါသစ်ကို ဖြစ်ပေါ်စေနိုင်တယ်လို့ ကျွမ်းကျင်သူများက ပြောကြားထားပါတယ်။

### လိုက်ပါလုပ်ဆောင်ကြရမယ်

ဩစတြေးလျ လာထရော့ဘ်တက္ကသိုလ်ရဲ့ ပြည်သူ့ကျန်းမာရေး တွဲဖက်ပါမောက္ခ ဟက်ဆန်ဇယ်လီက ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကို လျှော့ချနိုင်မယ့် နည်းလမ်းမှန်သမျှကို လိုက်ပါလုပ်ဆောင်ရမှာဖြစ်ကြောင်း ပြောကြားလိုက်ပါတယ်။

ဒါပေမယ့် မိမိတို့အနေနဲ့ ကိုရိုနာဗိုင်းရပ်စ် ဘေးအန္တရာယ်ကို လျှော့ချဖို့ဆိုတာ မလွယ်ကူကြောင်း ဇယ်လီက ပြောကြားလိုက်ပါတယ်။ ဇယ်လီဟာ ဗိုင်းရပ်စ်မူ၀ါဒနဲ့ ပတ်သက်ပြီး လုပ်ကိုင်ဆောင်ရွက်နေသူလည်း ဖြစ်ပါတယ်။

မိမိတို့မှာ အများပြည်သူကျန်းမာရေးနဲ့ ပတ်သက်ပြီး ရှုမြင်သုံးသပ်နိုင်မယ်ဆိုရင် အခုမလုပ်ချင်တာတွေ အကုန်လုံးကို အခုလုပ်ဆောင်ရမှာဖြစ်တယ်လို့ သူကပြောပါတယ်။

### စဉ်းစားဆုံးဖြတ်ထားကြ

စီစဉ်သူတွေဟာ အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေကို ချမှတ်ဖို့ နွေဦးရာသီအထိရောက်ရှိဖို့ စောင့်မျှော်နေရပါတယ်။ အဲဒီဆုံးဖြတ်ချက်တွေမှာ ပြိုင်ပွဲတွေကို လာရောက်ကြည့်ရှုသူတွေကို တားဆီးမလား၊ သို့မဟုတ် ဘယ်လို လုပ်သွားမလဲ။ တချို့ကျန်းမာရေးအာဏာပိုင်တွေကတော့ ဒီအချက်ကိုလုပ်ဖို့လိုတယ်လို့ စဉ်းစားဆုံးဖြတ်ထားပါတယ်။

ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ ပွဲကြည့်သူတွေကို ဒီပြိုင်ပွဲစဉ်တွေကို ကြည့်ခွင့်ပြုမယ်ဆိုရင်တော့ မယုံကြည်နိုင်စရာ ကောင်းနေမှာပဲလို့ ဟာမာဒါက ပြောပါတယ်။ ဒီပြိုင်ပွဲတွေကို ကြည့်ရှုအားပေးမယ့်သူတွေအတွက်လည်း အန္တရာယ်များတယ်လို့ သူက ပြောပါတယ်။

ဒီပြိုင်ပွဲစဉ်တွေကို ပါဝင်မယ့်သူတွေရဲ့ အရေအတွက်ကိုလည်း အနည်းဆုံးပမာဏအထိ လျှော့ချရမယ်လို့လည်း ကျွမ်းကျင်သူတချို့က ပြောပါတယ်။ အန္တရာယ်ဖြစ်နိုင်ခြေကို မလျှော့ချနိုင်ဘူးဆိုရင် မလွယ်ကူဘူးလို့လည်း သူတို့က ပြောပါတယ်။

> **“အိုလံပစ်အာဏာပိုင်တွေဟာ ကိုရိုနာဗိုင်းရပ်စ် လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက်တွေကို စတင်ဖော်ပြနေပြီ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံသို့မရောက်ခင် ကြိုတင်လုပ်ဆောင်ရမယ့် ကျန်းမာရေး အခြေအနေမှသည် ရောက်ရှိပြီးနောက် ဆက်လက်လုပ်ဆောင်ရမယ့် ကျန်းမာရေးအခြေအနေတွေအထိ ဖော်ပြပေးထားပါတယ်။ ဒ့ါအပြင် အားကစားသမားတွေအနေနဲ့ အိုလံပစ်ကျေးရွာမှာ ဘယ်လောက်ကြာကြာ နေထိုင်ရမလဲဆိုတဲ့ ညွှန်ကြားချက်တွေလည်း ထုတ်ပြန်ထားပါတယ်”**

### အိုလံပစ်အားကစားပွဲတော်အတွက် မျှော်လင့်ချက်

ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးကို ဈေးကွက်တင် တိုးမြှင့်ဖြန့်ချိနိုင်ရေးဟာ အိုလံပစ်အားကစားပွဲတော်အတွက် မျှော်လင့်ချက်တစ်ခု ဖြစ်ပါတယ်။ နွေရာသီမရောက်ခင် အားကစားသမားတွေကို ကာကွယ်ဆေးထိုးနှံနိုင်ဖို့ လုပ်ဆောင်မယ်လို့လည်း တချို့နိုင်ငံတွေက ပြောကြားလိုက်ပါတယ်။

ဂျပန်နဲ့ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီက အိုလံပစ်အားကစားပြိုင်ပွဲဝင်သူတွေအတွက် ကြိုတင်ကာကွယ်ဆေးထိုးပေးဖို့ မစီစဉ်ရသေးပါဘူး။ ပြည်သူ့ကျန်းမာရေးကျွမ်းကျင်သူ ကိုဂျီဝါဒါက အိုလံပစ်အားကစားပြိုင်ပွဲမတိုင်မီ အားကစားသမားတွေနဲ့ ပြည်သူလူထုကို ကာကွယ်ဆေးထိုးပေးနိုင်ဦးမယ် မဟုတ်ဘူးလို့ ပြောကြားလိုက်ပါတယ်။

### အဖြေတစ်ခုအဖြစ် မမှတ်ယူစေချင်

ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးဟာ မိမိကိုယ်ကို ကာကွယ်နိုင်တဲ့ ပစ္စည်းတစ်ခုဖြစ်ပါတယ်။ တခြားသူတွေကို ကာကွယ်ဖို့ သိပ်မသေချာဘူးလို့ ပါမောက္ခတစ်ဦးဖြစ်သူ ဝါဒါက ပြောကြားလိုက်ပါတယ်။ ကာကွယ်ဆေးကို အိုလံပစ်အားကစားပြိုင်ပွဲကျင်းပဖို့အတွက် အဖြေတစ်ခုအနေနဲ့ မမှတ်ယူစေချင်ကြောင်း သူကပြောကြားလိုက်ပါတယ်။

တချို့ ထိတွေ့ယှဉ်ပြိုင်ရတဲ့ အားကစားတွေဟာ ကူးစက်ရောဂါ ပိုမိုဖြစ်နိုင်ခြေများကြောင်း သူက ပွဲစီစဉ်သူတွေကို ပြောကြားလိုက်ပါတယ်။ လှိုင်းလျှောစီးခြင်းနဲ့ စားပွဲတင်တင်းနစ်လိုမျိုး အားကစားကတော့ အဆင်ပြေပါတယ်။ ဒါပေမယ့် ဂျူဒိုကတော့ နည်းနည်းလေး အန္တရာယ်ရှိတယ်လို့ သူကပြောပါတယ်။

ဒါပေမယ့် တခြားသူတွေကတော့ အားကစားပြိုင်ပွဲကျင်းပမယ့် ပုံစံကသာ အရေးကြီးပါတယ်လို့ ပြောပါတယ်။

### အတိုင်းအတာတစ်ခုအထိ တားဆီးနိုင်မယ်

မကြာသေးမီက စမ်းသပ်မှုတွေအရ အားကစားသမားတွေနဲ့ ဝန်ထမ်းတွေကို သူတို့ရဲ့ လှုပ်ရှားဆောင်ရွက်မှုတွေ ကန့်သတ်လိုက်ခြင်းအားဖြင့်လည်းကောင်း၊ လေပူဖောင်းများထဲတွင် သီးသန့်နေထိုင်ခြင်းနဲ့ လူတိုင်းက တီဗွီပေါ်က ကြည့်ရှုမယ်ဆိုရင် အတိုင်းအတာတစ်ခုအထိ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့နိုင်ခြေကို တားဆီးနိုင်မယ့်သဘော တွေ့ရပါတယ်။

ကိုရိုနာဗိုင်းရပ်စ် လုံး၀ကင်းစင်သွားတဲ့အချိန်မှ ဒီအားကစားပြိုင်ပွဲကို ကျင်းပဖို့ဆိုတာ လုံး၀မဖြစ်နိုင်တဲ့ကိစ္စတစ်ခုပဲဖြစ်ပါတယ်။ အခုအခါမှာတော့ ဟာမာဒါက အားကစားပြိုင်ပွဲစီစဉ်သူတွေအနေနဲ့ ဘေးအန္တရာယ်ကင်းတဲ့အားကစားပြိုင်ပွဲ ကျင်းပနိုင်ဖို့ တိကျတဲ့အစီအစဉ်ပြသဖို့ လိုတယ်ဆိုပြီး အကြံပေးထားပါတယ်။

အားလုံးကို အကောင်းဆုံးမလုပ်နိုင်ဘူးဆိုရင်တော့ ဒီပွဲကို ဖျက်သိမ်းလိုက်တာအကောင်းဆုံးပဲဖြစ်မှာပါ။ အဲဒီလိုဆိုရင်တော့ နောက်ဆုံးမှာ ဖျက်သိမ်းဖို့ပဲ ရှိပါတော့တယ်လို့ နိုင်ငံတကာမှာ သုံးသပ်တင်ပြထားပါတယ်။ ။

**ကိုးကား– အေအက်ဖ်ပီ**

# ကျန်းမာရေးဝန်ထမ်းများအား ပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများ၊ အခြားသော အထောက်အကူပြု ဝန်ထမ်းအသီးသီးတို့သည် လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှ စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ယခုအချိန်အခါသည် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့် လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် ထမ်းဆောင်ကြပါရန် အလေးအနက်ထား တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ "နေအိမ်တွင်သာ နေထိုင်ရေး အစီအစဉ် (Stay at home)" တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသော မြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ **"COVID–19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှု စီမံချက် (Mask and Face Shield Campaign)"** ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင်

- ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ(Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေးစည်းရုံးလှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များပေးဝေခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ၁၆-၂ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၈၃၂၀၇၀၈ | ၁၈၃၆၀၀၅၀ | ၄၉၈၂၅၈ |
| ၂။ | အိန္ဒိယ | ၁၀၉၃၁၄၉၂ | ၁၀၆၃၇၇၄၃ | ၁၅၅၈၈၃ |
| ၃။ | ဘရာဇီး | ၉၈၆၆၇၁၀ | ၈၈၀၅၂၃၉ | ၂၃၉၈၉၅ |
| ၄။ | ရုရှား | ၄၀၉၉၃၂၃ | ၃၆၂၄၆၆၃ | ၈၀၉၇၉ |
| ၅။ | ဗြိတိန် | ၄၀၄၇၈၄၃ | ၂၁၉၀၄၀၆ | ၁၁၇၃၉၆ |
| ၆။ | ပြင်သစ် | ၃၄၆၉၅၃၉ | ၂၄၂၅၂၈ | ၈၂၂၆ |
| ၇။ | စပိန် | ၃၀၈၆၂၈၆ | ၂၃၆၀၇၀၉ | ၆၅၄၄၉ |
| ၈။ | အီတလီ | ၂၇၂၉၂၂၃ | ၂၂၃၇၂၉၀ | ၉၃၈၃၅ |
| ၉။ | တူရကီ | ၂၅၉၄၁၂၈ | ၂၄၈၂၄၃၅ | ၂၇၅၆၂ |
| ၁၀။ | ဂျာမနီ | ၂၃၄၈၇၄၈ | ၂၁၄၁၄၀၀ | ၆၆၁၅၄ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၆ – ၂ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၂၃၃၉၅၉ | ၁၀၃၉၆၇၄ | ၃၃၅၉၆ |
| ဖိလစ်ပိုင် | ၅၅၂၄၆ | ၅၁၁၇၉၆ | ၁၁၅၂၄ |
| မလေးရှား | ၂၆၉၁၆၅ | ၂၂၄၀၅၃ | ၉၈၃ |
| မြန်မာ | ၁၄၁၆၅၉ | ၁၃၀၈၅၉ | ၃၁၉၂ |
| စင်ကာပူ | ၅၉၈၁၀ | ၅၉၆၄၁ | ၂၉ |
| ထိုင်း | ၂၄၇၈၆ | ၂၃၅၆၃ | ၈၂ |
| ဗီယက်နမ် | ၂၃၁၁ | ၁၅၇၃ | ၃၅ |
| ကမ္ဘောဒီးယား | ၄၇၉ | ၄၆၉ | ၀ |
| ဘရူနိုင်း | ၁၈၄ | ၁၇၇ | ၃ |
| လာအို | ၄၅ | ၄၁ | ၀ |






# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် နိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

**ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာဘုရား စေတီများအပါအဝင် သက်ဆိုင်ရာဘာသာများ အလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု ကြည်ညိုတရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။**


ပုသိမ်မြို့ရှိ သမိုင်းဝင်ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာ မိဘပြည်သူများ ကိုဗစ်-၁၉ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညိုနေစဉ်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး တို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော် ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား နေ့စဉ် နံနက် ၆ နာရီမှ ၇ နာရီအထိ လည်းကောင်း၊ နံနက် ၈ နာရီမှ ၉ နာရီအထိ လည်းကောင်း၊ နံနက် ၁၀ နာရီမှ ၁၁ နာရီ အထိ လည်းကောင်း နံနက်ပိုင်း သုံးကြိမ်၊ မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိလည်းကောင်း၊ ညနေ ၃ နာရီမှ ၄ နာရီအထိ လည်းကောင်း၊ ညနေ ၅ နာရီမှ ၆ နာရီအထိလည်းကောင်း ဖူးမြော်နိုင်ရေး ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလမ်ဘာသာရေးကျောင်း များ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာ ရေးကျောင်းများကိုလည်း သက်ဆိုင်ရာ ဘာသာများအလိုက် အများပြည်သူဝတ်ပြုကြည်ညိုနိုင်ရေးအတွက် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင်များက စည်းမျဉ်းစည်းကမ်းများ နှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ် အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး ပြင်ပမှ ဆရာဝန်များသည်လည်း ၎င်းတို့၏ သဘောဆန္ဒအလျောက် ကုသရေး လုပ်ငန်းများတွင် လာရောက်ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ် နယ်မြေ အသီးသီးရှိ တပ်မတော်ဆေးရုံများသို့ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၁၈၁၅ ဦး၊ အတွင်းလူနာ ၂၄၅၆ ဦးကို လွှဲပြောင်းခဲ့ပြီး တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ပြည်သူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၅၁၁ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၂၄၂ ဦး စုစုပေါင်း ၇၅၃ ဦး တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံ အသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၁၀၄ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၄၉၃ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ အနာဂတ်မျိုးဆက်သစ် ကလေးငယ် ၇၉၇ ဦးကို မွေးဖွားနိုင်ခဲ့သည်။



တိုင်းရင်းသားပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လာပါက နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ အချိန်မရွေး ဆက်သွယ် ဆေးကုသမှုခံယူနိုင်ကြောင်းနှင့် သက်ဆိုင်ရာ ဆေးရုံများမှလည်း လွှဲပြောင်းကုသမှုခံယူနိုင်ကြောင်း သိရသည်။

ယနေ့တွင် သက်ဆိုင်ရာ မြို့နယ်များရှိ နယ်မြေခံတပ်မတော်ဆေးရုံများသို့ ဆေးရုံလာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှု ခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့မှ ဒေသခံပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးဝေလှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ် ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် သရက်ခြံကျေးရွာ၊ လှိုင်သာယာမြို့နယ် ကန်လှစုကျေးရွာ၊ ရွှေပြည်သာမြို့နယ် အမှတ် (၁၇/၂၅/၂၆)၊ မှော်ဘီမြို့နယ် ပတ်တန်းကျေးရွာ၊ ရိုးကြီးကျေးရွာ၊ ရေပေါ်သဲ့ကျေးရွာနှင့် မိုးကြိုးပစ်ကျေးရွာတို့ရှိ အိမ်ထောင်စု ၆၀၀၀ တို့အတွက် ဆန်နှင့် ဆီများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူများ လက်ဝယ် အရောက် သွားရောက်ပေးအပ်သည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်ရှိ အိမ်ထောင်စု ၅၀၀ တို့အတွက် ဆန်နှင့် ဆီများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူများ၏ လက်ဝယ် အရောက် သွားရောက်ပေးအပ်သည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ တလိုင်းနွယ်ကုန်းကျေးရွာနှင့် အင်တိုင်းကျေးရွာတို့ရှိ အိမ်ထောင်စု ၁၀၀ အတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ တပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်မြို့ရှိ တပ်မတော်ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော တပ်မတော်သားများ၊ တိုင်းရင်းသားပြည်သူများ၏ သွေးလိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်အတွက် ယနေ့နံနက်ပိုင်းတွင် သံဃာတော်များနှင့် ဒေသခံပြည်သူများက အဆိုပါဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ထမ်းများက သွေးလှူရှင်များအား သွေးပေါင်ချိန်ခြင်း၊ သွေးအမျိုးအစားခွဲခြားခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး သံဃာတော် အပါး ၂၀ နှင့် ဒေသခံပြည်သူသွေးအလှူရှင် ၇၀ တို့က သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ သွေးလှူဒါန်းနေမှုများကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ပြည်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ သွေးအလှူရှင်များအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိဘပြည်သူများ စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ အချို့မြို့ကြီးများ၌ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်ပျက်ပြားစေသည့်အပြင် ရန်းရင်းဆန်ခတ်မှုအချို့ ဖြစ်ပွားလျက်ရှိပြီး ကောလာဟလများကြောင့် ညပိုင်းများတွင် မိဘပြည်သူများ ထိတ်လန့်စိုးရွံ့စွာဖြင့် နေထိုင်ရလျက်ရှိကြောင်း သိရှိရသည့်အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးကို ပြည့်ဝစွာဆောင်ရွက်ပေးလျက်ရှိသည်။

ထိတ်လန့်စိုးရွံ့စွာ နေထိုင်နေရသော မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် ယနေ့တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မကွေးမြို့ အမှတ်(၁၆) တပ်မတော်ဆေးရုံ ခုတင်(၁၀၀)တွင် ဆေးကုသမှုခံယူနေသူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်

**မကွေး ဖေဖော်ဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လွင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြတ်နှင့် အဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲပိုင်းက မကွေးမြို့ အမှတ်(၁၆) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀)တွင် ဆေးကုသမှုခံယူနေသော စစ်သည်နှင့် စစ်သည်မိသားစုဝင်များ၊ အရပ်သားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ ဆေးရုံတက်လူနာနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် ဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုသည်။ **(ယာပုံ)**

ထိုသို့ ဆေးကုသပေးလျက်ရှိရာတွင် မကွေးမြို့ အမှတ်(၁၆) တပ်မတော်ဆေးရုံ ခုတင်(၁၀၀)တွင် ဆေးကုသမှုခံယူနေသည့် အရာရှိတစ်ဦး ၊စစ်သည် ၁၂ ဦး၊ စစ်သည်မိသားစုဝင် ၁၈ ဦး ၊အငြိမ်းစားစစ်သည် သုံးဦး၊ အငြိမ်းစားမိသားစုဝင် တစ်ဦးနှင့် ပြည်သူ့ဆေးရုံကြီးများနှင့် တိုက်နယ်ဆေးရုံများတွင် ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှုခံယူရန် အခက်အခဲဖြစ်ပေါ်နေသည့် ရဲအမှုထမ်း ခုနစ်ဦး ၊ အရပ်သားပြည်သူ ၅၉ ဦး စုစုပေါင်း ၁၀၁ ဦး ဆေးကုသမှုခံယူလျက်ရှိပြီး အရပ်သားပြည်သူ ၅၉ ဦးတွင် မီးဖွားလူနာ ၂၉ ဦး ပါဝင်ကြောင်း သိရသည်။

အဆိုပါ ဆေးကုသမှုခံယူနေသူများအား မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြတ်၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းဦး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဦးဝေဇင်ထွန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ဆေးရုံတက်လူနာများအား စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





# ပူတာအိုမြို့နယ် နမ်ဟော့ကျေးရွာ၌ အခြေခံရိုးရာ အပ်ချုပ်စက်သင်တန်းဖွင့်

**ပူတာအို ဖေဖော်ဝါရီ ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံရိုးရာ အပ်ချုပ်စက်သင်တန်းကို ပူတာအိုမြို့နယ် မာမူးလဲ့ကျေးရွာအုပ်စု နမ်ဟော့ကျေးရွာ ဘက်စုံသုံးခန်းမ၌ ဖွင့်လှစ်ပေးလျက်ရှိကြောင်း ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ သိရသည်။

သင်တန်းတွင် သင်တန်းနည်းပြ ဆရာမဒေါ်မာလင်းရဲ့က ပူတာအိုမြို့နယ်အတွင်းရှိ မာမူးလဲ့ကျေးရွာအုပ်စု၊ မန်စေကျေးရွာအုပ်စု၊ ဆာရ်ခွမ်ဒမ်းကျေးရွာအုပ်စုများမှ သင်တန်းသူ ၁၅ ဦးတို့ကို ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၇ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းကို ကျေးလက်နေပြည်သူများ၏ လူမှုဘဝမြှင့်တင်ပေးနိုင်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးနိုင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းဖွင့်ပွဲတွင် ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းနှင့် မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်တို့က သင်တန်းကာလအတွင်း လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားကာ သင်တန်းအတွက် လိုအပ်လျက်ရှိသော သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ ပေးအပ်ကြောင်း သိရသည်။

ဖုန်ကန်(ပူတာအို)

# အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် စာသင်ကြားမှုများအား ရပ်ဆိုင်းထားရှိရပြီး ကျောင်းသူ ကျောင်းသားများ၏ ပညာသင်ကြားရေးတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့သည်။ ယခုအခါတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကို အထိုက်အလျောက် ထိန်းချုပ်လာနိုင်ပြီဖြစ်သဖြင့် စာသင်ကျောင်းများအား ဖွင့်လှစ်ခွင့်ရရှိပါက ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်စေရန်နှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တပ်မတော်သားများက အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် လိုအပ်သည့် ထိန်းသိမ်းစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့က ရှမ်းပြည်နယ် မြောက်ပိုင်း သိန်းနီမြို့ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ပိုင်း ကျိုင်းတောင်းမြို့ အခြေခံပညာ အလယ်တန်းကျောင်း (ဝိန်းကောင်)၌ လည်းကောင်း၊ ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း နှင့် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း (အောင်ဆန်းသူရိယ လှသောင်း)၌ လည်းကောင်း **(အောက်ပုံ)** သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တပ်မတော်သားများက ကျောင်းဝင်းများအတွင်းရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ စာသင်ဆောင်များအား ဆေးများ ပြန်လည်သုတ်ပေးခြင်းနှင့် စာသင်ဆောင်များ အတွင်း၊ အပြင် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်း ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရေရှားပါးသောကျေးရွာများသို့ ကျေးလက်ရေပေးရေး လုပ်ငန်းများဆောင်ရွက်ရန် ကွင်းဆင်းစစ်ဆေး

**ဆီဆိုင် ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ် တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်အတွင်းရှိ နွေရာသီတွင် ရေရှားပါးသောကျေးရွာများသို့ ကျေးလက်ရေပေးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်၊ ဟိုပုံးမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ရဲထွန်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်နိုင်ဝင်းတို့က နွေရာသီတွင် နှစ်စဉ်ရေရှားပါးမှုဒဏ်ကို ခံစားနေရသော ပင်စုံကျေးရွာအုပ်စု ဖြီဟန်ခါးကျေးရွာ၊ နောင်ကျောကျေးရွာအုပ်စု ထီဟန်ထိုးကျေးရွာသို့ သွားရောက်ပြီး သောက်သုံးရေရရှိမှု၊ ရေသုံးစွဲနေမှုအခြေအနေများနှင့် မြေသားမိုးရေလှောင်ကန်မှ ရေရရှိမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးကြကြောင်း သိရသည်။

**ခွန်ရဲထွေး(ပြန်/ဆက်)**

# ကျန်းမာရေးစောင့်ရှောက်မှု မော်တော်ယာဉ်လှူဒါန်း

**ရမည်းသင်း ဖေဖော်ဝါရီ ၁၆**

ရမည်းသင်းမြို့နယ် ကန်ဘဲ့ကျေးရွာနေ ဦးမှတ်ခင်-ဒေါ်သန်းတင်၊ (ဦးဖိုးထောင်-ဒေါ်မြတ်ပု)တို့အား အမှူးထားလျက် ရန်ကုန်မြို့ မြောက်ဒဂုံ (၄၃)ရပ်ကွက်၊ အေးရိပ်သာ (၄)လမ်းနေ (ဦးကျော်ငြိမ်း)- ဒေါ်သန်းသန်းယု သား/သမီး မိသားစုဖြစ်ကြသော ကိုအောင်ကျော်ဦး၊ ကိုဝင်းနိုင်-မဆုရည်မွန်၊ ဦးဇော်မင်းဦး-မမြတ်မြတ်စိုး၊ မအေးအေးမွန်ကျော် မိသားစုမှ ဖခင် (ဦးကျော်ငြိမ်း) (၂)နှစ်ပြည့်အား ရည်စူး၍ ရမည်းသင်းမြို့နယ် ကန်ဘဲ့ကျေးရွာ လူမှုရေးအသင်းအဖွဲ့သို့ လိုအပ်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှုယာဉ်အား ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက သံဃာငါးပါးပင့်ဖိတ်၍ ဆွမ်းကျွေးတရားနာရေစက်ချပွဲ ပြုလုပ်ကာ လှူဒါန်းကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**

## ရုံး/ဌာနများတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန် ကြီးကြပ်သူများ/ တာဝန်ကျဝန်ထမ်းများအနေဖြင့် အချင်းချင်း သတိပေးပြောကြားရမည့် အချက်များ

(အနည်းဆုံး တစ်နေ့ (၃)ကြိမ် ပြောကြားပေးပါရန်)

### ၁။ နံနက်ခင်း ရုံးသို့ လာရောက်စဉ်နှင့် ရုံးတက်ချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

- (COVID-19) ရောဂါပိုးသယ်ဆောင်ထားသော်လည်းအမြင်အားဖြင့်နေကောင်းကျန်းမာစွာဖြင့် ရောဂါလက္ခဏာတစ်စုံတစ်ရာ မပြသူများမှာ (၇၀%)အထက်တွင်ရှိနေသည်။
- (COVID-19)ရောဂါပိုးသည်အသက်ရှူထုတ်ခြင်းဖြင့်အကွာအဝေး(၅)ပေခန့်အထိ၊ ချောင်းဆိုးခြင်းဖြင့် တစ်စက္ကန့်လျှင်(၃၃)ပေနှုန်းဖြင့် (၆)ပေခွဲကျော်အထိ၊ နှာချေခြင်းဖြင့် တစ်စက္ကန့် လျှင် (၁၆၄)ပေနှုန်းဖြင့်(၁၉)ပေခွဲကျော်အထိ ရောက်ရှိနိုင်ပါသည်။
- (COVID-19)ရောဂါပိုးသည် အလုံပိတ်အခန်းများ/Air-con အခန်းများတွင် လေထဲလွင့်မျော၍ ကူးစက်ခြင်း(air borne transmission) မှတစ်ဆင့်ကူးစက်နိုင်ပါသည်။

(က) ဝန်ထမ်းကြို/ပို့ယာဉ်များပေါ်တွင် အချင်းချင်းသတိပေးပြောကြားရန်-

- အိမ်အပြင်သို့ ထွက်ရာတွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ။
- ဝန်ထမ်းကြို/ပို့ယာဉ်များကို စောင့်ဆိုင်းသည့်စုရပ်တွင် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆)ပေအကွာ ခပ်ခွာခွာနေပါ။
- ဝန်ထမ်းကြို/ပို့ယာဉ်များပေါ်တွင်စီးနင်းရာ၌ ထိုင်ခုံတစ်ခုတွင် တစ်ယောက်ချင်းစီသာ ဓားလွယ်ခုတ် အနေအထားဖြင့် ခပ်ခွာခွာထိုင်ပါ၊ ထိုင်ခုံတစ်ခုတည်းတွင် တစ်ဦးနှင့် တစ်ဦး နီးကပ်စွာ မထိုင်ရပါ။

(**မှတ်ချက်**။ အများသုံးယာဉ်များအသုံးပြုပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ၊ အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေပါ၊ အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်ကို မကြာခဏ အသုံးပြုပါ။)

(ခ) ရုံး/ဌာနသို့ ရောက်ရှိချိန်နှင့် ရုံးချိန်အတွင်းတွင် အချင်းချင်းသတိပေးပြောကြားရန်-

- ရုံး/ဌာနသို့ ဝင်ရောက်သည့်အခါ (Physical Distancing) မှုနှင့်အညီ တစ်ဦးနှင့် တစ်ဦး အနည်းဆုံး (၆)ပေအကွာ ခပ်ခွာခွာ ဝင်ရောက်ပါ။
- ရုံး/ဌာနအတွင်းသို့ မဝင်မီ ဆပ်ပြာနှင့် ရေကို အသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် လက်ဆေးပါ၊ (သို့မဟုတ်) အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။
- ရုံးဝင်ပေါက်နေရာများတွင် Non-touch thermometer အသုံးပြု၍ ကိုယ်အပူချိန် တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပါ။ ပုံမှန် ကိုယ်အပူချိန် (၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်အောက်) ရှိမှသာ လုပ်ငန်းခွင်သို့ ဝင်ရောက်ပါ။
- ရုံးချိန်အတွင်း ဧည့်သည်လက်ခံခြင်း မပြုရပါ။
- ရုံးချိန်အတွင်းတွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ။ အသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စွန့်ပစ်သည့်အခါ အဖုံးပါသည့် အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပါ။
- ရုံးတွင်း/ရုံးပြင် စာပေး/စာယူဌာနများတွင် တာဝန်ကျသူများသည် ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face Shield)၊ လက်အိတ် (Glove) တို့ကို စနစ်တကျ ဝတ်ဆင်ရပါမည်။
- အလုပ်ခွင်၌ ဝန်ထမ်းတစ်ဦးနှင့် တစ်ဦးအကြား (၆)ပေခွာ၍ အလုပ်လုပ်ပါ၊ တတ်နိုင်သမျှ မျက်နှာချင်းဆိုင်မနေရပါ။ ဖြစ်နိုင်ပါက တစ်ဦးနှင့် တစ်ဦးအကြား စားပွဲတင်ပလတ်စတစ်အကာ (Plastic Cover) အသုံးပြုပါ။
- အခြားသူများနှင့် ထိတွေ့မှု အများဆုံးရှိနိုင်သည့် မျက်နှာပြင်များ (ဥပမာ-အလုပ်စားပွဲမျက်နှာပြင်များ)ကို မကြာခဏ ပိုးသတ်သန့်စင်ပါ။
- ရုတ်တရက် နှာချေခြင်း၊ ချောင်းဆိုးခြင်း ပြုသည့်အခါတိုင်း ပါးစပ်နှင့်နှာခေါင်းကို တစ်ခါသုံးတစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် လုံခြုံအောင် ဖုံးအုပ်ပါ။ အသုံးပြုပြီးတစ်ရှူးကို အဖုံးပါသည့်အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပါ၊ ပြီးလျှင် လက်ကို စနစ်တကျ ဆေးကြောပါ။
- ရုံးချိန်အတွင်းတွင် ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ကို စက္ကန့် (၂၀) ကြာအောင် မကြာခဏ စနစ်တကျ ဆေးကြောပါ၊ (သို့မဟုတ်) အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။
- လုပ်ငန်းခွင်အတွင်း လုပ်ငန်းသဘာဝကြောင့်ဖြစ်စေ၊ မေ့လျော့၍ဖြစ်စေ တစ်ဦးနှင့် တစ်ဦး နီးကပ်စွာ ဆက်ဆံပြောဆိုခြင်း မရှိစေရန် အချင်းချင်းအထူးသတိပေးပါ။

### ၂။ ထမင်းစားချိန်တွင်-

- ထမင်းစားချိန်တွင် စုဝေး၍စားသောက်ခြင်း မပြုရပါ၊ မိမိ၏ အလုပ်စားပွဲ (သို့မဟုတ်) ထမင်းစားရန်သတ်မှတ်ထားသော နေရာတွင်သာ တစ်ဦးချင်း သီးသန့် စားသောက်ပါ။
- အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများကို မျှဝေသုံးစွဲခြင်း မပြုရပါ။

### ၃။ ညနေခင်း ရုံးဆင်းချိန်နှင့် အိမ်ပြန်ရောက်ချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

(က) ရုံးဆင်းချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

- ရုံး/ဌာနမှပြန်ချိန်တွင်လည်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆)ပေ အကွာ နေထိုင်ခြင်း (Physical Distancing) မှုကို လိုက်နာပါ။
- ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ။
- ဖျားခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် COVID-19 ရောဂါ သံသယဖြစ်ဖွယ်လက္ခဏာများ ခံစားနေရခြင်း၊ လွန်ခဲ့သော (၁၄)ရက်အတွင်း (COVID-19) ဓာတ်ခွဲအတည်ပြုလူနာ၊ စောင့်ကြည့်လူနာနှင့် အသွားအလာ ကန့်သတ်ခြင်းခံရသူတို့နှင့် ထိတွေ့မှုရှိခြင်း၊ ရောဂါဖြစ်ပွားမှု များပြားနေသောဒေသများသို့ ခရီးသွားရောက်ခဲ့ခြင်းတို့ရှိခဲ့ပါက ရုံး/ဌာနသို့ လာရောက်ခြင်း လုံးဝ မပြုရပါ၊ သက်ဆိုင်ရာဌာနအကြီးအကဲ နှင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ဆက်သွယ် အကြောင်းကြားပါ။
- ဝန်ထမ်းကြို/ပို့ယာဉ်များ (သို့မဟုတ်) အများပြည်သူသုံးယာဉ်များကို စီးနင်းချိန်တွင် (၁-က) တွင် ဖော်ပြထားသည့် လိုက်နာရန်အချက်များကို ပြန်လည်သတိပေး ပြောကြားပေးပါ။

(ခ) အိမ်ပြန်ရောက်ချိန်တွင်လိုက်နာရန်ပြောကြားရမည့်အချက်များ

- အိမ်သို့ပြန်ရောက်ပါက ဆပ်ပြာနှင့်ရေကို အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် လက်ဆေးပါ၊ အဝတ်အစားများကို ဆပ်ပြာဖြင့် မိနစ်(၃၀)စိမ်ပြီးနောက် လျှော်ဖွပ်ပါ၊ ဆပ်ပြာဖြင့် ရေချိုးပါ။
- ကိုယ်လက်သန့်စင်ခြင်းမပြုမီ နေအိမ်ရှိ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် အနီးကပ် ထိတွေ့ခြင်းမပြုရပါ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# မြဝတီ၌ ပြောင်းကုန်စည်ဒိုင် ဖွင့်လှစ်မည့်ကိစ္စကို ရပ်ဆိုင်းထားသော်လည်း ပြောင်းအရောင်းအဝယ်များ ထူးထူးခြားခြားပြောင်းလဲခြင်း မရှိ

**မြဝတီ ဖေဖော်ဝါရီ ၁၆**

မြဝတီ၌ ပြောင်းကုန်စည်ဒိုင် ဖွင့်လှစ်မည့်ကိစ္စကို ခေတ္တရပ်ဆိုင်းထားသော်လည်း ပြောင်းအရောင်းအဝယ်ဈေးကွက်များ ထူးထူးခြားခြားပြောင်းလဲခြင်းမရှိကြောင်း သိရသည်။

"ပြောင်းကုန်စည်ဒိုင် ဖွင့်လှစ်မယ့်ကိစ္စကိုတော့ ခေတ္တရပ်ထားပါတယ်။ ကုမ္ပဏီအနေနဲ့ လောလောဆယ် မြဝတီမှာ အသင်းရုံးခန်းကိုတော့ သွားဖွင့်ထားပါတယ်။ ကုန်စည်ဒိုင်ကတော့ မဖွင့်ရသေးပါဘူး။ ကုန်စည်ဒိုင်ဖွင့်ရမယ့် အခြေအနေမှာ အခုလိုမျိုး အပြောင်းအလဲတွေ ဖြစ်သွားတာပါ။ လောလောဆယ်မှာ ပြောင်းဈေးက သိသာလောက်အောင် အပြောင်းအလဲ သိပ်မရှိသေးပါဘူး။ ဈေးစဖွင့်ရောင်းဝယ်ဖောက်ကားနေကြတဲ့ ဖေဖော်ဝါရီ ၁ ရက်ကနေ ဖေဖော်ဝါရီ ၁၅ ရက်အထိတော့ ဈေးနှုန်းပြောင်းလဲမှု မရှိသေးပါဘူး။ နောက်ပိုင်းအခြေအနေကိုတော့ ခန့်မှန်းလို့ မရသေးပါဘူး" ဟု မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်း၏ ဥက္ကဋ္ဌ ဦးမင်းခိုင်က ပြောသည်။

အစေ့ထုတ်ပြောင်း တင်ပို့ရောင်းချသည့်စနစ်မှာ တောင်သူများထံမှ ကုန်သည်များက ဝယ်ယူပြီး ကုန်သည်များမှတစ်ဆင့် ပြည်တွင်း ပြည်ပသို့ ပြန်လည်ဖြန့်ဖြူးရောင်းချသည့် စနစ်ဖြင့် လည်ပတ်နေခြင်း ဖြစ်သည်။

"အာဆီယံ နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံက ပြောင်းတင်ပို့မှုမှာ ဒုတိယအများဆုံးနိုင်ငံပါ။ မြန်မာနိုင်ငံရဲ့ အစေ့ထုတ်ပြောင်း သုံးစွဲမှုဟာ အစာစပ်စက်ရုံ၊ အရက်ချက်စက်ရုံနဲ့ တခြားလုပ်ငန်းတွေအပါအဝင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ မက်ထရစ်တန်ချိန် ၁၂ သိန်းလောက်သာ ရှိခဲ့ပါတယ်။ ဒါ့ကြောင့် ပိုလျှံတဲ့ပြောင်းဆန်တွေကို တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ လာအို၊ စင်ကာပူ၊ မလေးရှားနိုင်ငံတွေကို တင်ပို့ရောင်းချပါတယ်။ နိုင်ငံအားလုံးကို တရားဝင်တင်ပို့ရောင်းချနေတာဖြစ်ပြီး တရုတ်နိုင်ငံကိုတော့ ကိုတာစနစ်နဲ့ ရောင်းချနေတာပါ"ဟု ၎င်းက ဆက်လက်ပြောသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က ပြောင်း ပြည်ပသို့ ၂ ဒသမ ၂ သန်းအထိ တင်ပို့နိုင်ခဲ့ပြီး အဆိုပါဘဏ္ဍာနှစ်သည် ပြောင်းတင်ပို့မှု အမြင့်ဆုံးနှစ်တစ်နှစ်ဖြစ်ကြောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်း၏ အချက်အလက်များအရ သိရသည်။

**နန်းထက်ထက်ချစ်**




# ကျောက်ဆည်မြို့နယ်တွင် ဒေသနှင့်ကိုက်ညီသည့် ကုလားပဲမျိုးများ တောင်သူများ စိုက်ပျိုးလာ

**ကျောက်ဆည် ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် ကုလားပဲမျိုးများ ပိုမိုပြောင်းလဲစိုက်ပျိုးလာကြကာ အထွက်နှုန်းကောင်းပြီး အဆင်ပြေလျက်ရှိသည်။

ယခင်က ကုလားပဲစိုက်တောင်သူများသည် အလွယ်တကူ ဝယ်ယူရရှိသည့်မျိုးများကို စိုက်ပျိုးကြပြီး ယခုအခါ ကုလားပဲစိုက် တောင်သူများက ဒေသနှင့်ကိုက်ညီသည့် ရေဆင်း ကုလားပဲမျိုးများကို ပြောင်းလဲစိုက်ပျိုးလာကြပြီး အသီးထွက်နှုန်းများ ပိုမိုမြင့်မားလာသဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဒွေးလှကျေးရွာမှ တောင်သူ ကိုယဉ်မင်းထွန်းက "ကျွန်တော့်မိသားစုမှာ ယာမြေဧက ၂၀ ပိုင်ဆိုင်ပြီး ဆည်ရေသောက်မဟုတ်လို့ နှစ်စဉ်ကုလားပဲစိုက် ရာသီရောက်တိုင်း မိရိုးဖလာစိုက်နည်းဖြစ်တဲ့ ပက်ကြဲစနစ်နဲ့ အလွယ်တကူဝယ်ယူရရှိတဲ့ မျိုးတွေကိုသာ စိုက်ပျိုးတဲ့အတွက်ကြောင့် အထွက်နှုန်းက ရသင့်သလောက်မရဘူး။ ဒါကြောင့် အခုနှစ်မှာတော့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်သွယ်ပြီး မြေနဲ့ကိုက်ညီတဲ့ ရေဆင်း(၁၃) ကုလားပဲတွေကို ပြောင်းလဲစိုက်ပျိုးခဲ့ပြီး စိုက်နည်းစနစ်ကိုလည်း ယခင်က ပက်ကြဲစနစ်အစား တန်းစိုက်စနစ်နဲ့ ပြောင်းလဲစိုက်ပျိုးခဲ့သောကြောင့် အသီးထွက်နှုန်းသိသိသာသာ တိုးပွားပြီး အဆင်ပြေလျက်ရှိပါတယ်" ဟု ပြောသည်။

ကျောက်ဆည်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ကုလားပဲစိုက်တောင်သူများ စီးပွားရေးအဆင်ပြေစေရေးအတွက် အထွက်နှုန်းကောင်းသည့် ရေဆင်း (၆)၊ ရေဆင်း (၁၂)၊ အနီကုလားပဲမျိုးများနှင့် ရေဆင်း(၃)၊ ရေဆင်း(၈)၊ ရေဆင်း(၁၁)၊ ရေဆင်း(၁၃) ကုလားပဲအဖြူမျိုးများကို ဖြန့်ဝေပေးခဲ့ပြီး ဝန်ထမ်းများကလည်း စိုက်နည်းစနစ်များကို အကူအညီများ ပေးလျက်ရှိကြောင်း၊ ကျောက်ဆည်မြို့နယ်တွင် ကုလားပဲစိုက်ဧက ၂၉၇၃၁ စိုက်ပျိုးထားရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**သက်မောင်(ကျောက်ဆည်)**

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆ - ၂ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၅၅၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၄၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၇၅၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၅၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၄၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၇၅၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၉၀/၇၂၅ | ကျပ် | ၇၂၅/၇၃၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၇၀၀/၇၄၀ | ကျပ် | ၇၄၀/၇၅၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၅၅/၆၈၅ | ကျပ် | ၇၂၀/၇၂၅ | ကျပ် |
| အောက်တိန်း ၉၅ | ၇၈၀/၈၀၀ | ကျပ် | ၈၄၅/၈၆၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၉၈ . ၈ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၉၈ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၅၇ . ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၄၃ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၂၈ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၈၈ . ၁ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၆ . ၅၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၉ . ၂၅၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၆ . ၉၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၆ . ၇၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၇၉၈ |

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၅၀၀ | ၉၆၀၀ | ၄၅၅ | ၄၃၆၂၅၀၀ |
| MTSH | ၃၆၀၀ | ၃၄၅၀ | ၁၁၄၃ | ၅၃၇၈၈၀၀ |
| MCB | ၈၃၀၀ | ၇၉၀၀ | ၁၁၄ | ၉၀၄၆၀၀ |
| FPB | ၂၂၅၀၀ | ၀ | ၀ | ၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁၉၄ | ၅၇၂၃၀၀ |
| EFR | ၃၃၅၀ | ၃၃၅၀ | ၁ | ၃၃၅၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၁၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# လာရောက်ဖူးမြော် ဥပ္ပါတသန္တိစေတီတော်

ညီထွန်းလွင်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရှေးဘိုးစဉ်ဘောင်ဆက် ကာလကတည်းက ဗုဒ္ဓဘုရားရှင်၏ အဆုံးအမများကို လေးစားမြတ်နိုး ကိုးကွယ်ရှင်သန်ထွန်းကားခဲ့ရာ ဘူမိနက်သန်နေရာအမှန် ဖြစ်ခဲ့သည်။ ခေတ်အဆက်ဆက်က တည်ထားကိုးကွယ်ခဲ့ကြသော ဘုရားကျောင်းကန်စေတီများနှင့် သာသနိက အဆောက်အအုံများ နိုင်ငံအနှံ့တွင် တည်ရှိနေခြင်းမှာ ဗုဒ္ဓသာသနာ ရောင်ဝါနေသို့ ထွန်းလင်းတောက်ပခဲ့သည့် ပုံရိပ်များပင်ဖြစ်သည်။ ထိုခေတ်ကာလက နိုင်ငံအုပ်ချုပ်ခဲ့ကြသူများသည် ဘုန်းတန်ခိုးကြီးမားပြီး မြတ်ဗုဒ္ဓ၏သာသနာကို လေးစားမြတ်နိုး တန်ဖိုးထားခဲ့သည့် အထောက်အထားများဟုလည်း ဆိုရပေမည်။

ဥပ္ပါတသန္တိစေတီတော်သည် နေပြည်တော် ပျဉ်းမနားမြို့၏ အနောက်မြောက်ဘက် နှစ်မိုင်လေးဖာလုံ ခန့်အကွာ၊ သပြေတောင်အရှေ့မြောက် ဥပုသ်တောရကျောင်း တောင်ကုန်းပေါ်ရှိ မြင့်မားသော ကုန်းပေါ်တွင် တည်ရှိပါသည်။

### တည်ထားပူဇော်

နိုင်ငံ၏ အုပ်ချုပ်ရေးယန္တရားတစ်ခုလုံးအား နေပြည်တော်သို့ ပြောင်းရွှေ့ပြီးနောက် ထိုအချိန်က နိုင်ငံ့တာဝန်ကို တာဝန်ယူခဲ့ကြသော အကြီးအကဲများက နေပြည်တော်ရှိ ရဟန်းရှင်လူ ပြည်သူများအနေဖြင့် ရန်ကုန်မြို့ရှိ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ရည်မှန်းပူဇော် ဖူးမြော်ကြည်ညိုနိုင်ကြစေရန်အတွက် ဤဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဥဒ္ဒေါင်္ဂအောက် တစ်ပေလျော့၍ ဥဒ္ဒေါင်္ဂ ၃၂၅ပေအမြင့် ဆောင်သော လိုဏ်ဂူသဏ္ဌာန် စေတီတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ တည်ထားပူဇော်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြပါသည်။

နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ရဟန်းရှင်လူပြည်သူအပေါင်း ဘေးဥပဒ်အန္တရာယ် ရန်အသွယ်သွယ် ကင်းဝေးပြီး ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံစေရန် ရည်သန်လျက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး (“ဥပ္ပါတ”-ဖြစ်ပေါ်ကြုံတွေ့လာသည့် ဘေးအန္တရာယ်အားလုံးကို “သန္တိ”- ငြိမ်းအေးစေခြင်းဟူသော အနက်အဓိပ္ပာယ်ရယူကာ) ဟူ၍လည်းကောင်း၊ စေတီတော်တည်ထားသည့် ကုန်းတော်အား ဥပ္ပါတသန္တိ ကုန်းတော်ဟူ၍လည်းကောင်း ပူဇော်သမုတ်ခဲ့ပါသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား တည်ထားကိုးကွယ်ရာတွင် မြန်မာ့ထုံးတမ်းစဉ်လာများဖြစ်သည့် သာသနာဝင်ကျမ်း၊ ဗုဒ္ဓဝင်ကျမ်း၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ သတ္တုရူပက ဝိလာသနီကျမ်း၊ မြန်မာ့ရိုးရာ ပဋိမာမုဒြာသိပ္ပံကျမ်း စသည့်ကျမ်းဂန်များနှင့်အညီ အောက်ပါ နဝမင်္ဂလကမ္မမင်္ဂလာအခမ်းအနား ကိုးမျိုးဖြင့် စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပဆောင်ရွက်ခဲ့ပါသည် -

(က) ၄-၈-၂၀၀၆ရက်နေ့တွင် အနန္တရာယိက မြေသန့်မဟာမင်္ဂလာ။
(ခ) ၁၂-၁၁-၂၀၀၆ရက်နေ့တွင် ရတနာပန္နက်တော်တင်၊ တွင်းတော်ဝန်းမဟာမင်္ဂလာ။
(ဂ) ၈-၂-၂၀၀၇ရက်နေ့တွင် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာ။
(ဃ) ၉-၂-၂၀၀၉ရက်နေ့တွင် သတ္တဌာန၊ မူလဌာပနာတော်သွင်းမဟာမင်္ဂလာ။
(င) ၉-၂-၂၀၀၉ရက်နေ့တွင် အလယ်ဌာပနာတော်သွင်းမဟာမင်္ဂလာ။
(စ) ၉-၂-၂၀၀၉ရက်နေ့တွင် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ။
(ဆ) ၇-၃-၂၀၀၉ရက်နေ့တွင် အထက်ဌာပနာတော်သွင်းနှင့် ရွှေထီးတော်တင် မဟာမင်္ဂလာ။
(ဇ) ၈ - ၃ - ၂၀၀၉ရက်နေ့တွင် ရတနာစိန်ဖူးတော်နှင့် ရတနာငှက်မြတ်နားတော်တင် မဟာမင်္ဂလာ။

> “နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ရဟန်းရှင်လူ ပြည်သူအပေါင်း ဘေးဥပဒ်အန္တရာယ် ရန်အသွယ်သွယ်ကင်းဝေးပြီး ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံစေရန် ရည်သန်လျက်ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး (“ဥပ္ပါတ”- ဖြစ်ပေါ်ကြုံတွေ့လာသည့် ဘေးအန္တရာယ်အားလုံးကို “သန္တိ”- ငြိမ်းအေးစေခြင်းဟူသော အနက်အဓိပ္ပာယ်ရယူကာ) ဟူ၍လည်းကောင်း၊ စေတီတော်တည်ထားသည့် ကုန်းတော်အား ဥပ္ပါတသန္တိ ကုန်းတော်ဟူ၍လည်းကောင်း ပူဇော်သမုတ်ခဲ့”

(ဈ) ၉-၃-၂၀၀၉ ရက်နေ့တွင် မြသပိတ်ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားတို့ ဖြစ်ပါသည်။

**စေတီတော်ကြီး၏ ထူးခြားချက်များမှာ-**

(က) အမြင့် ၇၃ ပေ ၈ လက်မမြင့်သော ပရိသတ် ၁၀၀၀၀ ဆံ့သည့် လိုဏ်တော်ကြီးပါဝင်ခြင်းနှင့် ပရိသတ် ၃၀၀၀၀ ဆံ့ ရင်ပြင်တော်ကြီး တည်ရှိခြင်း။
(ခ) ကုန်းတော်တွင် အရံစေတီ၊ အာရုံခံတန်ဆောင်းများ၊ ဓမ္မာရုံများ တည်ဆောက်ထားမှု မရှိခြင်း။
(ဂ) စေတီတော်လိုဏ်အတွင်း၌ ဥဒ္ဒေါင်္ဂတော် သုံးပေ နှစ်လက်မရှိ ပုံစံတူ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော် လေးဆူ ပူဇော်ထားခြင်း။
(ဃ) စေတီတော်၏ အရှေ့တောင်ထောင့်နှင့် အနောက်တောင်ထောင့်တို့တွင် ဓာတ်လှေကား လေးစင်း တည်ဆောက်ထားခြင်း။
(င) စေတီတော်တွင် ခြသေ့်ရုပ်၊ ဘီလူးရုပ်များ မပါခြင်း။
(စ) သီရိလင်္ကာနိုင်ငံနှင့် တရုတ်နိုင်ငံမှ လှူဒါန်းသော ဗုဒ္ဓမြတ်စွယ်တော်ပွား နှစ်ဆူအား ပူဇော်ထားရှိခြင်း။
(ဆ) စေတီတော်၏ အရှေ့မြောက်ထောင့်တွင် ဘုံ(၇)ဆင့်ပါသော ဂန္ဓကုဋိကျောင်းဆောင်တော် အတွင်း မဟာဆုတောင်းပြည့်ဘုရားကြီးကို ပူဇော်ထားခြင်းတို့ ဖြစ်ပါသည်။

စေတီတော်မြတ်ကြီး၏ အကျယ်အဝန်းမှာ ရင်ပြင်တော်အကျယ် ၇၀၂ ပေ၊ အလယ်ပစ္စယာ အကျယ် ၈၅၅ ပေ၊ အောက်ပစ္စယာအကျယ် ၁၀၀၈ ပေ၊ ပန်းတည်ခုံထိပ်အကျယ် ၃၅၂ ပေ၊ ပန်းတည်ခုံ အောက်ခြေအကျယ် ၃၄၂ ပေ၊ ပန်းတည်ခုံအခြေမှ မဟာရုံတံတိုင်းအထိ အကျယ် ပေ ၁၈၀ ဖြစ်ပါသည်။

ထို့အပြင် စေတီတော်မြတ်ကြီး၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာတွင် စောင်းတန်းလေးသွယ်ကိုလည်း တည်ဆောက်ထားရှိပြီး စေတီတော်ထဲသို့ အဝင်တွင် မုခ်ဦး လေး ခု ရှိပါသည်။

**စေတီတော်မြတ်ကြီး၏ ဥဒ္ဒေါင်္ဂတော်အမြင့်မှာ-**

ရင်ပြင်တော်မှ ပန်းတည်ခုံ ၂၀ ပေ
ပန်းတည်ခုံမှ ငှက်ပျောဖူး ၂၆၂ ပေ
ထီးတော်အမြင့် ၄၃ ပေ
**ရင်ပြင်တော်မှ ထီးတော်အထိ ၃၂၅ ပေ**ဖြစ်ပါသည်။

စေတီတော်၏ အရှေ့တောင်ထောင့်တွင် အမြင့် ၁၀၈ ပေရှိ တံခွန်တိုင်တည်ရှိပြီး အနောက်မြောက်ထောင့်တွင် အကျယ် ပေ ၅၀ ရှိ အောင်မြေလည်း တည်ရှိပါသည်။

စေတီတော်မြတ်ကြီး၏ အတွင်းပိုင်းတွင် ဗုဒ္ဓဘုရားရှင်၏ ဖွား၊ ပွင့်၊ ဟော၊ စံ အစရှိသည့် ဗုဒ္ဓပန်းချီကားများအား စကျင်ကျောက်သားပန်းချီကား တစ်ခြမ်းဖောင်းကြွဖြင့် ၄၈ ချပ် ပုံဖော်ထားရှိပြီး မာလ်ဘယ်ကျောက်ပြား ၂၂၈၁၉ ချပ်ဖြင့် ကြမ်းခင်းထားရှိပါသည်။ လိုဏ်မျက်နှာကြက်တွင် သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါးနှင့် ၂၄ - ပစ္စည်းတို့ကို ကြေးပန်းတဉ်း၊ ရွှေဇဝါယွန်းတို့ဖြင့် သွန်းလုပ်ပူဇော်ထားရှိပါသည်။

စေတီတော်၏ ပရိဝုဏ်တွင် ရှင်ဥပဂုတ္တစံကျောင်းတော်(မာလိနီမင်္ဂလာ ရေကန်တော်)၊ ပွင့်ရာဗောဓိ ၂၈ပင်၊ ဗောဓိညောင် ၁၀၈ပင်၊ ဝိသုံဂါမရွှေသိမ်တော်၊ စေတိယပါလစံကျောင်းတော်၊ သံဃာရာမကျောင်းဆောင်လေးဆောင်၊ သာသနာ့မဟာဗိမာန်တော် ပြတိုက်-ပိဋကတ်တိုက်-မော်ကွန်းတိုက်၊ နားနေဇရပ် သုံးဆောင်နှင့် ဂေါပကအဖွဲ့ရုံးတို့ကို တည်ဆောက်ထားရှိပါသည်။ ထို့ အပြင် စေတီတော်၏ အနောက်မြောက်ဘက်တွင် ဗုဒ္ဓခြေ တော်ရာ ပြတိုက်ကိုလည်း ဘုရားဖူးပြည်သူများ ဖူးမြော်နိုင်ရန် တည်ထားဆောက်လုပ် ပူဇော်ထားရှိပါသည်။

### ဆင်စာကျွေး၍ ကုသိုလ်ယူနိုင်

စေတီတော်မြတ်ကြီး၏ အရှေ့ဘက်အောက်ခြေတွင်ရှိသည့် ရတနာဆင်ဖြူတော်ဆောင်တွင် ဘဒ္ဒဝတီ၊ နန္ဒဝတီ၊ ဟေမဝတီ၊ ငွေဆဒ္ဒန်၊ သီရိမာလာနှင့် ဇာတကလျာဟူသော ရတနာဆင်ဖြူတော် ခြောက်စီးကို ထားရှိပြီး ဘုရားဖူးပြည်သူများအနေဖြင့် ဆင်စာကျွေး၍ ကုသိုလ်ယူနိုင်ရန်လည်း စီစဉ်ထားရှိပါသည်။

စေတီတော်၏ မြောက်ဘက်နှင့် အရှေ့မြောက်တွင် ဗောဓိညောင်ပင် သုံးပင်ကိုလည်း စိုက်ပျိုးထားရှိပါသည်။ စေတီတော်ကြီး တည်ဆောက်ရာတွင် နှစ်နှစ် ရှစ်လကြာမြင့်ခဲ့ပြီး စေတီတော်၏ သာသနာ့မြေအကျယ်မှာ ၃၂၄ ဒသမ ၄၄ ဧကရှိပါသည်။ စေတီတော်မြတ်ကြီးနှင့် စပ်လျဉ်းသည့် လုပ်ငန်းကိစ္စရပ်များကို ဆောင်ရွက်ရာတွင် လိုအပ်သည်များ ညွှန်ကြားနိုင်ရန် အဖွဲ့ဝင် ခြောက်ဦးပါဝင်သော နာယကအဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ဂေါပကအဖွဲ့ကိုလည်း အဖွဲ့ဝင် ခုနစ်ဦးဖြင့် ဖွဲ့စည်းထားရှိကာ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန် ရုံးအဖွဲ့မှူးတစ်ဦး၊ ဌာန ခြောက်ခု(စီမံရေးရာဌာန၊ ဘဏ္ဍာရေးနှင့်စာရင်းအင်းဌာန လုပ်ငန်းရပ်ဌာန၊ ဝတ္တကမြေ သာယာရေးဌာန၊ လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးဌာန၊ အတွင်းရေးမှူးဌာန) ခွဲ၍ အမြဲတမ်းဝန်ထမ်း ၁၃၄ ဦး၊ နေ့စားလုပ်သား ၉၄ ဦးတို့ဖြင့် စေတီတော်မြတ်ကြီး၏ သန့်ရှင်းသာယာလှပရေး၊ လုံခြုံရေးလုပ်ငန်းများကို တာဝန်ယူထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။

### ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

မြန်မာတို့၏ နေ့ထူးနေ့မြတ်များ၊ အခါကြီး ရက်ကြီးများဖြစ်သော တန်ခူးလတွင် နှစ်သစ်မင်္ဂလာအန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ခြင်း၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲကျင်းပခြင်း၊ ဝါဆိုလတွင် လိုဏ်အတွင်း၌ ဗုဒ္ဓဆင်းတုတော်လေးဆူတို့အား ရွှေကြာသင်္ကန်း ဆက်ကပ်ပူဇော်ခြင်းနှင့် သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်ခြင်း၊ ဝါတွင်းကာလတွင် လပြည့်၊ လကွယ်နှင့် ဥပုသ်ရက်များ၌ သီလပေးခြင်း၊ သီတင်းကျွတ်လတွင် အဘိဓမ္မာအခါတော်နေ့နှင့် ဆီမီး ၉၀၀၀ ပူဇော်ပွဲ ကျင်းပခြင်း၊ တန်ဆောင်မုန်းလတွင် ရွှေကြာသင်္ကန်းကပ်လှူခြင်းနှင့် ဆီမီး ၉၀၀၀ ပူဇော်ပွဲကျင်းပခြင်း၊ တပို့တွဲလတွင် ထမနဲထိုး ပူဇော်ပွဲကျင်းပခြင်း၊ တပေါင်းလတွင် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပခြင်း၊ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များဆက်ကပ်လှူဒါန်းပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပခြင်းနှင့် ဆီမီး ၉၀၀၀ ပူဇော်ပွဲကျင်းပခြင်းတို့ကို နှစ်စဉ် အစဉ်အလာမပျက် ကျင်းပလျက်ရှိပါသည်။ ထို့အပြင် လစဉ်လဆန်း ၁၁ရက်မှ လပြည့်နေ့အထိ အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲကို ကျင်းပခဲ့ရာ ၁၃၈၂ ခုနှစ် တပို့တွဲလအထိ (၁၂၇) ကြိမ်မြောက်အထိ ပူဇော်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

သို့ဖြစ်ရာ နေပြည်တော်သို့ အကြောင်းအမျိုးမျိုးဖြင့်ရောက်ရှိခဲ့ပါက ဥပ္ပါတသန္တိကုန်းတော်မြတ်တွင် တည်ထားကိုးကွယ်ထားရှိသည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညို ကုသိုလ်ပြုနိုင်ကြပါရန် ချစ်ကြည်လေးစားစွာ ဖိတ်မန္တကပြုအပ်ပါသည်။

ပြည်သူများ၊ ကြည်ညို သဒ္ဓါပွားစေခြင်းငှာ၊ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု ဗုဒ္ဓသာသနာ အဓွန့်ရှည်စွာ တည်ရှိစေကြောင်း အထောက်အပံ့ဖြစ်ကြစေခြင်းအတွက် ရေးသားတင်ပြအပ်ပါသည်။ ။

## နိုင်ငံတကာအနုပညာ သတင်းပဒေသာ


### အနုပညာ သက်တမ်း ၅၂ နှစ်ပြည့်အတွက် အမီတာဘချမ်း ပရိသတ်များကို ကျေးဇူးတင်စကားဆို

ဘောလိဝုဒ်မင်းသားကြီး အမီတာဘချမ်းသည် ဖေဖော်ဝါရီ ၁၅ ရက်က ၎င်း၏ ပထမဆုံးရုပ်ရှင်တွင် သီချင်းဆိုခဲ့သည်မှာ ၅၂ နှစ် ပြည့်ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ၎င်းကိုအားပေးချစ်ခင်ခဲ့ကြသည့် ပရိသတ်များကို ကျေးဇူးတင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ အသက် ၇၈ နှစ်ရှိပြီဖြစ်သော အမီတာဘချမ်းသည် ၁၉၆၉ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် Saat Hindustani ဟုအမည်ရသည့် ပထမဆုံးအက်ရှင်ကားဖြင့် အနုပညာအလုပ်ကို စတင်လုပ်ကိုင်ခဲ့ပြီး အဆိုပါ ရုပ်ရှင်ကားမှာ ရိုက်ကူးပြီး ကိုးလအကြာ နိုဝင်ဘာ၇ ရက်တွင် ထွက်ရှိခဲ့သည်။

ဆယ်စုနှစ် ငါးခုစာဖြတ်ကျော်လာသည့် ၎င်း၏ပုံရိပ်များကို ပရိသတ်များက စုစည်းပေးခဲ့ပြီး တွစ်တာပေါ်တွင်လည်း ၎င်း၏ အနုပညာသက်တမ်းမှာ ၅၂ နှစ်ရှိပြီဟု ကြေညာခဲ့သည်။ အမီတာဘချမ်း နောက်ဆုံးရိုက်ကူးထားသည့် ရုပ်ရှင်မှာ Gulabo Sitabo ဖြစ်ပြီး တစ်နိုင်ငံလုံးအနှံ့ ကိုဗစ် – ၁၉ ပိတ်ဆို့ကန့်သတ်မှုများကြောင့် Amazon Prime Video တွင် ပွဲဦးထွက်ပြသခဲ့သည်။

**ဘောလိဝုဒ်လိုက်ဖ်**



ဘောလိဝုဒ်မင်းသားကြီး အမီတာဘချမ်း

### အဆိုတော် နစ်ကီမင်နာ့ဂျ်၏ ဖခင်ဖြစ်သူ ကားတိုက်ခံရပြီး သေဆုံး

ရက်ပ်အဆိုတော် နစ်ကီမင်နာ့ဂျ်၏ ဖခင်ဖြစ်သူသည် နယူးယောက်မြို့တွင် ကားတိုက်ခံရပြီးနောက် သေဆုံးသွားခဲ့သည်ဟု ရဲများက ပြောသည်။

အသက် ၆၄နှစ် အရွယ် ရောဘတ်မရက်ဂျ်သည် ဖေဖော်ဝါရီ ၁၂ ရက်ညနေပိုင်းက လမ်းလျှောက်လာစဉ် ကားတိုက်ခံရခြင်း ဖြစ်သည်။ ကားတိုက်ခံရပြီးနောက် ၎င်းကို ဆေးရုံသို့ ခေါ်ဆောင်သွားခဲ့သော်လည်း ဖေဖော်ဝါရီ ၁၃ ရက်တွင် သေဆုံးသွားခဲ့ပြီဟု အတည်ပြုခဲ့သည်။ ကားတိုက်မှုအတွက် မျက်မြင်သက်သေများကို ရဲတပ်ဖွဲ့က အကူအညီတောင်းခံထားသည်။ နစ်ကီမင်နာ့ဂျ်ဘက်မှ ဖခင်သေဆုံးသွားပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခြင်း မရှိသေးသော်လည်း ၎င်း၏ကိုယ်စားလှယ်ကမူ ရောဘတ်သေဆုံးသွားပြီ ဖြစ်ကြောင်း အတည်ပြုခဲ့သည်။

နစ်ကီမင်နာ့ဂျ်၏ အမည်ရင်းမှာ အိုနီကာတန်ရာမရက်ဂျ်ဖြစ်ပြီး ထရီနီဒက်နိုင်ငံတွင် မွေးဖွားခဲ့သူဖြစ်သည်။ နစ်ကီမင်နာ့ဂျ်နှင့် ခင်ပွန်းသည်ဖြစ်သူ ကန်နက်ပတ်တီတို့ ပထမဆုံးကလေးရရှိပြီး လေးလကြာပြီးနောက်တွင် နစ်ကီ၏ ဖခင်သေဆုံးကြောင်း သတင်းထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

**စကိုင်းနယူး**



အဆိုတော် နစ်ကီမင်နာ့ဂျ်

## အိမ်မွေးဝက်များ ရိုးရိုးအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားနေသဖြင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**တောင်ပြိုလက်ဝဲ ဖေဖော်ဝါရီ ၁၆**

ရခိုင်ပြည်နယ် တောင်ပြိုလက်ဝဲမြို့အတွင်း တစ်ပိုင်တစ်နိုင် အိမ်မွေးဝက်များ ရိုးရိုးအသက်ရှူလမ်းကြောင်းဆိုင်ရာ ဖြစ်ပွားနေသဖြင့် မြို့အုပ်ချုပ်ရေးမှူး ဦးအမ်းဇော်မိုး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ခံ ဦးအောင်နှင့် တာဝန်ရှိသူများသည် ယမန်နေ့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ အစည်းအဝေးပြုလုပ်ခြင်း(ယာပုံ) နှင့် ရပ်ကွက်/ကျေးရွာအတွင်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင်ပြည်သူများအနေဖြင့် ဝက်သားများကို မစားသုံးကြရန်၊ မိမိကျေးရွာအတွင်း ဝက်များကျန်းမာရေး မကောင်းလျှင် သက်ဆိုင်ရာသို့ အကြောင်းကြားရန်၊ ကြိုတင် ကာကွယ်ဆေးများနှင့် ကုသဆေးများ ထိုးနှံကြရန်၊ ဝက်များသေဆုံးပါက မီးရှို့ခြင်း၊ မြေမြှုပ်ခြင်းများ ပြုလုပ်ကြရန်၊ ကျေးရွာများနှင့် ရပ်ကွက်များ၊ မြို့ပေါ်မြို့မဈေးများအတွင်း ဝက်သားများ ရောင်းချခြင်းများ မပြုလုပ်ဘဲ ခေတ္တတားမြစ်ထားရန် စသည့်ကိစ္စရပ်များကို အစည်းအဝေး ဆုံးဖြတ်ချက်အရ အများပြည်သူသိရှိစေရန် မြို့ပေါ်ရပ်ကွက်များသို့ ကွင်းဆင်းပြီး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

တောင်ပြိုလက်ဝဲမြို့ မြို့ပေါ်ရပ်ကွက်၌ လွန်ခဲ့သည့် နှစ်ရက်အတွင်း တစ်ပိုင်တစ်နိုင် ဝက်မွေးမြူကြရာ ဝက်ငါးကောင်ခန့် သေဆုံးမှုဖြစ်ပွားသဖြင့် ပြည်သူများအား ကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်ခိုင်(ပြန်/ဆက်)**

## ညောင်ဦးမြို့နယ်တွင် စပျစ်သီးနှံစမ်းသပ်စိုက်ပျိုးသည့်တောင်သူများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ညောင်ဦး ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စုနှင့် သစ်ထောင့်တောင်အုပ်စုရှိ ကျေးရွာများတွင် စပျစ်သီးနှံ စမ်းသပ်စိုက်ပျိုးကြရာ အသီးသီးနှုန်း ကောင်းမွန်နေခြင်းကြောင့် ဆွတ်ခူးရောင်းချချိန် ဈေးနှုန်း၊ ဈေးကွက်ကောင်းမွန်ရန် မျှော်လင့်နေကြောင်း စပျစ်သီးနှံ စိုက်ပျိုးသည့် ဦးရန်နိုင်ထွန်းထံက သိရ သည်။

စပျစ်သီးနှံသည် မြန်မာမျိုးရင်း စပျစ်မရှိဘဲ ပြည်ပနိုင်ငံမျိုးရင်းများသာ ရှိပြီး စပျစ်မျိုးပေါင်း ၄၀ ကျော်ရှိကြောင်း၊ ရေရှိသည့်ဒေသတိုင်း စပျစ်သီးနှံစိုက်ပျိုး၍ရကြောင်း၊ စမ်းသပ်စိုက်ပျိုးသည့်ဒေသများတွင် ရာသီဥတုဒဏ်ခံနိုင်သည့် အကြမ်းခံစပျစ်မျိုးများကိုသာ ဦးစားပေးစိုက်ပျိုးရန် မျိုးရွေးချယ်ပေးကြောင်း၊ စပျစ်စိုက်ပျိုးမှုကျွမ်းကျင်လာလျှင် ဈေးနှုန်းကောင်းမွန်သည့် မျိုးများစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးနည်းများ မျှဝေပေးကြောင်း မြန်မာနိုင်ငံအနှံ့အပြား စပျစ်လက်တွေ့စိုက်ပျိုးနည်း မျှဝေပေးနေသည့် ရမည်းသင်းမြို့မှ ကိုမင်းဆက်ပိုင်က ရှင်းပြသည်။

"ကျွန်တော် စပျစ်သီးနှံ စတင်စိုက်ပျိုးဖို့အတွက် ရမည်းသင်းမှ စပျစ်စိုက်ပျိုးရေး လိုက်လံမျှဝေပေးနေတဲ့ ကိုမင်းဆက်ပိုင်နှင့် စတင်ဆက်သွယ်ပြီး အီတလီနံပါတ်(၃) စပျစ်မျိုးကို ပြာသိုလတွင် စတင်စိုက်ပျိုးပါတယ်။ တစ်ပင်ကို ငွေကျပ် ၅၀၀ ပေး ဝယ်ရပါတယ်။ စိုက်ခင်းအရောက် ငွေကျပ် ၇၀၀ ကျပါတယ်" ဟု စိုက်ခင်းပိုင်ရှင် ဦးလှငွေက ပြောသည်။

ပျိုးပင်များကို တစ်ပင်နှင့်တစ်ပင် ခြောက်ပေအကွာ ကျင်းတူးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးသည့်လမှ ၁၀ လအကြာတွင် စတင်အသီးသီးကြောင်း၊ ပထမဆုံးသီးသည့်အချိန်တွင် စပျစ်ပင်တစ်ပင်မှ စပျစ်သီး ငါးပိဿာခန့်သီးကြောင်း၊ သုံးနှစ်သားမှငါးနှစ်သား စပျစ်ပင်တစ်ပင်လျှင် စပျစ်သီး ၁၅ ပိဿာမှ ပိဿာ၂၀ အထိသီးကြောင်း၊ စမ်းသပ်စိုက်ပျိုးသည့် စပျစ်ခင်းပိုင်ရှင်များ အသီးသီးအား ကောင်းမွန်ခြင်းကြောင့် ဈေးနှုန်းကောင်းရန်သာ မျှော်လင့်နေကြကြောင်း သိရသည်။



စပျစ်သီးနှံပင်သည် နှစ်ရှည်သီးနှံပင်ဖြစ်ကာ နှစ် ၂၀ မှ နှစ် ၃၀ အထိသက်တမ်းကြာရှည်ပြီး တစ်သီးသီးပြီးတိုင်း စပျစ်ကိုင်း၊ စပျစ်နွယ်များဖြတ်ပြီး ရောင်းချရကြောင်း၊ လေးလတစ်ကြိမ် အသီးဆွတ်ခူးရကာ အသီးစတင်ရင့်ချိန် ရေနိုင်နိုင်သွင်းရကြောင်း သိရသည်။

တောင်သူ ငါးဦးခန့်က စပျစ်များ စမ်းသပ်စိုက်ပျိုးနေပြီး စပျစ်သီးဈေးနှုန်းတစ်နေရာနှင့် တစ်နေရာ၊ တစ်မြို့နှင့်တစ်မြို့ စပျစ်သီးမျိုးအလိုက် ဈေးနှုန်းကွာခြားကြောင်း၊ လက်ပံခြေပေါ်အုပ်စု ကျေးရွာများနှင့် သစ်ထောင့်တောင် ကျေးရွာအုပ်စု ကျေးရွာများတွင် Black Queen (BQ) စပျစ်မျိုးနှင့် အီတလီ နံပါတ်(၃)မျိုး စတင်စိုက်ပျိုးကြကာ စမ်းသပ်စိုက်ပျိုးသည့် နှစ်မှာပင် အသီးသီးနှုန်းကောင်းပြီး အောင်မြင်ဖြစ်ထွန်းနေခြင်းကြောင့် ဈေးကွက်ဈေးနှုန်းကောင်းရန်သာ မျှော်လင့်နေကြကြောင်း သိရသည်။ **မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

## အာဖရိက ဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အာဖရိက ဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားခဲ့သော်လည်း ၂၀၁၈ ခုနှစ်၊ ဩဂုတ်လမှ စတင်၍ အာရှနှင့် အရှေ့တောင်အာရှနိုင်ငံအချို့တွင် ပျံ့နှံ့ကူးစက်ဖြစ်ပွားခဲ့ရာ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ် အရှေ့ပိုင်းနှင့် အရှေ့မြောက်ပိုင်းရှိ နယ်စပ်မြို့နယ်အချို့တွင်လည်း ကူးစက်ဖြစ်ပွားသဖြင့် ဖြစ်ပွားကျရောက်ခြင်းမရှိသေးသော အခြားဒေသများသို့ ကူးစက်ပျံ့နှံ့ခြင်းမရှိစေရေးအတွက် ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။ မိမိမွေးမြူထားသော ဝက်များကိုလည်း အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျ မြှင့်တင်ရန် လိုအပ်ပါသည်။ အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(က) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊

(ခ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) အိမ်မွေးဝက်များကို အပူပြင်းပြင်းဖြင့် ချက်ပြုတ်ထားခြင်းမရှိသော စားသောက်ဆိုင်များမှ စားကြွင်း/ကျန် ကျွေးခြင်း မပြုလုပ်ရန်၊

(ဃ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်/အထွက် ထိန်းချုပ်ရန်၊

(င) အသက်အရွယ်တူ ဝက်များကိုသာ အတူတူမွေးမြူရန်၊

(စ) ဝက်ခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/လေ ထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဆ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(ဇ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ဈ) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အအေးခံဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြား ဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(ည) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဌ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

မည်သည့်အကြောင်းပြချက်နှင့်မျှ

**အိမ်တွင်း အကြမ်းဖက်မှု**

ကိုမကျူးလွန်ရ

**မည်သည့်အကြောင်းပြချက်နဲ့မှ အိမ်တွင်းအကြမ်းဖက်မှုကို မကျူးလွန်ရ**

**ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ် ကာလအတွင်းမှာ အောက်ပါအကြောင်းအချက်တွေကြောင့် အမျိုးသမီးနှင့် ကလေးငယ်တွေဟာ အိမ်တွင်းအကြမ်းဖက်မှုပုံစံအမျိုးမျိုးကို ပိုမိုတွေ့ကြုံ ခံစားရနိုင်ပါတယ်။**


ငွေကြေးအကျပ် အတည်းကြောင့် အိမ်တွင်းတင်းမာမှု မြင့်တက်လာခြင်း

**ငွေရေးကြေးရေးနဲ့ စီးပွားရေးအကျပ်အတည်းတွေကြောင့် အိမ်တွင်းတင်းမာမှုတွေ မြင့်တက်လာခြင်း**


ရောဂါပြန့်ပွားမှု ဘေးအန္တရာယ်ကြောင့် စိုးရိမ်မှုများ တိုးပွားကာ စိတ်ဖိစီးမှု များပြားလာခြင်း

**ရောဂါပြန့်ပွားမှု ဘေးအန္တရာယ်ကြောင့် စိုးရိမ်ပူပန်မှုတွေ တိုးပွားလာပြီး စိတ်ဖိစီးမှု များပြားလာခြင်း**


စိတ်ဖိစီးမှု လျှော့ချရန် လွဲမှားသော အလေ့အထများ ကျင့်သုံးခြင်း

**စိတ်ဖိစီးမှုကို လျှော့ချဖို့အတွက် အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း အစရှိတဲ့ လွဲမှားတဲ့အလေ့အထနဲ့ အမူအကျင့်တွေကို ကျင့်သုံးခြင်း**

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှု ဆပ်ကော်မတီ၏ အသိပေးကြေညာချက်

COVID-19 **ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ** (COVID-19 Vaccination Fund)
OA 013733 **သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း**
**(၂-၂-၂၀၂၁ ရက်နေ့)**

*ယမန်နေ့မှအဆက်*

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၃၃၈ | ဟိန်းသူအောင် (လမ်းမတော်မြို့နယ်) | ၁၀၀,၀၀၀ |
| ၃၃၉ | ထက်ရွှေရီစံ (ရန်ကုန်မြို့) | ၂,၀၀၀ |
| ၃၄၀ | သူရိန်လင်း (လှိုင်မြို့နယ်) | ၁၅,၀၀၀ |
| ၃၄၁ | သင်းသင်းဝေ (မန္တလေးမြို့) | ၁,၀၀၀ |
| ၃၄၂ | နှင်းအေးလွင် (မရမ်းကုန်းမြို့နယ်) | ၁,၀၀၀ |
| ၃၄၃ | ဒေါ်ခင်သူဇာဝင်း (နေပြည်တော်) | ၁,၀၀၀ |
| ၃၄၄ | ဝင်းမြတ်အောင် (ရန်ကုန်မြို့) | ၁,၀၀၀ |
| ၃၄၅ | အာကာပြုံး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၃၄၆ | သန့်ထားဆွေ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃,၀၀၀ |
| ၃၄၇ | ဖြူကိုဝင်း (ရန်ကုန်မြို့) | ၃၀,၀၀၀ |
| ၃၄၈ | ကေသီဦး (သဃ်န်းကျွန်းမြို့နယ်) | ၁,၅၀၀ |
| ၃၄၉ | ဒေါ်မြတ်လေးသက်စိန် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၃၅၀ | ဝင်းသီတာထက် (မ/ဒဂုံမြို့နယ်) | ၁,၀၀၀ |
| ၃၅၁ | ဒေါ်သက်ထားဆွေ (ပြင်ဦးလွင်ဆေးရုံ) | ၁,၀၀၀ |
| ၃၅၂ | ဦးခင်ဇော်ထွန်း (တောင်ကြီးမြို့) | ၁၀၀,၀၀၀ |
| ၃၅၃ | ဒေါ်ဝင်းရီ (ဒေါပုံမြို့နယ်) | ၁,၀၀၀ |
| ၃၅၄ | ကျော်ဇေယျထွေး (ကမာရွတ်မြို့နယ်) | ၅,၀၀၀ |
| ၃၅၅ | ခင်စုစုဇင် (တ/ဥက္ကလာမြို့နယ်) | ၃,၀၀၀ |
| ၃၅၆ | စိုးကျော်ကျော် (လှိုင်မြို့နယ်) | ၁၀,၀၀၀ |
| ၃၅၇ | ဒေါ်အေးအိမွန်စိုး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၃၅၈ | မညိမ်းချမ်းမိုး (မ/ဒဂုံမြို့နယ်) | ၅၀,၀၀၀ |
| ၃၅၉ | ဒေါ်စန္ဒာသန်း (စမ်းချောင်းမြို့နယ်) | ၃၀,၀၀၀ |
| ၃၆၀ | ကိုခင်မောင်ဝင်း (အင်းစိန်မြို့နယ်) | ၃၀,၀၀၀ |
| ၃၆၁ | ခိုင်ဇင်အေး (အင်းစိန်မြို့နယ်) | ၄,၀၀၀ |
| ၃၆၂ | ငြိမ်းချမ်းကျော် (ဗဟန်းမြို့နယ်) | ၁,၀၀၀ |
| ၃၆၃ | ဒေါ်မြတ်မွန်ဦး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၃၆၄ | ဝေယံထွန်း (အလုံမြို့နယ်) | ၂၅,၀၀၀ |
| ၃၆၅ | ဦးမြတ်သူကို (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၃၆၆ | ဒေါ်ပြည့်ဖြိုးလှိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃,၀၀၀ |
| ၃၆၇ | စိုးမင်းသန်း (မ/ဥက္ကလာပမြို့နယ်) | ၅,၀၀၀ |
| ၃၆၈ | ထက်ထက်အောင် (တ/ဥက္ကလာပမြို့နယ်) | ၂၀,၀၀၀ |
| ၃၆၉ | ဝင်းဝင်းနွဲ့ (သဃ်န်းကျွန်းမြို့နယ်) | ၁,၀၀၀ |
| ၃၇၀ | ကောင်းဆက်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃,၀၀၀ |
| ၃၇၁ | မိုးသီတာအေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃,၀၀၀ |
| ၃၇၂ | ဒေါ်ဖြိုးဖြိုးဝေ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၃၇၃ | မျိုးသီရိ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၃၇၄ | သိမ့်ဝတီဆု(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၃၇၅ | မေမြတ်သူ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၃၇၆ | သီတာမိုး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၃၇၇ | အောင်ကျော်မိုး (တောင်ကြီးမြို့) | ၁၀,၀၀၀ |
| ၃၇၈ | ဟန်ဝင်းထွန်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၃၇၉ | ဦးဝေလင်းထွန်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃,၀၀၀ |
| ၃၈၀ | ဦးလမင်းကိုကို(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |

*စာမျက်နှာ ၂၃ သို့*

စာမျက်နှာ ၂၂ မှ

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၃၈၁ | မိမိကျော်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂,၀၀၀ |
| ၃၈၂ | အောင်သီဟ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၃၈၃ | ဦးလှဖေသိန်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၃၈၄ | ဒေါ်သီရိဝေ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၃၈၅ | ဟန်မြတ်သူ (လမ်းမတော်မြို့နယ်) | ၂,၅၅၄ |
| ၃၈၆ | ဦးခင်မောင်မြင့် (လှိုင်မြို့နယ်) | ၂၀,၀၀၀ |
| ၃၈၇ | ဦးတိုင်းစော (နေပြည်တော်) | ၃,၀၀၀ |
| ၃၈၈ | ခင်စုစုဇင် (တ/ဥက္ကလာမြို့နယ်) | ၁,၀၀၀ |
| ၃၈၉ | ဦးဇော်ထူးမောင် (သပြေကုန်း) | ၁,၀၀၀ |
| ၃၉၀ | ဇော်ဝင်းထွန်း (ဖားကန့်) | ၁,၀၀၀ |
| ၃၉၁ | ဒေါ်ထူးလှဲ့ဝင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၃၉၂ | ဒေါ်နန်းရွှေအိမ် (လားရှိုးမြို့) | ၁,၀၀၀ |
| ၃၉၃ | ဒေါက်တာအောင်မျိုးမင်းနှင့် ဇွန်နု (နေပြည်တော်) | ၁၀၀,၀၀၀ |
| ၃၉၄ | ဦးအင်းလျား၊ ဒေါ်သန်းသန်းနွဲ့(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂,၀၀၀,၀၀၀ |
| ၃၉၅ | ဦးကျော်သီဟ၊ ဒေါ်ယဉ်ဝင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၉၆ | ဦးစိုးမြင့် ၊ ဒေါ်ယဉ်နွယ်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၃၉၇ | ဦးကျော်ငွေ၊ ဒေါ်ကြည်ကြည်ဝင်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၃၉၈ | ဦးဘိုတင့်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၃၉၉ | ထက်မြတ်ဦး+ခိုင်မြင့်မိုရ် (အောင်မြေသာဇံမြို့နယ်) | ၁၀၀,၀၀၀ |
| ၄၀၀ | လွင်သန္တာ၊ ကောင်းမြတ်ဝေ (ကမာရွတ်မြို့နယ်) | ၁၀,၀၀၀ |
| ၄၀၁ | ဦးအောင်ဝင်း (သဃ်န်းကျွန်းမြို့နယ်) | ၃,၀၀၀ |
| ၄၀၂ | သက်ယုနှင်း (သံတွဲမြို့နယ်) | ၁၀၀,၀၀၀ |
| ၄၀၃ | ဦးသန့်ဇင်နိုင် နှင့်ဒေါ်သက်ခိုင်စိုး (ကုဋေကျော်ဆောက်လုပ်ရေးနည်းပညာကုမ္ပဏီလီမိတက်) (ရန်ကင်းမြို့နယ်) | ၅,၀၀၀,၀၀၀ |
| ၄၀၄ | ကောင်းမြတ်သူ (၁၄)နှစ်ပြည့် မွေးနေ့အလှူ (မ/ဥက္ကလာပမြို့နယ်) | ၁၀၀,၀၀၀ |
| ၄၀၅ | အေးစိုးထွေး (ကြည့်မြင်တိုင်မြို့နယ်) | ၅၀,၀၀၀ |
| ၄၀၆ | ဒေါက်တာမေစုလှိုင် (သန်လျင်မြို့နယ်) | ၅၀,၀၀၀ |
| ၄၀၇ | ဒေါက်တာထွန်းလှိုင်+ဒေါ်စန္ဒာဦး (သန်လျင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၄၀၈ | ဒေါ်ဝင်းကြူ၊ ကိုဖြိုး၊ ဝင်းလှဲ့ခင် (ဆိပ်ကြီးခနောင်တိုမြို့နယ်) | ၁၀,၀၀၀ |
| ၄၀၉ | ဦးတင်ခ၊ ဒေါ်မြင့်မြင့် မိသားစု (ဗဟန်းမြို့နယ်) | ၅၀၀,၀၀၀ |
| ၄၁၀ | ဦးကြည်ရွှန်(ကွယ်လွန်) မိသားစု (ရန်ကင်းမြို့နယ်) | ၂၀၀,၀၀၀ |
| ၄၁၁ | ဇော်ဇော်လတ် (သာကေတမြို့နယ်) | ၁၀,၀၀၀ |
| ၄၁၂ | ဒေါ်သန်းငွေနှင့် မောင်နမ (တ/ဒဂုံမြို့နယ်) | ၅၀,၀၀၀ |
| ၄၁၃ | ချယ်ရီ မိသားစု (မ/ဥက္ကလာပမြို့နယ်) | ၂၀,၀၀၀ |
| ၄၁၄ | ဦးသာထွန်းအောင်+ဒေါ်ခင်မူကြည် (ပြည်ကြီးတံခွန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၄၁၅ | ဒေါ်ကေသီအေး (မရမ်းကုန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၄၁၆ | ချောစုဝင်း (ကျောက်တံတားမြို့နယ်) | ၅,၀၀၀ |
| ၄၁၇ | ဦးအောင်ဝင်း (သဃ်န်းကျွန်းမြို့နယ်) | ၃,၀၀၀ |
| ၄၁၈ | အေးသီတာခိုင် (မ/ဒဂုံမြို့နယ်) | ၃၀,၀၀၀ |
| ၄၁၉ | ကွယ်လွန်သူဖခင်ကြီး ဦးသန်းဇော်အားရည်စူး၍ မဆုဝတီ(၁၅)နှစ်ပြည့်မွေးနေ့အလှူ(သာကေတမြို့နယ်) | ၁၀၀,၀၀၀ |
| ၄၂၀ | ပါပါ (ကမာရွတ်မြို့နယ်) | ၁၅,၀၀၀ |
| ၄၂၁ | ဦးဇာနီမော်ဦး (နေပြည်တော်) | ၃၀,၀၀၀ |
| ၄၂၂ | ဦးမောင်မောင်တင်+ဒေါ်မြင့်မြင့်ရီ (၄၇)နှစ်မြောက် မင်္ဂလာနှစ်ပြည့်အလှူ(မရမ်းကုန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၄၂၃ | ဦးသက်ဆွေ (ရန်ကင်းမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၄၂၄ | ဦးကြည်ငြိမ်း+ဒေါ်ခင်သီ (သာကေတမြို့နယ်) | ၃၀,၀၀၀ |
| ၄၂၅ | ဆုလင်းထက် (စမ်းချောင်းမြို့နယ်) | ၂၀,၀၀၀ |
| ၄၂၆ | ဒေါ်ခင်မြင့်သီ (ရန်ကင်းမြို့နယ်) | ၅၁၀,၀၀၀ |
| ၄၂၇ | ဦးတွမ်ချီးစုံ+ဒေါ်ခင်မြင့် (ရန်ကင်းမြို့နယ်) | ၁၃,၀၀၀ |
| ၄၂၈ | နှင်းဝတ်ရီအေး (ရန်ကုန်မြို့) | ၃၀,၀၀၀ |
| ၄၂၉ | ဒေါ်ကြူကြူသင်း (ရန်ကင်းမြို့နယ်) | ၃၀၀,၀၀၀ |
| ၄၃၀ | Smart Puppy Pet Spa (မော်လမြိုင်မြို့နယ်) | ၁၀,၀၀၀ |
| ၄၃၁ | ဦးဆွေဝင်း+ဒေါ်ခင်ခင်ငွေ (ဒဂုံဆိပ်ကမ်းမြို့နယ်) | ၁၀,၀၀၀ |

စာမျက်နှာ ၂၄ သို့





**အိမ်မှုကိစ္စတွေဟာ အမျိုးသမီးတွေနဲ့ပဲ သက်ဆိုင်တယ်၊ ကလေးနဲ့ နာမကျန်းသူတွေကို ပြုစုစောင့်ရှောက်ဖို့က အမျိုးသမီးတွေရဲ့ တာဝန်ပဲဖြစ်တယ် အစရှိတဲ့ ဂျန်ဒါ တရားသေ အယူအဆများကြောင့် အမျိုးသမီးအများစုအပေါ်မှာ ဝန်ပိလာလေ့ရှိခြင်း**

---




**ရောဂါအန္တရာယ်ကြောင့် အိမ်ထဲမှာပဲ နေထိုင်ရခြင်းနဲ့ လှုပ်ရှားသွားလာမှုတွေကို ကန့်သတ်ထားခြင်းကြောင့် လူမှုပေါင်းစည်းမှုတွေ၊ လူမှုအဆက်အသွယ်တွေ ပြတ်တောက်ပြီး ပိုမိုအထီးကျန်စေခြင်း**

---




**ရောဂါဖြစ်ပွားမှုတွေကြောင့် အကြမ်းဖက်ခံရသူတွေအတွက် ပံ့ပိုးထောက်ပံ့ကူညီပေးနေသော ဝန်ဆောင်မှုတွေ အားနည်းသွားခြင်းနဲ့ ဝန်ဆောင်မှုတွေကို လက်လှမ်းမီရရှိနိုင်ဖို့ ခက်ခဲသွားခြင်း**

---




**အဲဒါကြောင့် မိမိပတ်ဝန်းကျင်မှာ အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားနေတာကို သိရှိတွေ့မြင်ပါက တိတ်ဆိတ်မနေဘဲ ပူးပေါင်းကူညီ ဆောင်ရွက်ပေးပါ**





**အိမ်တွင်း အကြမ်းဖက်မှုကို တွေ့ကြုံခံစားရပါက မိမိ ယုံကြည်ရသူတွေကို ဖွင့်ဟပြောဆိုပြီး အကူအညီရယူပါ**




**အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ HELP LINE ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ် အကူအညီရယူနိုင်ပါတယ်**




**အိမ်တွင်းအကြမ်းဖက်မှုများ အပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေအကြံ ဉာဏ်ရယူလိုပါက ဥပဒေရေးရာကုစားရေးအဖွဲ့(မြန်မာ) ၏ HOT LINE ဖုန်းနံပါတ်များဖြစ်သော ၀၉-၂၆၆၆၈၄၄၄၈ နှင့် ၀၉-၂၆၆၆၈၄၄၄၉ တို့သို့ ဆက်သွယ် အကူအညီရယူနိုင်ပါသည်**




**အကြမ်းဖက်မှုတိုင်းအတွက် အကြမ်းဖက်သူမှာသာ တာဝန်ရှိပါတယ်**

## COVID-19 **ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ** (COVID-19 Vaccination Fund) OA 013733 **သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း**

**(၃-၂-၂၀၂၁ ရက်နေ့)**

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ငွေပမာဏ |
|---|---|---|
| ၁ | ဦးအောင်စိုး+၁ (ရန်ကုန်မြို့) | ၃၀,၀၀၀ |
| ၂ | ဒေါ်ဝါဝါနိုင် (ပုသိမ်မြို့) | ၃၀၀,၀၀၀ |
| ၃ | ဦးဝင်းငွေ+ဒေါ်အေးပပမိုး(မိသားစု) (အင်းစိန်မြို့နယ်) | ၁,၅၀၀,၀၀၀ |
| ၄ | ဦးကျော်မြင့် (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၅ | (ဦးစိုးအောင်)+ဒေါ်ခင်တုတ် (အင်းစိန်မြို့နယ်) | ၁၅၀,၀၀၀ |
| ၆ | ဦးသိန်းဝင်း(မိသားစု) (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၇ | ဒေါ်နှင်းရီ (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၈ | ဦးခင်သိန်း+၁ (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၉ | ဒေါ်သန်းကြည်(မိသားစု) (အင်းစိန်မြို့နယ်) | ၁၂၀,၀၀၀ |
| ၁၀ | ဦးအုန်းကျော်+ဒေါ်သီသီဝင်း(မိသားစု) (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၁ | လှိုင်ဦးမော် (အင်းစိန်မြို့နယ်) | ၃၀,၀၀၀ |
| ၁၂ | ဦးအုန်းလှိုင်(မိသားစု) (အင်းစိန်မြို့နယ်) | ၁၀,၀၀၀ |
| ၁၃ | ဦးသူရိန်+ဒေါ်ခင်သီတာစိုး (အင်းစိန်မြို့နယ်) | ၅၀,၀၀၀ |
| ၁၄ | ဦးခင်ဝင်း+ဒေါ်အိအိသန်း (အင်းစိန်မြို့နယ်) | ၅၀,၀၀၀ |
| ၁၅ | ဦးလှမြင့်(မိသားစု) (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၆ | ဦးသိန်းနိုင်+ဒေါ်တင်တင်မြင့် (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၇ | ဦးထွန်းထွန်းဇော်+ဒေါ်သက်သက်ချို (အင်းစိန်မြို့နယ်) | ၂၀၀,၀၀၀ |
| ၁၈ | ဒေါ်ကြည်ဝင်း(မိသားစု) (အင်းစိန်မြို့နယ်) | ၃၀၀,၀၀၀ |
| ၁၉ | ဒေါ်သာသာကြည်ရှင်း (သဃ်န်းကျွန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၂၀ | ဦးအောင်ဝင်း+ဒေါ်ခင်ပြုံးဝင်း(မိသားစု) (အင်းစိန်မြို့နယ်) | ၂,၅၀၀,၀၀၀ |
| ၂၁ | ဦးစိန်လင်း(မိသားစု) (သဃ်န်းကျွန်းမြို့နယ်) | ၅၀၀,၀၀၀ |
| ၂၂ | ဦးခင်မောင်ကျော်+ဒေါ်ချိုချိုအေး (အင်းစိန်မြို့နယ်) | ၅၀,၀၀၀ |
| ၂၃ | PRIME AUTO CO;LTD (သဃ်န်းကျွန်းမြို့နယ်) | ၂၀၀,၀၀၀ |

*စာမျက်နှာ ၂၅ သို့*

*စာမျက်နှာ ၂၃ မှ*

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၄၃၂ | ဒေါ်လှလှပို (မ/ဒဂုံမြို့နယ်) | ၃၀,၀၀၀ |
| ၄၃၃ | ရန်နိုင်စံ (ပြင်ဦးလွင်မြို့) | ၁,၀၀၀ |
| ၄၃၄ | မိစံစံထား(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၄၃၅ | ရဲရင့်မောင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၄၃၆ | ခင်သီတာအိ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၇,၀၀၀ |
| ၄၃၇ | အေးစုရီဝင့်ထက်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၄၃၈ | Adeline, Betty and Robert (ပန်းဘဲတန်းမြို့နယ်) | ၂၀၀,၀၀၀ |
| ၄၃၉ | ဒေါ်ငွေငွေစိန် (ပန်းဘဲတန်းမြို့နယ်) | ၃၀၀,၀၀၀ |
| ၄၄၀ | ဦးမင်းလှ၊ ဒေါ်အန်နီ (ပန်းဘဲတန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၄၄၁ | မိမိမြင့်ဖူး (ဒဂုံမြို့နယ်) | ၁၀,၀၀၀ |
| ၄၄၂ | ZNut6541(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၄၄၃ | Ashis K Sharma(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၄၄၄ | အောင်ဘိုဘိုလင်း (ကြည့်မြင်တိုင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၄၄၅ | မေသီထိုက်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၄၄၆ | ဒေါ်ချောစုတင်ထွန်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂,၀၀၀ |
| | | |
| | ၂-၂-၂၀၂၁ ရက်နေ့ စုစုပေါင်း | ၈၅,၇၁၁,၄၃၁ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့်လှူဒါန်းငွေများဖြစ်ပါသည်။

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

*စာမျက်နှာ ၂၄ မှ*

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ငွေပမာဏ |
|---|---|---|
| ၂၄ | ဒေါ်ခင်ရွှေဝါ (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၂၅ | ဒေါ်ရီရွှေ ,ဒေါ်ဝါဝါရီ (အင်းစိန်မြို့နယ်) | ၁၁၀,၀၀၀ |
| ၂၆ | ဦးကျော်စွာထွန်း+၁ (အင်းစိန်မြို့နယ်) | ၁၀,၀၀၀ |
| ၂၇ | Myanmar Pyttinehtaung (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၂၈ | ဦးဇော်မြင့်အောင်+ဒေါ်လဲ့လဲ့ဝင်းလှိုင် (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၂၉ | ဦးကျော်သန်းငွေး (အင်းစိန်မြို့နယ်) | ၂၀၀,၀၀၀ |
| ၃၀ | ငါးလုပ်ငန်းဦးစီးဌာန (အင်းစိန်မြို့နယ်) | ၄၃၀,၀၀၀ |
| ၃၁ | ဒေါ်တင်တင်လှ (အင်းစိန်မြို့နယ်) | ၂၀၀,၀၀၀ |
| ၃၂ | ဦးမောင်မောင်ရွှေ+ဒေါ်အေးမြမွန် (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၃၃ | ဦးအောင်နိုင်+ဒေါ်သန်းသန်းဆွေ (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၃၄ | ဦးသန်းဇော်မြင့် (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၃၅ | ဒေါ်အေးမီ မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၃၆ | ဒေါ်မာလာဝင်း (အင်းစိန်မြို့နယ်) | ၃,၀၀၀ |
| ၃၇ | ဒေါ်ခင်ခင်နွဲ့ မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၃၈ | ဦးချစ်မောင် မိသားစု (အင်းစိန်မြို့နယ်) | ၃၀၀,၀၀၀ |
| ၃၉ | ဦးဇော်မင်းထွေး (အင်းစိန်မြို့နယ်) | ၅၀၀,၀၀၀ |
| ၄၀ | ဦးသန်းစိုး +ဒေါ်ခင်နုနု (အင်းစိန်မြို့နယ်) | ၅၀၀,၀၀၀ |
| ၄၁ | JEEP B B Q (FOOD HOUSE) (အင်းစိန်မြို့နယ်) | ၂၀၀,၀၀၀ |
| ၄၂ | ဦးတင်ထွန်း+ဒေါ်မစန်းရွှေ မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၄၃ | ဒေါ်ပု + ဒေါ်ကြည်ကြည်အေး (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၄၄ | အောင်ကောင်းစံ (လက်ဖက်ရည်ဆိုင်) (အင်းစိန်မြို့နယ်) | ၅၀,၀၀၀ |
| ၄၅ | ဦးခင်မောင်ဝင်း+ဒေါ်နုရီ မိသားစု (အင်းစိန်မြို့နယ်) | ၃၀,၀၀၀ |
| ၄၆ | ဦးဝင်းရွှေ +ဒေါ်တင်တင်မော် (အင်းစိန်မြို့နယ်) | ၃၀,၀၀၀ |
| ၄၇ | ဦးတင်ကျော်ကျော်ထက်+၁ (အင်းစိန်မြို့နယ်) | ၁၀,၀၀၀ |
| ၄၈ | ဦးအေးလွင် မိသားစု (အင်းစိန်မြို့နယ်) | ၉၃၀,၀၀၀ |
| ၄၉ | ဦးကြည်မိုး+ဒေါ်ချိုချို မြင့် မိသားစု (အင်းစိန်မြို့နယ်) | ၃၀၀,၀၀၀ |
| ၅၀ | ဒေါ်တင်အေး+ဒေါ်သန်းသန်းဦး (အင်းစိန်မြို့နယ်) | ၂၅,၀၀၀ |
| ၅၁ | ဦးလှမြင့် +ဒေါ်ခင်ချိုဝင်း မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၅၂ | ဦးဇာနည်နိုင်+ဒေါ်ဥမ္မာကြည် (အင်းစိန်မြို့နယ်) | ၁၀,၀၀၀ |
| ၅၃ | ဦးကိုကိုအောင် +ဒေါ်မေသက်ထားယု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၅၄ | ဦးအုန်းနိုင် +ဒေါ်ထွေး မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၅၅ | မိသားစု (အင်းစိန်မြို့နယ်) | ၁,၅၀၀,၀၀၀ |
| ၅၆ | ဦးချစ်ဆွေ +ဒေါ်ခင်ညို မိသားစု (အင်းစိန်မြို့နယ်) | ၅၀၀,၀၀၀ |
| ၅၇ | ဒေါ်သန်းသန်းဝင် မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၅၈ | ဦးအေးလွင် မိသားစု (အင်းစိန်မြို့နယ်) | ၅၀၀,၀၀၀ |
| ၅၉ | မြို့နယ်ဥပဒေရုံး (အင်းစိန်မြို့နယ်) | ၅၀,၀၀၀ |
| ၆၀ | Head Officer & Clerk (အင်းစိန်မြို့နယ်) | ၃၀၀,၀၀၀ |
| ၆၁ | ဒေါ်မိုးမိုးအေး (အင်းစိန်မြို့နယ်) | ၅၀၀,၀၀၀ |
| ၆၂ | မြို့နယ်လမ်းဦးစီး (အင်းစိန်မြို့နယ်) | ၂၄၅,၀၀၀ |
| ၆၃ | Ever Power Co.,Ltd (သဃ်န်းကျွန်း) | ၂၀၀,၀၀၀ |
| ၆၄ | ဒေါ်လွင်လွင်ငွေး (နေပြည်တော်) | ၁၀၀,၀၀၀ |
| ၆၅ | ဦးဝင်းမောင်၊ ဒေါ်ဝင်း မိသားစု (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၆၆ | မောင်သုတလင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၆၇ | နှစ်ဆန်း၊ မိုး၊ ခင်ပိုင်၊ နှင်းယု၊ ရှင်းလဲ့ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၄၀,၀၀၀ |
| ၆၈ | မင်းထက်ဘို (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| | | |
| | ၃-၂-၂၀၂၁ ရက်နေ့ စုစုပေါင်း | ၁၆,၁၉၄,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ









# မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ "နေအိမ်တွင်သာ နေထိုင်ရေးအစီအစဉ် (Stay at home)"တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသော မြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **"COVID-19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (Mask and Face Shield Campaign)"**ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင် -

- ပါးစပ်နှင့်နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေးစည်းရုံး လှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ပေးဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**




## COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း

(၄-၂-၂၀၂၁ ရက်နေ့)

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၁ | ဦးသက်နိုင်+ဒေါ်ဇာဇာထွေး (အင်းစိန်မြို့နယ်) | ၃၀၀,၀၀၀ |
| ၂ | ဦးကျော်ကျော်နိုင်+ဒေါ်မာမာဆွေ (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၃ | ဦးသောင်းညွန့်+ဒေါ်ကြည်ကြည်မြင့် (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၄ | ဦးအုန်းမြင့်+ဒေါ်သိန်းမိ မိသားစု (အင်းစိန်မြို့နယ်) | ၂၀၀,၀၀၀ |
| ၅ | ဦးမြအေး+ဒေါ်စန်းစန်းအေး မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆ | ဒေါ်တင်တင်လှ (အင်းစိန်မြို့နယ်) | ၃၀,၀၀၀ |
| ၇ | ဦးအောင်မော်+ဒေါ်မျိုးသူဇာ (အင်းစိန်မြို့နယ်) | ၅၀၀,၀၀၀ |
| ၈ | မြန်မာ့မီးရထား (အင်းစိန်မြို့နယ်) | ၂၅၀,၀၀၀ |
| ၉ | ဦးဖိုးချို+ဒေါ်နိုင်နိုင်အေး (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၀ | (ဦးစောကျော်စိုး)+ဒေါ်ရင်ရင်ဦး (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၁ | ဦးထွန်းမြင့်+ဒေါ်သင်းသင်းလှိုင် (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၂ | ဦးလှနိုင်+ဒေါ်တင်တင်ရီ (အင်းစိန်မြို့နယ်) | ၃၀၀,၀၀၀ |
| ၁၃ | ဒေါ်ထားထားဝင်း (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၄ | ဦးလှမြင့်+(ဒေါ်တင်နွယ်) မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၅ | ဒေါ်မျိုးမမနိုင် (အင်းစိန်မြို့နယ်) | ၂၀,၀၀၀ |
| ၁၆ | ဒေါ်ချိုချိုရှင်း (အင်းစိန်မြို့နယ်) | ၅၀,၀၀၀ |
| ၁၇ | ဦးဇော်ဝင်း+ဒေါ်ချိုချိုဦး မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၈ | ဦးသန်းနိုင်+ဒေါ်သန်းငွေ (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၉ | မကြူမာ (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၂၀ | ဒေါ်မွှေ (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၂၁ | ဦးကြာနိုင်+ဒေါ်စိန်စိန် မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၂၂ | ဦးတင်သိန်း+ဒေါ်ခင်ရီ မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၂၃ | အန်တီနော်(စွမ်းထက်၊ မိသားစု) (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၂၄ | ဦးတင်ဝင်းနောင်+ဒေါ်မြသန်းနိုင် (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၂၅ | ဦးကျော်ဇေယျာ+ဒေါ်မြင့် မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၂၆ | ဦးမျိုးသူ+ဒေါ်ဖြိုးဖြိုးမြင့်အောင် (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၂၇ | ဒေါ်မြမြနှင့်ညီမများ (အင်းစိန်မြို့နယ်) | ၅၀,၀၀၀ |
| ၂၈ | ဦးငွေအောင်ကျော်၊ဒေါ်တင်တင်နု (အင်းစိန်မြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၂၉ | ဒေါ်သန်းမေ (ပြည်မြို့) | ၂,၀၀၀,၀၀၀ |
| ၃၀ | ဒေါ်ကျင်ရီ (ပြည်မြို့) | ၅၀၀,၀၀၀ |
| ၃၁ | ဒေါက်တာအေးသိန်း (ပြည်မြို့) | ၁၀၀,၀၀၀ |
| ၃၂ | ဦးချိုချည်(ခ)ဦးအကောက် (ပြည်မြို့) | ၁,၀၀၀,၀၀၀ |
| ၃၃ | ဦးမြင့်သိန်း (ပြည်မြို့) | ၁၀၀,၀၀၀ |
| ၃၄ | ဒေါ်ချိုမာ (ပြည်မြို့) | ၅၀,၀၀၀ |
| ၃၅ | ဦးတင်ငွေ (ပြည်မြို့) | ၅၀၀,၀၀၀ |
| ၃၆ | ဒေါ်နိုင်နိုင်ဝင်း (ပြည်မြို့) | ၅၀,၀၀၀ |
| ၃၇ | ဦးကျော်သီဟ (ပြည်မြို့) | ၅၀၀,၀၀၀ |
| ၃၈ | ဦးကျော်စိုး (ပြည်မြို့) | ၁၁၅,၀၀၀ |
| ၃၉ | ဦးတင်မြင့် (ပြည်မြို့) | ၅၀,၀၀၀ |
| ၄၀ | ဒေါ်တင်ဝိုင်း (ပြည်မြို့) | ၃၀၀,၀၀၀ |
| ၄၁ | ဒေါ်ဝင်းဝင်းထွေး (ပြည်မြို့) | ၅၀,၀၀၀ |
| ၄၂ | ဒေါ်မြင့်မြင့်ခင် (ပြည်မြို့) | ၁၀၀,၀၀၀ |
| ၄၃ | U EAIN NGARLABUDDI (ပြည်မြို့) | ၂,၅၀၀,၀၀၀ |
| ၄၄ | ဒေါ်မြင့်မြင့်သန်း (ကျောက်တံတားမြို့နယ်) | ၁၀၀,၀၀၀ |
| ၄၅ | ဦးဝင်းကြည်+ဒေါ်ချိုချိုအေး မိသားစု (ဒလမြို့နယ်) | ၁၀၀,၀၀၀ |
| ၄၆ | ကိုဇော်လင်းနိုင် (ရန်ကုန်မြို့) | ၇၅,၀၀၀ |

စာမျက်နှာ ၂၇ သို့

စာမျက်နှာ ၂၆ မှ

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၄၇ | CU-000073 AGM (ရန်ကုန်မြို့) | ၅,၅၀၀ |
| ၄၈ | ဦးမြင့်ဇော်+ဒေါ်နှင်းနှင်းအောင်၊ ဇာမဏီလင်း Car Service (ရွှေပြည်သာမြို့နယ်) | ၁၀၀,၀၀၀ |
| ၄၉ | RIT 1987 Batch Friends (ရန်ကုန်မြို့) | ၉,၁၀၀,၀၀၀ |
| ၅၀ | ဒေါ်ဝင်းမေ (မုံရွာမြို့) | ၁၀၀,၀၀၀ |
| ၅၁ | ဦးဝင်းငွေ (Visiting Professor) ME.DEPT, Myanmar Maritime University (MMU) | ၂၇၅,၀၀၀ |
| | သန်လျင်၊ရန်ကုန်မြို့ (ကမာရွတ်မြို့နယ်) | |
| ၅၂ | ဦးတင်မောင်လွင်+ဒေါ်ရင်ရင်အေး (တာမွေမြို့နယ်) | ၁၀,၀၀၀ |
| ၅၃ | ဗဟိုစည်အိမ်ယာ မိသားစု စုပေါင်းအလှူ (လမ်းမတော်မြို့နယ်) | ၁,၃၀၀,၀၀၀ |
| ၅၄ | ဒေါ်သန်းရီ မိသားစု (သုဝဏ္ဏမြို့နယ်) | ၁၀,၀၀၀ |
| ၅၅ | ဦးသောင်းရှိန်နှင့်သမီးများ (ကျောက်တံတားမြို့နယ်) | ၅၀၀,၀၀၀ |
| ၅၆ | ဦးဇေယျာမင်း မိသားစု (ချောင်းဝမြို့နယ်) | ၄၀,၀၀၀ |
| ၅၇ | ဦးအောင်ကြီး (ဒဂုံမြို့သစ်မြောက်ပိုင်း) | ၁၀၀,၀၀၀ |
| ၅၈ | ဦးအုန်းနိုင် (အင်းစိန်မြို့နယ်) | ၃၀,၀၀၀ |
| ၅၉ | ဦးနေဇင်သန်း (မန္တလေးမြို့) | ၂,၅၀၀,၀၀၀ |
| ၆၀ | ဦးသိန်းဇော်+ဒေါ်ကလျာဝင်း (အင်းစိန်မြို့နယ်) | ၂၀,၀၀၀ |
| ၆၁ | ဦးကိုကိုဦး+ဒေါ်ချောမြင့် (အင်းစိန်မြို့နယ်) | ၅၀,၀၀၀ |
| ၆၂ | ဦးချစ်ဆွေ+ဒေါ်ခင်ကြည် (အင်းစိန်မြို့နယ်) | ၉၀,၀၀၀ |
| ၆၃ | ဦးမြင့်အေး+ဒေါ်မြမြသိန်း (အင်းစိန်မြို့နယ်) | ၁၁၀,၀၀၀ |
| ၆၄ | မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၅ | ဦးလှဝင်း+ဒေါ်အေးအေးကြူ (အင်းစိန်မြို့နယ်) | ၁၅၀,၀၀၀ |
| ၆၆ | ဒေါ်စန်းစန်းမြင့် (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၇ | ဆရာတော်ဘဒ္ဒန္တစန္ဒာဘာသ (အင်းစိန်မြို့နယ်) | ၁၅၀,၀၀၀ |
| ၆၈ | ဒေါ်မြစိန် မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၉ | ဦးစိုးကျော်ကျော်+ဒေါ်မေမင်းနေလွင် (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၇၀ | ဒေါ်မြမြခိုင်+ဒေါ်ချိုချိုခိုင် (အင်းစိန်မြို့နယ်) | ၂၀၀,၀၀၀ |
| ၇၁ | ဦးဝေဖြိုးမြင့်+ဒေါ်ခိုင်ရီလင်း (အင်းစိန်မြို့နယ်) | ၅၀,၀၀၀ |
| ၇၂ | ဦးမင်းအောင်+ဒေါ်ပိုပိုမာ မိသားစု (အင်းစိန်မြို့နယ်) | ၅၀,၀၀၀ |
| ၇၃ | မောင်နေလင်းသိန်း (အင်းစိန်မြို့နယ်) | ၃၀၀,၀၀၀ |
| ၇၄ | စပယ်၊ နှင်းခက်ခင်၊ စုမြတ်ခင် (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၇၅ | G and G Foundation (အင်းစိန်မြို့နယ်) | ၂၀၀,၀၀၀ |
| ၇၆ | ဦးလှထွန်း+ ဒေါ်ခင်ညွန့် (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၇၇ | ဒေါ်အေးအေးစန် (အင်းစိန်မြို့နယ်) | ၅၀,၀၀၀ |
| ၇၈ | ဦးသုမန (စစ်ကိုင်းမြို့) | ၁၀၀,၀၀၀ |
| ၇၉ | ဦးဇော်နိုင်ဦး (စစ်ကိုင်းမြို့) | ၁,၀၀၀,၀၀၀ |
| ၈၀ | ဒေါ်ပုဏ္ဏကာမီ (စစ်ကိုင်းမြို့) | ၁၀,၀၀၀,၀၀၀ |
| ၈၁ | ဦးလှမင်းရှင်း (စစ်ကိုင်းမြို့) | ၂၀၀,၀၀၀ |
| ၈၂ | ဦးအောင်ဝင်း (စစ်ကိုင်းမြို့) | ၅၀၀,၀၀၀ |
| ၈၃ | ဦးသန်းဆင့် (စစ်ကိုင်းမြို့) | ၁,၀၀၀,၀၀၀ |
| ၈၄ | ဦးစိန်ထွန်း (စစ်ကိုင်းမြို့) | ၁,၀၀၀,၀၀၀ |
| ၈၅ | ဦးကျော်နိုင်ဦး (မြင်းခြံမြို့) | ၂၈၆,၀၀၀ |
| ၈၆ | ဒေါ်ယုဆာရီ (စစ်ကိုင်းမြို့) | ၅၀၀,၀၀၀ |
| ၈၇ | စထဘ၀ ဆရာတော် (မ/ဥက္ကလာပမြို့နယ်) | ၁၀၀,၀၀၀ |
| ၈၈ | DR BIWUNTHA (စစ်ကိုင်းမြို့) | ၁၀,၀၀၀,၀၀၀ |
| ၈၉ | ဦးသက်+ဒေါ်စန္ဒာမြင့် မိသားစု (အင်းစိန်မြို့နယ်) | ၅၀,၀၀၀ |
| ၉၀ | ဦးစိုးမိုး (အင်းစိန်မြို့နယ်) | ၁၅၀,၀၀၀ |
| ၉၁ | ဦးခင်မောင် မိသားစု (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၉၂ | ဦးတင်မောင်အေး +ဒေါ်ယုယုဝေ (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၉၃ | ဦးလွင်အောင် +ဒေါ်မြမြနွယ် (အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| ၉၄ | ဦးရောင်အောင်ဝင်း+ဒေါ်သီတာအောင် (အင်းစိန်မြို့နယ်) | ၁၀,၀၀၀ |
| ၉၅ | Saw Benjamin Family (အင်းစိန်မြို့နယ်) | ၅၀,၀၀၀ |

(ဆက်လက်ဖော်ပြပါမည်)









# ဂျူဗင်တပ်စ်အသင်းကို ပ-ကျော့မှာ ပေါ်တိုအသင်း အသာစီးရယူထားနိုင်မလား



■ မိုးဇက် - စုစည်းသည်

ချန်ပီယံလိဂ် ၁၆ သင်း အဆင့် ပထမအကျော့ပွဲစဉ်များကို ယှဉ်ပြိုင်ကစားလျက်ရှိရာ ယနေ့တွင် ပေါ်တူဂီကလပ် ပေါ်တိုအသင်းနဲ့ အီတလီကလပ် ဂျူဗင်တပ်စ်အသင်း၊ စပိန်ကလပ် ဆီဗီလာအသင်းနဲ့ ဂျာမန်ကလပ် ဒေါ့မွန်အသင်းတို့ ယှဉ်ပြိုင်ကစားသွားကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပထမအကျော့ မှာ ဘယ်အသင်းက အသာရသွားမလဲ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

## ပေါ်တို VS ဂျူဗင်တပ်စ်

နောက်ဆုံးတွေ့ဆုံမှု ဂျူဗင်တပ်စ် ၁-၀ ပေါ်တို

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်အဖြစ် ပေါ်တိုအသင်းနဲ့ ဂျူဗင်တပ်စ်အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၂ နာရီခွဲမှာ ပေါ်တိုအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။ ဒီနှစ်သင်းနောက်ဆုံးထိပ်တိုက်တွေ့ဆုံခဲ့တာက ၂၀၁၇ ခုနှစ်က ချန်ပီယံလိဂ် ၁၆ သင်းအဆင့်မှာဖြစ်ပြီး ဂျူဗင်တပ်စ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားပါတယ်။ ထိုအချိန်က ဂျူဗင်တပ်စ်အသင်းအနေနဲ့ ပေါ်တိုအသင်းကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းထားနိုင်ခဲ့တာကို တွေ့ရတယ်။ ဒါကြောင့် ပေါ်တိုအသင်းအနေနဲ့ ဂျူဗင်တပ်စ်အသင်းကို အဆိုပါရှုံးကြွေးပြန်ဆပ်ကာ ပေါ်တူဂီမြေမှာ အသာစီးရယူထားနိုင်မလား စိတ်ဝင်စားဖွယ်ရာပါ။ ဒါပေမယ့် ပေါ်တိုအသင်းရဲ့ ခြေစွမ်းက နောက်ဆုံးလေးပွဲဆက် သရေကျထားတာကြောင့် တိုက်စစ်ပိုင်းထက်မြက်မှု၊ အသင်းလိုက်စွမ်းဆောင်အားကောင်းမှု လိုအပ်ချက်ရှိနေတာကို သတိပြုရမယ်။ ပေါ်တူဂီလိဂ် အမှတ်ပေးဇယားမှာတော့ ပေါ်တိုအသင်းက ၁၉ ပွဲကစားပြီး ရမှတ် ၄၁ မှတ်နဲ့ အဆင့် (၂) နေရာအထိ တက်လှမ်းထားနိုင်တာကို တွေ့ရတယ်။ ထို့အပြင် ပေါ်တိုအသင်းသည် အဆိုပါ ၁၉ ပွဲတွင် ရဂိုးက ၄၃ ဂိုးအထိရှိထားပြီး အမှတ်ပေးဇယားဦး ဆောင်သူ စပို့တင်းအသင်းက ရဂိုး ၃၈ ဂိုးသာ ရှိထားတာကြောင့် ပေါ်တူဂီလိဂ်မှာတော့ တိုက်စစ်အကောင်းဆုံးအသင်းဟု ဆိုနိုင်ပါတယ်။ မည်သို့ပင်ဆိုစေ ပေါ်တိုအသင်းအနေနဲ့ ယနေ့ပွဲမှာ တိုက်စစ်ပိုင်းအဆုံးသတ်သေချာခဲ့ရင် ဂျူဗင်တပ်စ်အသင်းကို နိုင်ဖွယ်ရာရှိပါတယ်။ ဂျူဗင်တပ်စ်အသင်းက နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ အင်တာမီလန်၊ နာပိုလီအသင်းတို့နဲ့ပွဲစဉ်မှာ နိုင်ပွဲပျောက်ဆုံးခဲ့တာကို တွေ့ရတယ်။ စီးရီးအေအမှတ်ပေးဇယားမှာ ဂျူဗင်တပ်စ်အသင်းဟာ ၂၀ ပွဲကစားပြီး ရမှတ် ၄၂ မှတ်နဲ့ အဆင့် (၄) နေရာမှာ ရပ်တည်နေပါတယ်။ ပေါ်တိုအသင်းရော၊ ဂျူဗင်တပ်စ်အသင်းပါ နိုင်ပွဲပျောက်ဆုံးနေတဲ့ အသင်းနှစ်သင်းဆုံတွေ့နေတာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာ သေချာပါတယ်။ ပေါ်တိုအသင်းမှ နာနူနဲ့ မာကာနိုတို့ ဒဏ်ရာကြောင့် ယနေ့ပွဲစဉ်ကို ပါဝင်ဖို့ မသေချာသလို ဂျူဗင်တပ်စ်အသင်းမှ ရမ်ဆေး၊ အာသာ၊ ဒိုင်ဘာလာတို့သည်လည်း ဒဏ်ရာကြောင့် ပါဝင်ကစားဖို့ မသေချာပါဘူး။ နှစ်သင်းစလုံးကတော့ ဒဏ်ရာရနေတဲ့ ကစားသမားတွေကို ချန်လှပ်ပြီး အင်အားအတောင့်တင်းဆုံးပုံစံကို အသုံးပြုကာ ပွဲထွက်လာမှာဖြစ်တဲ့အတွက် ပေါ်တိုအသင်းက ၂၀၁၇ ခုနှစ်က ရှုံးကြွေးပြန်ဆပ်သွားမလား၊ ဂျူဗင်တပ်စ်အသင်းကပင် နိုင်ပွဲထပ်မံရရှိသွားမလား စောင့်ကြည့်ရမှာဖြစ်ပါတယ်။

## ဆီဗီလာ VS ဒေါ့မွန်

နောက်ဆုံးတွေ့ဆုံမှု ဆီဗီလာ ၂-၂ ဒေါ့မွန်

စပိန်ကလပ် ဆီဗီလာအသင်းနဲ့ ဘွန်ဒက်စ်လီဂါကလပ် ဒေါ့မွန်အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၂ နာရီခွဲမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဆီဗီလာအသင်းဟာ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ကိုးပွဲမှာ ကိုးပွဲစလုံး အနိုင်ရထားတာကြောင့် ဆီဗီလာအသင်းရဲ့ လက်ရှိခြေစွမ်းက အထူးကောင်းမွန်နေတာကို တွေ့ရတယ်။ စပိန်အင်အားကြီး ဘာစီလိုနာအသင်းကိုတောင် ဖေဖော်ဝါရီ ၁၁ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ ကိုပါဒယ်ရေးဖလားပြိုင်ပွဲမှာ နှစ်ဂိုးပြတ်နဲ့ အနိုင်ရလဒ်ဖော်ဆောင်ထားနိုင်တာကို တွေ့ရတယ်။ လာလီဂါအမှတ်ပေးဇယားမှာလည်း ၂၂ ပွဲကစားပြီး ရမှတ် ၄၅ မှတ်နဲ့ ဘာစီလိုနာအသင်းအောက် အဆင့် (၄) နေရာမှာ ရပ်တည်ထားနိုင်ပါတယ်။ ဒေါ့မွန်အသင်းရဲ့ လက်ရှိခြေစွမ်းက နောက်ဆုံးနှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးနေတာကြောင့် အဆိုးဘက် ဦးတည်နေတာကို တွေ့ရတယ်။ ဘွန်ဒက်စ်လီဂါအမှတ်ပေးဇယားမှာလည်း ၂၁ ပွဲကစားပြီး ရမှတ် ၃၃ မှတ်နဲ့ အဆင့် (၆) နေရာမှာ ရပ်တည်နေပါတယ်။ ဒီနှစ်သင်း နောက်ဆုံးထိပ်တိုက်တွေ့ဆုံခဲ့တာက ၂၀၁၀ ပြည့်နှစ် ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဆင့်ဖြစ်ပြီး ထိုအချိန်က တစ်ဖက် နှစ်ဂိုးစီသရေကျထားတာကို တွေ့ရတယ်။ ခြေစွမ်းတည်ငြိမ်လာမှုနဲ့အတူ ရလဒ်ကောင်းပိုင်ဆိုင်နေတဲ့ ဆီဗီလာအသင်းကို ဒေါ့မွန်အသင်း ဘယ်လိုနည်းဗျူဟာသုံးပြီး တုံ့ပြန်သွားမလဲ ကြည့်ရမှာပါ။ ဆီဗီလာအသင်းမှ နာဗက်စ်၊ အိုကမ်းပိုစ်နဲ့ အကူနာတို့ ဒဏ်ရာကြောင့် ယခုပွဲစဉ်ကို လွဲချော်ဖို့ရှိနေသလို ဒေါ့မွန်အသင်းမှ ဝစ်ဆဲလ်၊ မူနီရာ၊ ရှမယ်ဇာတို့လည်း ဒဏ်ရာကြောင့် ပါဝင်ကစားရန် မသေချာပေ။ ဆီဗီလာရဲ့ တိုက်စစ်ပိုင်းက လာလီဂါ ၂၂ ပွဲမှာ ၃၂ ဂိုးသာ သွင်းယူထားနိုင်ပြီး ဒေါ့မွန်အသင်းက ဘွန်ဒက်စ်လီဂါ ၂၁ ပွဲမှာ ၄၁ ဂိုးအထိသွင်းယူထားနိုင်တာကြောင့် ဒေါ့မွန်အသင်း အနည်းငယ်သာနေတာကို တွေ့ရတယ်။ ဆီဗီလာအသင်းအနေနဲ့ ယခုနှစ်ရာသီမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်အိမ်ကွင်းပွဲစဉ်သုံးပွဲမှာ နှစ်ပွဲနိုင်ပြီး တစ်ပွဲသရေကျထားတယ်။ ဒေါ့မွန်အသင်းကလည်း ယခုနှစ်ရာသီ ချန်ပီယံလိဂ်အဝေးကွင်းသုံးပွဲမှာ နှစ်ပွဲနိုင်ပြီး တစ်ပွဲသရေကျထားတယ်။ ယခုပွဲစဉ်မတိုင်မီ သတင်းစာရှင်းလင်းပွဲတစ်ခုမှာ ဒေါ့မွန်နည်းပြ တာဇစ်က ဒေါ့မွန်အသင်းနေနဲ့ ဆီဗီလာအသင်းကို ကျော်ဖြတ်နိုင်တယ်လို့ ဆိုထားပါတယ်။ စပိန်မြေမှာ ခြေစွမ်းကျစ်လျစ်နေတဲ့ ဆီဗီလာအသင်းကို လတ်တလောခြေစွမ်းအရ မယှဉ်သာသော်လည်း လိုအပ်နေတဲ့ အနိုင်ရလဒ်ကို ဒေါ့မွန်အသင်း ဖော်ဆောင်သွားနိုင်မလားဆိုတာ ပရိသတ်များအားပေးကြည့်ရှုရမှာပါ။

## နောက်ဆုံးရ သတင်းတိုများ

■ လီဗာပူး၊ မန်ယူ၊ မန်စီးတီးနှင့် စပါးအသင်းတို့သည် ရှော်ကေးအသင်းမှ အသက် ၁၉ နှစ်အရွယ် အမေရိကန်တိုက်စစ်ကစားသမား မက်သရူးဟိုပီကို ခေါ်ယူရန် စောင့်ကြည့်လျက်ရှိနေကြောင်း သိရသည်။ ၎င်းသည် ရှော်ကေးအသင်းအတွက် ယခုနှစ်ရာသီတွင် ပြိုင်ပွဲစုံ ၁၃ ပွဲကစားပြီး ငါးဂိုးသွင်းယူပေးထားနိုင်သည်။

■ ဝက်စ်ဟမ်းနှင့် အင်္ဂလန်ကွင်းလယ်ကစားသမား လင်ဂတ်သည် ကိုဗစ်-၁၉ ကြောင့် ဘောလုံးပွဲစဉ်များ ရပ်နားထားပြီး ပြန်လည်စတင်ချိန်တွင် အိုးထရက်ဖို့ဒ်၌ ၎င်းကို အခွင့်အရေးမပေးခဲ့ကြောင်း ပြောကြားလိုက်သည်။ အသက် ၂၈ နှစ်အရွယ်ရှိ အဆိုပါကစားသမားသည် လက်ရှိတွင် ရာသီကုန်အထိ ဝက်စ်ဟမ်းအသင်းတွင် အငှားကစားနေသူဖြစ်သည်။



■ မန်စီးတီးအသင်းမှ အသက် ၃၀ အရွယ် ဂျာမနီ ကွင်းလယ်ကစားသမား ဂန်ဒိုဂန်အနေဖြင့် ကစားသမားဘဝမှ အနားယူပါက နည်းပြလောကသို့ ဝင်ရောက်မည် ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ၎င်းသည် မန်စီးတီးအသင်းသို့ ၂၀၁၆ ခုနှစ်တွင် ဂျာမန်ကလပ် ဒေါ့မွန်အသင်းမှ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး ပြိုင်ပွဲအရပ်ရပ် ၁၈၈ ပွဲပါဝင်ကစားထားပြီး ၃၅ ဂိုးသွင်းယူပေးထားနိုင်သူဖြစ်သည်။

■ ခရစ္စတယ်ပဲလေ့စ်အသင်းသည် အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်၏ နေရာကို ဆွမ်ဆီးနည်းပြ စတိဗ် ကူပါနှင့် အစားထိုးရန် ချိန်ရွယ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

■ ဂျာမန်ဘွန်ဒက်စ်လီပွဲစဉ် ၂၁ အဖြစ် ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက ဘိုင်ယန်မြူးနစ်အသင်းနှင့် ဘီလီဖီးလ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်သုံးဂိုးစီ သရေကျခဲ့သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ယခုပွဲစဉ်ကို သရေကျခဲ့သော်လည်း ၂၁ ပွဲကစားပြီး ရမှတ် ၄၉ မှတ်ဖြင့် ဒုတိယနေရာမှ လိုက်ပ်ဇစ်အသင်းကို လေးမှတ်ဖြတ်ကာ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ထားသည်။

■ ပရီမီယာလိဂ်ပွဲစဉ် ၂၄ အဖြစ် ချယ်ဆီးအသင်းနှင့် နယူးကာဆယ်အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက စတန်းဖို့ဒ်ဘရစ်၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျီရုဒ်၊ ဝါနာတို့၏ သွင်းဂိုးများနှင့်အတူ နှစ်ဂိုးပြတ်ဖြင့် နယူးကာဆယ်အသင်းကို အနိုင်ရရှိထားသည်။ ချယ်ဆီးအသင်းသည် ယခုပွဲစဉ် အနိုင်ရရှိမှုကြောင့် ၂၄ ပွဲကစားပြီး ရမှတ် ၄၂ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့် (၄) နေရာအထိ တက်လှမ်းလာနိုင်ခဲ့သည်။ ထို့အပြင် ချယ်ဆီးအသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားထားသည့် ငါးပွဲတွင် ငါးပွဲစလုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည်။

**အောင်**

# COVID-19 ကာကွယ်ဆေးနှင့် ပတ်သက်သော မေးခွန်းနှင့်အဖြေများ (အပိုင်း-၂)

**(၁) မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှတာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဗဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ် မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

**(၂) ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး၍ရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးသင့်သောသူများ ဖြစ်ပါသည်။

**(၃) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာသက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ် အောက် လူအုပ်စုများတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။ (ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

**(၄) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်-၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။
မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပါတ်(၄)ပါတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

**(၅) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ - အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

**(၆) မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် လက်ရှိတရားဝင် ခွင့်ပြုထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို လတ်တလော တရားဝင်ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများအတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

**(၇) COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

**(က) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦး တွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ရောင်ခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချိခြင်း၊ မအီမသာဖြစ်ခြင်း၊

**(ခ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာချေ/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

**(ဂ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစာစားချင်စိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်တည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**

**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကဒ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှုခံယူရန် လာရောက်သည့်အခါတွင် မပျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

**မှတ်ချက်။ ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။**

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid-19) disease in individuals 18 years of age and older. (Revised: 01 January 2021). Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမြင့်ကြည်

**ရောဝတီတိုင်း ဥပဒေအရာရှိ(ငြိမ်း) ရှေ့နေချုပ်ရုံး**

**BA(Law); LL.B, Chief Court Advocate**

**Dip.in Air and Space Law (Mc Gill University, Canada)**

**Cert. in Int Air Law (Aviation Academy, Singapore)**

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ဗဟိုလမ်း၊ မုဒိတာအိမ်ရာ၊ တိုက်(D)၊ အခန်းအမှတ် ၂၀၃/၂၀၄ နေ(ဦးတင်လှ-ဒေါ်ခင်စန်း)တို့၏ချစ်လှစွာသော သားကြီး၊ ဒေါ်နွယ်နီ(လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ရှေ့နေချုပ်ရုံး)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးတင်အောင်ကြည် ၊ (ဦးအောင်သော်ကြည်)၊ ဒေါ်နှင်းဝင့်ကြည်တို့၏ ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်တို့၏ အဘိုး၊ ဦးမြင့်ကျော် (အထွေထွေမန်နေဂျာ၊ ငြိမ်း)M.O.G.E -ဒေါ်လှလှသန်း (အလက-၁၊ ဒဂုံ)၊ ဒေါ်ခင်သန္တာ(တရားလွှတ်တော်ရှေ့နေ)တို့၏ချစ်လှစွာသော အစ်ကိုကြီးသည် ၁၆-၂-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၁၁:၅၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၂-၂၀၂၂ရက်(တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်အုံးကြည်(ချောင်းဦး)

**သမိုင်းပါမောက္ခ(ငြိမ်း)**

**ရန်ကုန်၊ မန္တလေးတက္ကသိုလ်**

**မြန်မာ့သမိုင်းအဖွဲ့ဝင်**

**အသက်(၈၇)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ ကုတို့ကုံးမြို့မရပ်နေ (ဦးဘသန်း-ဒေါ်အေးကြည်-ဒေါ်စိန်ရင်)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အင်းဝလမ်းနှင့် အောင်မင်္ဂလာလမ်းထောင့်၊ အမှတ်(၁၀၃)၊ မြေညီထပ်နေ (ဦးတင်မောင်ဦး)-ဒေါ်ခင်စန်းမြင့်၊ ရန်ကုန်မြို့နေ ဒေါ်စန်းမြင့်မြင့်-(ဦးမြင့်လှိုင်)၊ ချောင်းဦးမြို့နေ ဦးဝင်းမြိုင်-ဒေါ်တင်ဌေး၊ မန္တလေးမြို့နေ ဒေါက်တာဦးအောင်ကျော်-ဒေါ်သန်းရင်၊ နေပြည်တော်နေ ဒေါက်တာဦးသန်းထိုက်-(မစန်းမြင့်)၊ ချောင်းဦးမြို့နယ်နေ ဦးအောင်ဆွေ၊ ဒေါ်ခင်ဆွေဝင်း၊ ဦးစန်းလှိုင်-(မမြစန်းလွင်)၊ ပြည်မြို့နေ ဒေါက်တာ ဦးမြင့်သန်းထွန်း-ဒေါ်စိုးစိုးမိုးတို့၏ အစ်မသည် ၁၅-၂-၂၀၂၂ရက် နံနက် ၇:၂၀နာရီတွင် ရန်ကုန်မြို့ SSC အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူညီအစ်ကိုမောင်နှမတစ်စု**

---

## ဒေါ်ဝင်းလှဲ့ခိုင်(ရေနံချောင်း)

**B.Sc(Zoo)မန္တလေးတက္ကသိုလ်(၁၉၆၈-၁၉၇၂)**

**အသက်(၇၅)နှစ်**

ရေနံချောင်းမြို့၊ ရွှေကြာငုံရပ်နေ (ဦးချစ်မောင်-ဒေါ်သောင်း)တို့၏သမီး၊ (ဦးဥာဏ်ရည်-ဒေါ်တင်တင်ဦး)၊ (ဦးခင်မောင်စိန်)- ဒေါ်ခင်သန်းဝင်းတို့၏ညီမ၊ ဦးခင်မောင်သန်း (MD-KM Family Co.,Ltd)၊ ဒေါက်တာဒေါ်မာလာလှိုင်၊ ဦးခင်မောင်အေး(သယ်ယူပို့ဆောင်ရေးလုပ်ငန်း)-ဒေါ်အမာကြည်၊ ဦးစောလွင်(ဌာနမှူး-ငြိမ်း၊ မုံရွာတက္ကသိုလ်)၊ ဒေါ်တင်မာရည်(ရွှေသဇင်ဆောင် ရေနံချောင်းတက္ကသိုလ်)တို့၏အစ်မကြီး၊ တူ၊ တူမ ၁၀ယောက်၊ မြေး ၁၃ယောက်တို့၏ ဒေါ်ဒေါ်ကြီးသည် ၁၄-၂-၂၀၂၂ရက် နံနက် ၉:၄၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ပျောက်ဆုံးကြောင်း

၁၄-၂-၂၀၂၂ရက် မွန်းလွဲ ၁:၃၀နာရီခန့်တွင် ကမာရွတ်မြို့နယ်၊ ဆင်မလိုက်ဈေးနှင့် Grand Hanthar ဆေးရုံကြားရှိ ဘုရင့်နောင်လမ်းမပေါ်၌ ပိုက်ဆံအိပ်အညိုရောင်တစ်လုံး ပျောက်ဆုံးခဲ့ပြီး အဆိုပါ အိတ်အတွင်းတွင် အင်းဝဘဏ် ATM ကတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ယာဉ်မောင်းလိုင်စင်များပါရှိပြီး တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဆက်သွယ်ရန် - ဦးအံ့ကျော်ကျော်**
**၉/ မထလ(နိုင်)၂၂၈၉၉၂**
**ဖုန်း- ၀၉- ၄၀၂၅၈၀၈၉၉**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မကွေးမြို့နယ်အတွင်း ကွင်းအမှတ်(၃-ရန်ပယ်တောင်)၊ ဦးပိုင်အမှတ်(၆၈၊ ၂၆၃)၊ ဧရိယာ(၀ဒသမ၀၆၀)ကေအား ဒေါ်မြသန်းဆွေမှ မြေဂရန်အသစ် အားလည်းကောင်း၊ ကွင်းအမှတ်(၁၆၄၃-ဝက်သိုက်)၊ ဦးပိုင်အမှတ်(၁၉/၂)၊ ဧရိယာ(၁ဒသမ၀၀)ကေအား ဒေါ်မာမာအေး၊ ဦးချိုသိန်းမှ စက်မှု/စီးပွားမြေဂရန်လျှောက်ထားလာမှုများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါ သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးမြို့နယ်/ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

### ကန့်ကွက်နိုင်ပါကြောင်း

ရွှေကူမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ခုံခမ်းရပ်၊ အကွက်အမှတ်(၂၈၊ ခုံခမ်းရပ်)၊ ဦးပိုင် အမှတ်(၃၁)၊ မြေဧရိယာ(၀ဒသမ၀၂၀)ကေ၊ မြေနေရာရှိ အဆောက်အအုံအား ဒေါ်ဝင်းကြည် ၅/ကသန(နိုင်) ၀၂၅၁၅၃ အမည်ဖြင့် မြေငှားဂရန်သစ်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဒေါ်ဝင်းကြည်နေအိမ်သို့ ကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းကြည်**
**၅/ကသန(နိုင်)၀၂၅၁၅၃**
**အမှတ်(၁)ခုံခမ်းရပ်**

---

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်မှတ် ၄/ရွှေကြာပင်၊ မြေကွက် အမှတ်(၆၉၀)၊ ဧရိယာ(၀ဒသမ၀၈၂)ကေရှိ ဒေါ်အေးအေးအောင် အမည်ပေါက် ပါမစ်မြေကွက်အား မြေပေးမိန့် ထုတ်ပေးပါရန် ဒေါ်အေးအေးအောင်(ကိုယ်စား) ဦးအောင်ကျော်သူ (ဘ)ဦးထွန်းညို ၉/တကန(နိုင်) ၁၃၂၁၁၃မှ မြေချစလစ်၊ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ စည်ပင်သာယာတရားရုံးကျမ်းကျိန်လွှာအမှတ်(၂၆၀/၂၀၂၁)နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၎င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေ (၃) ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေပေးမိန့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း ဒါယကာကြီး

## ဗိုလ်ဝင်းရွှေ(ငြိမ်း)

**အသက်(၇၉)နှစ်**

(ဦးမောင်ကျော်- ဒေါ်ခင်လှ)တို့၏သား၊(ဒေါ်ရင်ရွှေ)၏ ခင်ပွန်း၊ ဦးစံရွှေ-(ဒေါ်စောမြင့်)၊ ဦးဝင်းမြင့်-ဒေါ်ခင်အုန်းပန်း၊ ဒေါ်ခင်အုန်းပွင့်တို့၏အစ်ကိုကြီး၊ ယာယီ ဒုတိယရဲမှူးကြီး ကျော်သက်ထွန်း-ဒေါ်နန်းသွယ်သွယ်ဝင်း(သူနာပြု ဆရာမကြီး)၊ ဒေါ်အိအိမိုး(ဆသရ)၊ ဦးအောင်မျိုးအေး- ဒေါ်မီမီသက်(ပုဇွန်တောင်မြို့နယ်စီမံကိန်းဦးစီးရုံး)၊ ဦးအေးချို-ဒေါ်သန္တာဝင်း(ဆသရ)၊ ဦးကျော်ထင်ခိုင်-ဗိုလ်ကြီး ကြေးမုံဝင်း(ငြိမ်း) တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁၅-၂-၂၀၂၂ရက်နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၂၂ ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသန်းကျော်ညွန့်

**Ex-Burma Selected Swimmer(Senior Swimming Coach)**

**ညွှန်ကြားရေးမှူး(ငြိမ်း)**

**အားကစားနှင့်ကာယပညာဦးစီးဌာန**

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့နေ[ဦးဘညွန့်(သမိုင်းပါမောက္ခ၊ မြန်မာစာအဖွဲ့ဝင်-ငြိမ်း)-ဒေါ်အုန်းခင်(ကထိက၊ ပညာရေးတက္ကသိုလ်၊ မြန်မာစာအဖွဲ့ဝင်-ငြိမ်း)]တို့၏သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၇၀)နေ ဒေါ်အေးအေးမွန်(ဒု/ညွှန်-ငြိမ်း၊ အား/ကာ)၏ခင်ပွန်း၊ ဦးစိုးညွန့်-ဒေါ်ယုဇနဝင်းတို့၏ညီ/မောင်၊ (ဦးမြင့်ဦး)-ဒေါ်မာလာညွန့်(Managing Director၊ အောင်သစ္စာဦး အထွေထွေအာမခံကုမ္ပဏီလီမိတက်)တို့၏အစ်ကို၊ တူ၊ တူမ ၃၅ယောက်တို့၏ဘကြီး/ဦးလေးသည် ၁၂-၂-၂၀၂၂ရက် နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၂၂ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ခြောက်ထပ်ကြီးဘုရား-သဒ္ဓမ၀ံသကျောင်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရွှေနံ့သာ အနောက်ရပ်၊ မြေဧရိယာ(၀ဒသမ၀၈၂)ကေ၊ မြေကွက်အမှတ်(ဥ-၁၃၃၀) ဦးတိုးမောင်(ဘ)ဦးအောင်ရှင် ၉/ပမန(နိုင်) ၁၁၀၄၁၅ အမည်ပေါက် ပါမစ်မြေကွက်ကို ဦးနန္ဒာမင်းထွန်း(ဘ)ဦးမြသိန်း ၈/တတက(နိုင်)၀၉၀၆၂၉မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်း ကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ရွှေနံ့သာ အရှေ့ရပ်၊ မြေဧရိယာ(၀ဒသမ၀၈၂)ကေ၊ မြေကွက်အမှတ်(ဥ-၁၅၈၆) ဦးအေးချို(ဘ)ဦးဝဲ ၉/ပမန(နိုင်) ၁၁၀၈၀၇ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်မြတ်မြတ်ခိုင် (ဘ)ဦးတင်ဝင်း၇/ပမန(နိုင်)၁၄၂၅၄၃မှ မြေပေးမိန့်မူရင်း၊မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြု ချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေ စီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ဥဒေါင်းဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁က/ဥတ္တရသီရိတောင်ရပ်၊ မြေဧရိယာ(၀ဒသမ၂၂၉)ကေရှိ မြေကွက်အမှတ်(ဥ-၅၉၃၁)၊ ဦးပြည့်ဖြိုးအောင်(ဘ)ဦးတင်ဇေ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်ဖြူဖြူအေး ၇/ဒဥန(နိုင်)၀၈၅၄၄၆(ဘ)ဦးတင်မြမှ နေပြည်တော်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၇၆၊ ၂၀၂၀ (၆-၂-၂၀၂၀)တင်ပြ၍ ဦးမျိုးမျိုး ၁၄/အမန(နိုင်) ၀၀၂၂၀၉(ဘ)ဦးညွန့်တင် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေ ရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံမြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ မြေဧရိယာ(၀ဒသမ၀၅၅)ကေ၊ မြေကွက်အမှတ်(ပ-၄၈၂၀)၊ ဒေါ်ချောစု (ဘ)ဦးလှမြင့် ၉/ပမန(နိုင်) ၂၂၄၅၁၁ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်စန္ဒာဝင်း (ဘ)ဦးအောင်မင်းကြည် ၁၃/လလန(နိုင်)၀၇၃၅၀၅မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန် မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာ ချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံ ကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တပညာဝံသ

**သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါ**

ဘုရားတပည့်တို့၏ အနန္တဂိုဏ်းဝင်ကျေးဇူးရှင်ဖြစ်တော်မူသော ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ ရေတာရှည်လမ်းသစ်၊ မန္တလေးကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဖြစ်တော်မူသော ဘဒ္ဒန္တပညာဝံသ မထေရ်မြတ်ကြီးသည် (၁၃၈၃ခုနှစ် တပို့တွဲလဆန်း ၄ရက်) ၁၅-၂-၂၀၂၂ရက် (တနင်္လာနေ့) ည ၁၀:၄၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၃ ခုနှစ် တပို့တွဲလဆန်း ၈ရက်) ၁၉-၂-၂၀၂၂ရက်တွင် အန္တိမအဂ္ဂိစျာပန ပူဇော်သဘင်ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့် သံဃာ၊ ဒါယကာ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**တပည့် သံဃာ၊ ဒါယကာ ဒါယိကာမများ**

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှလှ

**အမက(၉) ယိုးဒယားကုန်း မူလတန်းကျောင်း(ငြိမ်း)**

**အသက်(၈၃)နှစ်**

ပုသိမ်မြို့၊ အမှတ်(၂)နယ်မြေ၊ အိမ်အမှတ် (၉၂၃/က)၊ ယိုးဒယားကုန်းလမ်း၊ (ဦးချစ်မောင်)၏ဇနီး၊ ဦးချစ်ဝေ-ဒေါ်သန်းနွဲ့၊ (ဦးမြင့် ဆွေ- ဒေါ်လှသိန်း)၊ ဦးထွန်းတင်-ဒေါ်ကျင်ဌေး၊ ဦးသန်းနိုင်-ဒေါ်ဆီကြွယ်၊ ဒေါ်စိုးစိုးရီ(ပုသိမ်ပညာရေးဒီဂရီကောလိပ်)၊ ဗိုလ်မှူး အောင်ဝင်း - ဒေါ်မိုးမိုးသူ(ကွန်ပျူတာ တက္ကသိုလ်၊ ပုသိမ်)၊ ဦးတင်လှဝင်းဌေး-ရဲမှူးချိုချိုထွေး(ရောဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး)တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၆-၂-၂၀၂၂ရက်(အင်္ဂါနေ့) နံနက် ၇:၃၀နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၁၈-၂-၂၀၂၂ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ သစ်ရောင်းချောင်း မီးသင်္ဂြိုဟ်စက်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်တင်ရီ

**အသက်(၇၉)နှစ်**

ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ဦးအောင်ဝေဖြိုး (လက်ထောက်ညွှန်ကြားရေးမှူး)၏မိခင် ဒေါ်တင်ရီသည် ၁၆-၂-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၁:၁၅နာရီတွင် မုံရွာမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း/အမှုထမ်းများ**
**နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန**

---

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက် ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြု ခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာ စွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက် ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီ ရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲ ခြင်း၊ ဝန်အားမမျှခြင်း စသည့် အန္တရာယ်ရှိသည့် အစိတ် အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင် ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသော နေရာ၊ အပူဒဏ်မခံစားရသော နေရာများတွင် သေချာစွာ သိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ် သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေ ထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်း များ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာ စစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှ သေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှ ထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက် အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေး ကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့် သင်ကြားပါ။ နေအိမ်ရှိ လူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်း ရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေ့ါပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံး ထားရှိဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက လက်ရှိနိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

သတင်းစာရှင်းလင်းပွဲမစတင်မီ တက်ရောက်လာကြသူများအား COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် တာဝန်ရှိသူများက လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများ ဆောင်ရွက်ပေးပြီး သတ်မှတ်အကွာအဝေးအတိုင်း နေရာချထားပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက ရှင်းလင်းပြောကြားရာတွင် တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအပေါ် စိစစ်တွေ့ရှိချက်များ ထုတ်ပြန်၍ တာဝန်ရှိသူအဆင့်ဆင့် ဖြေရှင်းပေးနိုင်ရေး လုပ်ထုံး၊ လုပ်နည်း၊ ဥပဒေများနှင့်အညီ ဆောင်ရွက်ခဲ့သည့်အခြေအနေများ၊ ဖေဖော်ဝါရီ ၁ ရက်နေ့တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးပြုလုပ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ

*စာမျက်နှာ ၁၁ ကော်လံ ၁* ❐



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ် ဇော်မင်းထွန်း သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားစဉ်။

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၆ -၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၅-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၆-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၁၁၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၂၂) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၇၇,၉၁၆) အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၆၅၉) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃၉၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၀,၈၅၉) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၁၉၂) ဦး ရှိပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့်သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ဖိအားကင်းကင်းနှင့် ရင်ဆိုင်လာမည့် မန်စီးတီးအသင်းကို အဲဗာတန်အသင်း ဘယ်လိုရင်ဆိုင်သွားမလဲ

**ပရီမီယာလိဂ်ပွဲကျန်နှစ်ပွဲဖြစ်သည့် ဘန်လေနှင့် ဖူလ်ဟမ်၊ အဲဗာတန်နှင့် မန်စီးတီးအသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် ကျင်းပသွားမည်ဖြစ်သည်။ ပရီမီယာလိဂ်ပွဲစဉ် ၂၄ ယှဉ်ပြိုင်ကစားအပြီးတွင် မန်စီးတီးအသင်းက ရမှတ် ၅၃ မှတ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက် ဦးဆောင်ထားသည်။**

ပရီမီယာလိဂ်ပွဲစဉ် (၁၇) မှ ပွဲကျန်ဖြစ်သည့် ဘန်လေနှင့်ဖူလ်ဟမ်အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် အစောပိုင်းတွင် ဘန်လေအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ဘန်လေအသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ပွဲစဉ်တွင် ဂွဒ်မွန်ဆန်၊ ရိုဒရီဂွက်ဇ်၊ လိုတန်တို့၏ သွင်းဂိုးများနှင့်အတူ သုံးဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး နောက်ဆုံး ငါးပွဲတွင် သုံးပွဲအထိ ရှုံးနိမ့်ထားခြင်းကြောင့် ခြေစွမ်းအကျဘက် ရောက်နေသည်ဟု ဆိုနိုင်သည်။ အမှတ်ပေးဇယားမှာလည်း ၂၃ ပွဲကစားပြီး ၂၆ မှတ်ဖြင့် တန်းဆင်းဇုန်

*စာမျက်နှာ ၁၂ ကော်လံ ၁* ❍



ပြီးခဲ့သည့်ရာသီက အဲဗာတန်နှင့် မန်စီးတီးတို့ ယှဉ်ပြိုင်ကစားစဉ်။

**တောင်ပေါ်ဒေသဆောက်လုပ်ရေးကုမ္ပဏီတိုးဂိတ်ကောင်တာနှင့် မှန်တံခါးများကို ဆိုင်ကယ်မောင်းနှင်သူတစ်ဦးက သံတုတ်များ၊ ဓါးများဖြင့် ရိုက်နှက်ဖျက်ဆီးထွက်ပြေး** စာ » ၁၂

...............................

**တောင်ကိုရီးယားပြည်သူ ၂၃ သန်း အတွက် နောက်ထပ် ကိုဗစ်- ၁၉ ကာကွယ်ဆေးများ ရယူထား** စာ » ၁၃

...............................

**ဂျပန်နိုင်ငံက တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲကြီးကို လုံခြုံစိတ်ချစွာ ကျင်းပနိုင်ဖို့ ကတိပြုထားသော်လည်း ဆေးပညာရှင်များရဲ့ ရှုထောင့်အရ ဖြစ်လာနိုင်ပါ့မလား** စာ » ၁၄